## အပိုင်း(၆) ခရစ်တော်ပြန်လာခြင်းနှင့်နောက်ဆုံးသောအကြောင်းအရာများ
(The Return of Christ and the Last Things)

### နောက်ဆုံးသောနေ့များအကြောင်း (The Last Days)

ကျမ်းစာက မကြာခဏ နောက်ဆုံးသောနေ့ (သို့) နောက်ဆုံးသောနေ့များ၊ နောက်ဆုံးသောအချိန် ဟူ၍ ပြောတတ်ပါသည်၊ (ကမ္ဘာ ၄၉း၁၊ ယေရှာ ၂း၂၊ မိက္ခာ ၄း၁၊ ယော ၆း၃၉၊ တမန် ၂း၁၇၊ ၂တိ ၃း၁၊ ဟေဗြဲ ၁း၂၊ ယာကုပ် ၅း၃၊ ၁ပေ ၁း၅၊ ၁ယော ၂း၁၈၊ ယုဒ ၁၈)။ ထို့အပြင် ကမ္ဘာကြီး၏အဆုံး ဆိုသည်မျိုး (သို့) နောက်ဆုံးအချိန် ဆိုသည်မျိုးကိုလည်း ပြောပါသေးသည် (မဿဲ ၁၃း၃၉-၄၀၊ ၁ကော ၁၅း၂၄၊ ၁ပေ ၄း၇၊ ဗျာ ၂း၂၆)။

ထိုသို့ပြောနေသော နောက်ဆုံးသောနေ့ရက်များ (သို့) နောက်ဆုံးသောအချိန် ဆိုသည်မှာအဘယ်နည်း? ၎င်းတို့သည် နီးနေပြီလော? (သို့) အနာဂတ်ဝေးကြီးတွင်လော? ၎င်းတို့က ယနေ့ချိန်အသက်ရှင်နေကြသော ကျွန်တော်တို့နှင့် သက်ဆိုင်ပါသလား? ကမ္ဘာကြီးအဆုံးသတ်မည်ဆိုသည်မှာ အဘယ်နည်း? ထိုမေးခွန်းများကို အဖြေပေးဖို့လိုပါသည်။

ကျမ်းစာက ရှင်းနေအောင်ပြောပြသည်မှာ ဓမ္မသစ်ကာလတခုလုံးသည် နောက်ဆုံးသောအချိန်၊ အဆုံးသတ်အချိန်ဖြစ်ပါသည်။ ထိုအချက်ကို ၁ကော ၁၀း၁၁ တွင်တွေ့ရပါသည်၊ ထိုနေရာတွင် ပေါလုက ကောရင့်မြို့သား ယုံကြည်သူများနှင့်ကျွန်တော်တို့ထံ အဆုံးသတ်များသည် ကျွန်တော်တို့အပေါ် ရောက်နေသည်ဟု ပြောပြပါသည်။ (ဆရာယုဒသန် မြန်မာကျမ်းစာတွင် ရှင်းရှင်းလင်းလင်းမမြင်ရသဖြင့်၊ မူရင်းမှ ဘာသာပြန်ထည့်ပေးလိုက်ပါသည် ၁ကော ၁၀း၁၁ "ယ္ခုတွင် ထိုအရာအားလုံး သူတို့ထံ ဖြစ်ပျက်ခဲ့သည်မှာ ဥပမာများအတွက် ဖြစ်သည်၊ ထို့အပြင် ထိုအရာများကို ရေးသားမှတ်တမ်းတင်ရသည်မှာ၊ ကမ္ဘာ၏အဆုံးသတ်များ၌ ရှိနေသော ငါတို့ကို သတိပေးဆုံးမရန်ဖြစ်သည်။") ထို့အတူ ဟေဗြဲ ၉း၂၆ ကလည်း ကမ္ဘာ၏အဆုံးသတ်တွင် ခရစ်တော်လာရောက်ကာ မိမိကိုယ်မိမိယဇ်ပူဇော်ခြင်းဖြင့် အပြစ်များကို ဖယ်ရှားပေးပါသည်ဟု ပြောပါသည်။ (ဤနေရာတွင်လည်း မူရင်းမှဘာသာပြန်ခြင်းက ဆရာယုဒသန်မြန်မာကျမ်းစာထက် ရှင်းသဖြင့် ဖေါ်ပြပေးလိုက်ပါသည် ဟေဗြဲ ၉း၂၆ "ထိုသို့သာဆိုလျှင်၊ သူသည် ကမ္ဘာတည်သည် ကာလမှ ကြိမ်ဖန်များစွာ ခံရမည်ဖြစ်သည်၊ သို့သော် ကမ္ဘာကြီး၏အဆုံးတွင် တကြိမ်သာ၊ အပြစ်ကို ဖယ်ရှားပစ်သောယဇ်အဖြစ် မိမိကိုယ်မိမိ ယဇ်ပူဇော်ရန် ရောက်ရှိလာပါသည်။") (ဤကျမ်းပိုဒ်များတွင်လည်းတွေ့နိုင်ပါသည်၊ ဟေဗြဲ ၁း၁၊ ၁ပေ ၁း၅၊၂၀၊ ၄း၇၊ ၁ယော ၂း၁၈)။

ခရစ်တော် ဒုတိယအကြိမ်ကြွလာမည့်အချိန်၊ ပြီးနောက် ကြီးသောတရားစီရင်ခြင်းပြုမည့်အချိန်တို့ကို ကမ္ဘာကြီး၏ အဆုံးသတ်ဟုခေါ်ခြင်း(မာကု ၁၃း၇)၊ သူကြွမလာခင်အချိန်ကလေးကို "နောက်ဆုံးသောနေ့ရက်များ"ဟု ခေါ်ခြင်းသည်(၂တိ ၃း၁)တို့သည် ကျမ်းစာနှင့်မညီသောအရာ မဟုတ်သော်လည်း၊ ၎င်းသည် သီးသန့် နောက်တချိန်ကို ရည်ညွှန်းသည်မဟုတ်ပါ၊ သို့သော် ဓမ္မသစ် အချိန်ကာလ၏ တစိတ်တပိုင်းသာဖြစ်ပါသည်။ ကျွန်တော်တို့အသက်ရှင်နေသော ယနေ့အချိန်၊ ဒီကနေ့သည် နောက်ဆုံးဖြစ်ပါသည်။ နောက်ဆက်ဖြစ်လာမည့်အရာများ မကျန်တော့ပါ၊ အသစ်ဖန်ဆင်းခြင်း၊ ကောင်းကင်သစ်နှင့်မြေကြီးသစ်တို့ ရောက်လာဖို့သာ ကျန်ပါတော့သည်။

ယနေ့ချိန်သည် နောက်ဆုံးသောအချိန်များ ဖြစ်နေပြီဆိုလျှင်၊ ကမ္ဘာကြီးသည် နောက်ထပ်နှစ်ထောင်ပေါင်းများစွာ ဆက်ရှိဦးမည်ဟုပြောနေကြခြင်းကို ကျွန်တော်တို့ ယုံကြည်ဖို့ အတော်ခက်ပါသည်။ အဆုံးသတ်နှစ်များသည် အစပျိုးနှစ်များထက်ပိုရှည် ကြာနိုင်ပါမည်လော? ထိုသို့သာဆိုလျှင် အတော်ထူးဆန်းသောအဆုံးသတ်ဖြစ်ပါမည်။

ကျမ်းစာက မျက်မှောက်ခေတ်၏ နှစ်များအားလုံးကို နောက်ဆုံးသောအချိန်ဟု မြင်ရခြင်းမှာ ခရစ်တော် အမြန်ပြန်လာမည်ဟု ကတိပေးထားသောကြောင့်ဖြစ်ပါသည်။ ယ္ခုခေတ်အချိန်များသည် ဘုရားသခင် မိမိ၏အလုပ်တော်ကို ပြီးဆုံးအောင်လုပ်မည့်အချိန်၊ "ဖြောင့်မတ်ခြင်း၌ ၎င်းကိုတိုတောင်းစေမည်"ဟုပြောသောအချိန်ဖြစ်ပါသည် (ရောမ ၉း၂၈)။ (ဤနေရာတွင်လည်း ဆရာယုဒသန် ကျမ်းကိုဖတ်လျှင် ရှင်းမည်မဟုတ်ပါ၊ ထို့ကြောင့် မူရင်းဘာသာပြန်ကို ထည့်ပေးပါသည် ရောမ ၉း၂၈ - "အဘယ့်ကြောင့်ဆိုသော် သူသည် လုပ်စရာကို အပြီးသတ်လုပ်လိမ့်မည်၊ ဖြောင့်မတ်ခြင်း၌ ၎င်းကိုတိုတောင်းစေမည်၊ အဘယ်ကြောင့်ဆိုသော် သခင်ဘုရားသည် မြေကမ္ဘာပေါ်တွင် မကြာသောအလုပ်ကို လုပ်တော်မူမည်ဖြစ်သည်။") ထိုနှစ်ခုသည် ဆက်စပ်နေပါသည်။ ခရစ်တော်အလျှင် အမြန်ပြန်လာမည်ဆိုသည်ကို နှစ်ပေါင်းမည်မျှဟု အရေအတွက်ဖြင့် မတိုင်းတာရပါ။ ထိုသို့မဟုတ်ဘဲ၊ ဘုရားသခင်သည် သူ၏အလုပ်ကို ပြီးဆုံးနေစေပြီဖြစ်သည်၊ ထိုသို့ သူလုပ်စရာရှိသည်ကို ပြည့်ဝစွာလုပ်ပြီးသောအခါ၊ ခရစ်တော်ကို အမြန်ဆုံးပြန်လာစေမည်ဟု နားလည်ရပါမည်။

မျက်မှောက်ခေတ်တချိန်လုံးသည် နောက်ဆုံးသောအချိန် ဖြစ်သည်ဆိုသောအမှန်တရားတွင် အင်မတန် လက်တွေ့ကျသော အနှစ်သာရများရှိနေပါသည်။ ကျွန်တော်တို့သည် အဆုံးသတ်တွင် အသက်ရှင်နေကြသည်၊ အဆုံးသတ်တွင် ဖြစ်ပျက်ကြမည့် အဖြစ်အပျက်များကို စတင်၍ခံစားနေကြရပြီဖြစ်သည် (မဿဲ ၂၄း၃၄)။ ထို့ကြောင့် ကျွန်တော်တို့သည် အဆုံးကိုမျှော်လင့်လျှက် အသက်ရှင်ကြပါသည်၊ အဆုံးသည် ကျွန်တော်တို့နှင့်မဆိုင်၊ ဟိုးအဝေးကြီးတွင်မဟုတ်ပါ၊ ကျွန်တော်တို့နှင့်တကယ့်ကို ပတ်သက် သက်ဆိုင်နေပြီဖြစ်ပါသည် (၁ကော ၁၀း၁၁)။ ထို့ကြောင့် ကျွန်တော်တို့၏မျှော်လင့်ခြင်းသည် ရောက်လာမည့်အရာများတွင်ဖြစ်သည်။ ဤကမ္ဘာထဲတွင်မဟုတ်ပါ၊ ဤကမ္ဘာလောကကြီး၏ အရာဝတ္ထုများတွင် မဟုတ်ပါ။ ၎င်းတို့သည် အဆုံးသတ်သို့ ရောက်နေကြပြီဖြစ်သည်။

ကျွန်တော်တို့သည် ကမ္ဘာကြီး၏နောက်ဆုံးသောနေ့ရက်များတွင် နေနေသည်ဟုသိရခြင်းသည် မည်မျှကြောက်ရွံ့စရာကောင်းသလို၊ မည်မျှ အံ့ဩစရာကောင်းလိုက်ပါသနည်း? ကျွန်တော်တို့သည် နောက်ဆုံးတရားစီရင်ခြင်းနှင့် ကျွန်တော်တို့၏ကယ်တင်ရှင် ပြန်လာမည့်အချိန် နှစ်ခုစလုံးကို လှမ်းမြင်နေရသကဲ့သို့ အမြဲတမ်း ရပ်နေကြပါသည်။ သင်းအုပ်များသည် ထိုတရားစီရင်ခြင်း၏ကြောက်စရာကောင်းခြင်းကို သိနားလည်လျှက် တရားဟောနေကြပါသည်။ ကျွန်တော်တို့အားလုံး သူစိမ်းများကဲ့သို့၊ ဘုရားဖူး ခရီးသွားများကဲ့သို့ အသက်ရှင်ကြပါသည်။ ကျွန်တော်တို့၏လမ်းခရီးသည် မကြာခင် အဆုံးသတ်တော့မည်ကို သိကြပါသည်။ မကြာမီ ထာဝရမြို့တော်ကြီးကို ပထမဆုံးမြင်ရမည့်အချိန်သို့ ရောက်ပါတော့မည်။ ကျွန်တော်တို့သည် အန္တရယ်များသောအချိန်တွင် အသက်ရှင်နေကြသည်ကို သိမှတ်နားလည်ကြပါသည်။ အဆုံးသတ်ချိန်သည် ကျွန်တော်တို့အပေါ် ရောက်နေပြီကို သိကြပါသည်။ သို့သော် ကျွန်တော်တို့ မကြောက်ကြပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ ကယ်လွတ်ခြင်းခံရမည့်အချိန် နီးလျှက်ရှိနေပြီဖြစ်သည်။

## ခရစ်တော်၏ခြားနားသောလာခြင်းအကြောင်း(Different Comings of Christ)

ကျမ်းစာအရ ဓမ္မသစ်ကျမ်းချိန်တခုလုံးသည် နောက်ဆုံးသောအချိန်ဖြစ်သည်ကို ရှင်းပြခဲ့ပြီဖြစ်သည်။ နောက်ဆုံးသောနေ့ (သို့) နောက်ဆုံးသောအချိန် - အဆုံးသတ် - သည် အနာဂတ်တွင်မဟုတ်တော့ပါ၊ ယခုချိန်ပင် ဖြစ်နေပြီဖြစ်သည်၊ ကျွန်တော်တို့အားလုံး မည်သည့်အချိန်တွင် အသက်ရှင်ကြသည်ဖြစ်ပါစေ ထိုအချက်ကို ထည့်တွက်ကြရမည်ဖြစ်သည်။

ခရစ်တော်၏လာခြင်းကို ထိုအချက်မှနေ၍ နားလည်ရမည်ဖြစ်သည်။ ၎င်းသည် သမိုင်း၏အလွန်အရေးကြီးသော အဖြစ်အပျက်ဖြစ်သည်၊ ၎င်းအားဖြင့် အရာအားလုံးကို မိမိတို့အတွက်ခန့်ထားသောအဆုံးသတ်ခြင်းသို့ ရောက်ရှိစေသည်။ ၎င်းသည်အနာဂတ်အတွက်သာ မဟုတ်ပါ၊ မျက်မှောက် ယခုပင် ဖြစ်ပျက်နေပါသည်။

ခရစ်တော်၏လာခြင်းကို ကျမ်းစာက တခုသောအဖြစ်အပျက်အနေနှင့် ပြောလေ့ရှိသည်၊ ဗက်လင်မြို့တွင် မွေးဖွားခြင်းအပါအဝင်၊ တရားစီရင်ခြင်းအတွက် ပြန်လာခြင်း၊ ထိုနှစ်ခုအကြား ဖြစ်ပျက်မည့်အရာအားလုံးကို ထည့်ထားပါသည်။ ထိုအတွက်ကြောင့် ဓမ္မဟောင်းကျမ်းစာမှ ပရောဖက်များက ထိုအဖြစ်အပျက်များကို ရောထွေး၍ ဖေါ်ပြလေ့ ရှိကြခြင်းဖြစ်သည်၊ ကျွန်တော်တို့အတွက်မူ ထိုအဖြစ်အပျက်များသည် နှစ်ပေါင်းထောင်ချီ၍ သမိုင်းတွင်ဖြစ်နေကြသည်ကို မြင်နေရပါသည်။ ဓမ္မဟောင်းမှပရောဖက်များက ထိုအဖြစ်အပျက်များအားလုံးကို ဝိညာဉ်တော်၏မှုတ်သွင်းတော်မူခြင်းဖြင့် အဖြစ်အပျက်တခုအနေနှင့်သာ တွေ့ခဲ့ကြပါသည်။

ထိုဖြစ်ပျက်နေသည့် အရာများအားလုံးသည် တကယ်တမ်းဆိုလျှင် တခုတည်းသော အဖြစ်အပျက်ဖြစ်သည် ဆိုသောအမှန်တရားကပြောချင်သည်မှာ ခရစ်တော်သည် လာလျှက်ရှိနေပါသည်(already coming)ဟုပြောလိုခြင်းဖြစ်သည်။ ကျမ်းစာက ထိုသို့ပင် ပြောပါသည်။ ကျမ်းစာက သူ၏လာခြင်းကို အနာဂတ်တွင် ဖြစ်ပျက်မည့်အရာဟု ပြောနေသော်လည်း၊ သူ၏ကိုယ်ခန္ဓာအားဖြင့် ပြန်လာမည်ကို ကြိုတင်ပြောနေပါသော်လည်း၊ ပို၍ပြောတတ်သောအသုံးအနှုံးမှာ ယခုပင်လာနေပြီ(သဒ္ဒါအသုံးအနှုန်းအရ ပစ္စုပ္ပန်)၊ သမိုင်းတလျှောက် လာနေလျှက်ရှိသည် ဆိုသည့်သဘောနှင့်ဖြစ်သည်။ သူသည် လာနေဆဲဖြစ်သည်၊ သူ၏ကိုယ်ခန္ဓာဖြင့် ပြန်လာခြင်းသည် အဆုံးသတ်တွင်ဖြစ်သည်၊ ဆိုသောစကားစုများက ဗက်လင်မြို့မှ စတင်ခဲ့သော အဖြစ်အပျက်စဉ်ကြီး၏ နောက်ဆုံးအဆင့်ကို ရည်ညွှန်းခြင်းသာဖြစ်ပါသည်။

ထို့ကြောင့် ကျမ်းစာက ခရစ်တော်မွေးဖွားခြင်းကို သူ၏လာခြင်း၏ အစိတ်အပိုင်း တခုအဖြစ်သာ ပြောပြသည် မဟုတ်ပါ၊ အခြားသောအဖြစ်အပျက် များစွာကိုလည်း ခရစ်တော်၏လာခြင်း၏ အစိတ်အပိုင်းများအဖြစ် ပြောပြလေ့ရှိပါသည်။ ထိုအဖြစ်အပျက်များကို အထူးသဖြင့် သုံးမျိုးတွေ့ရပါသည်၊-

(က) ခရစ်တော် ဝိညာဉ်တော်အားဖြင့် လာခြင်း (ယော ၁၄း၁၆-၁၈)။ ဝိညာဉ်တော်ကို သွန်းလောင်းခြင်းသည် ခရစ်တော်လာခြင်း၏ အစိတ်အပိုင်းဖြစ်သဖြင့်၊ တမန်တော်ပေတရုက သူ၏ ပင်တေကုတ္တေနေ့ တရားဟောခြင်းတွင်

ဝိညာဉ် တော်သွန်းလောင်းခြင်းနှင့် ကမ္ဘာကြီး၏အဆုံးတွင် ဖြစ်ပျက်မည့် အကြောင်းအရာများကြား (သွေး၊ မီးတောက်၊ မီးခိုး၊ မှောင်မိုက်ခြင်း)၊ ဆက်နွယ်မှုကို ရှင်းလင်းစွာ ခွဲခြားမနေတော့ပါ(တမန် ၂း၁၆-၂၁)။

(ခ) ယုံကြည်သူတို့ သေဆုံးချိန်တွင် ခရစ်တော်လာခြင်း။ သူကိုယ်တိုင်လာပါသည်၊ ပုဂ္ဂိုလ်အားဖြင့်မဟုတ်ပါ၊ ကိုယ်ခန္ဓာအားဖြင့်လည်း မဟုတ်ပါ။ သို့သော် တကယ်လာပါသည် ၎င်းကို ယော ၁၄း၂-၃ တွင် သေချာ အာမခံထားပါသည်၊ "ငါ့အဘ၏ အိမ်တော်၌ နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲမနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။ ငါသည် သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန် လာပြန်၍၊ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်။" **ထိုအချက်သည် သေဆုံးချိန်တွင်ရရှိသော ကျွန်တော်တို့၏ နှစ်သိမ့်မှု ဖြစ်ပါသည်။** သူ၏ဝိညာဉ်တော်ဖြင့် လာရောက်ခြင်းဖြစ်ပါသည်။ ထို့အပြင် သူ၏အသံကို တရားဟောကြားခြင်း၌လည်း ကြားကြရပါသည်။ ထို့ကြောင့် သူ့နောက်သို့ ကျွန်တော်တို့ လိုက်ကြပါသည် (ယော ၁၀း၂၇)။ ကျွန်တော်တို့ သေဆုံးသည့်အချိန်တွင် ခရစ်တော်သည် သူ၏ဝိညာဉ်တော်ဖြင့် ကျွန်တော်တို့ထံ တိုက်ရိုက်လာရောက်ကာ၊ ကျွန်တော်တို့ကို သူ့ထံ လက်ခံတော်မူပါသည်၊ နှစ်သိမ့်မှုပေးသူအဖြစ် လာခဲ့ပါသည်။ ထို့ကြောင့် သေခြင်းကို ကြောက်လန့်ခြင်းမရှိဘဲ ကျော်လွန်နိုင်ကြပါသည်(ယော ၁၄း၃)။ ထို့ကြောင့် ကျွန်တော်တို့ သေဆုံးချိန်တွင် သူ့ကိုတွေ့ရပါသည်၊ သူ့ထံ ထာဝရ ပျော်ရွှင်စွာ နေထိုင်ကြပါမည်။

(ဂ) ခရစ်တော်သည် ဧဝံဂေလိတရားဟောခြင်းဖြင့် လာပါသည်။ ဧဝံဂေလိအားဖြင့် ခရစ်တော်ကိုယ်တိုင် စကားပြောသည် ဆိုသည့်အချက်သည် ထင်သာမြင်သာဖြစ်ပါသည် (ယော ၁၀း၂၇၊ ဧဖက် ၂း၁၇)။ ထို့ကြောင့် ဧဝံဂေလိအားဖြင့် သူသည် လာပါသည်၊ သူ ရှိနေပါသည်။ မဿဲ ၂၈း၁၉-၂၀ က ထိုအချက်ကို အဓိက ပြောချင်ပါသည်။ ဧဝံဂေလိဟောခြင်းတွင် ကျွန်တော်တို့သည် ခရစ်တော်၏လာခြင်းကို ထည့်တွက်ရပါမည်။

ထိုအချက်အားလုံးက ပြောနေသည်မှာ ခရစ်တော်၏လာခြင်းသည် ကျွန်တော်တို့က လောလောဆယ် ထည့်တွက်စရာ မလိုသော နောင်အနာဂတ်မှ ဖြစ်မည့်အရာသာမဟုတ်၊ ယခုမျက်မှောက်အချိန်တွင်ပင် ရှိနေကာ၊ ထိုအချက်နှင့် မရင်ဆိုင်၍မရ အမြဲတမ်း ထည့်တွက်ရမည့် ကိစ္စဖြစ်သည်ဟု ပြောနေခြင်းဖြစ်ပါသည်။ အမှန်ပြောရလျှင်၊ ခရစ်တော်သည် နေ့တိုင်းလာနေပါသည်။ ကျွန်တော်တို့၏ ဘဝများ အဆုံးသတ်ချိန်တွင်လည်း သူကိုယ်တိုင်လာရောက်ကာ ကျွန်တော်တို့ကို သူ့ထံသို့ လက်ခံလိမ့်ဦးမည်ဖြစ်သည်။

## ခရစ်တော်ပြန်လာခြင်းအကြောင်း (Christ's Return)

ခရစ်တော်၏လာခြင်းတွင် ခြားနားသော ရှုထောင့်မျိုးစုံ ရှိပါသည်ဟု ပြောခဲ့ကြပြီးဖြစ်သည်။ ၎င်းတို့တွင် သူ၏ ဖွားမြင်ခြင်းဖြင့်လာခြင်း၊ ဝိညာဉ်တော်၏ လက်ဆောင်များပေးခြင်းဖြင့်လာခြင်း၊ ဧဝံဂေလိတရားဟောခြင်းဖြင့်လာခြင်း၊ ကျွန်တော်တို့ သေဆုံးချိန်တွင် လာခြင်းတို့ ပါဝင်ကြပါသည်။ ထိုအရာအားလုံးသည် ကယ်တင်ခြင်းအတွက်နှင့် တရားစီရင်ရန်အတွက် လာသည့် ခရစ်တော်၏ တခုတည်းသောလာခြင်းကို ရှုထောင့်မျိုးစုံဖြင့် နားလည်ခြင်းသာဖြစ်သည်ကို ကျွန်တော်တို့ ပြောခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ပြောသောကြောင့် ကမ္ဘာ၏အဆုံးသတ်တွင်လာမည့် ခရစ်တော်၏ပြန်လာခြင်းကို အထူးပြု၍ သီးသန့်ပြောခြင်းမျိုး မဖြစ်နိုင်ပါဟု ဆိုလိုခြင်းမဟုတ်ပါ။ ၎င်းကို ခရစ်တော်၏ ဒုတိယအကြိမ်လာခြင်း (သို့) နောက်ဆုံးလာခြင်းဟု ခေါ်တတ်ကြပါသည်။ ထိုနောက်ဆုံးလာခြင်းသည် သမိုင်းတလျှောက်ဖြစ်ပျက်ခဲ့သည့် ကြီးကျယ်သောအကြောင်းအရာများထဲမှ တခုဖြစ်ပါလိမ့်မည်။ သူ၏ ဖွားမြင်ခြင်း၊ လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်းတို့ကဲ့သို့သော ကြီးကျယ်လှသည့် အဖြစ်အပျက်ဖြစ်ပါမည်၊ အဘယ့်ကြောင့်ဆိုသော် ၎င်းလာခြင်းက ကမ္ဘာ့သမိုင်းကြီးကို အဆုံးသတ်စေမည် ဖြစ်သောကြောင့်ဖြစ်သည်။ ယနေ့ ကျွန်တော်တို့သိနေသော အကြောင်းအရာ၊ အရာဝတ္ထုများအားလုံး၏ အဆုံးသတ်နိဂုံးဖြစ်ပါမည်။

ထိုလာခြင်းသည် ရှုထောင့်မျိုးစုံမှနေ၍ ထူးခြားလှပါမည်။ ကျွန်တော်တို့၏ မျှော်လင့်ခြင်းများအားလုံးအပေါ် သက်ရောက်ပါသည်၊

ခရစ်တော်၏နောက်ဆုံးပြန်လာခြင်းသည် ကိုယ်တိုင်ကိုယ်ကျဖြစ်ပါမည် (မဿဲ ၂၄း၃၀၊ ၁သက် ၄း၁၆)။ ဝိညာဉ်တော်ဖြင့် လာခြင်းမျိုးမဟုတ်၊ သူ၏ကိုယ်စားလှယ်ဖြစ်သူ သင်းအုပ်ဆရာ၏ဟောပြောချက်ဖြင့် လာခြင်းမျိုး မဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ ပြန်လာပါမည်။ မျက်လုံးတိုင်းက သူ့ကို မြင်ရပါမည် (ဗျာ ၁း၇)။ သူ့အားဖြင့် ဘုရားသခင့် အဖြစ်တော်အလုံးစုံကို ကိုယ်ခန္ဓာ၌ အပြည့်အဝ ဖော်ပြမည်ဖြစ်သည် (ကောလောသဲ ၂း၉)။ ဘုရားသခင်၏ ကိုယ်စားလှယ် အနေနှင့် ခရစ်တော်သည် တကမ္ဘာလုံးကို ဖြောင့်မတ်ခြင်းနှင့် တရားစီရင်မည်ဖြစ်သည် (တမန် ၁၇း၃၁)။ ထို့အပြင် သူ့လူ

များကို ထာဝရဘုန်းကျက်သရေသို့ လက်ခံမည်ဖြစ်သည်။ ထို ကိုယ်တိုင်ကိုယ်ကျ ပြန်လာခြင်းသည် ကျွန်တော်တို့ မျှော်လင့်ခြင်း၏ အဓိကထားသောအချက်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့သည် သူ့ကိုသာ မြင်ချင်၍ မျှော်နေကြခြင်းဖြစ်ပါသည်။

ခရစ်တော်၏နောက်ဆုံးပြန်လာခြင်းသည် မြင်ရမည်ဖြစ်သည် (တမန် ၁း၁၁)။ အမှန်ပြောရလျှင် သူ၏နောက်ဆုံး ပြန်လာခြင်းကို လူတိုင်းကမြင်ရပါမည်၊ သူ့ကိုထိုးသတ်သူများပင်မြင်ရပါမည် (ဗျာ ၁း၇)။ ကျမ်းစာက သူ၏နောက်ဆုံးပြန်လာခြင်းကို "ခရစ်တော်၏ဖွင့်ပြခြင်း" (သို့) "ခရစ်တော်ပေါ်ထွက်လာခြင်း"ဟုဖေါ်ပြပါသည် (၂သက် ၁း၇၊ ၁တိ ၆း၁၄၊ ၁ပေ ၁း၇)။ သခင်ယေရှုသည် ကျွန်တော်တို့ထံ မြင်နိုင်သောအဖြစ်နှင့် လာရပါမည်၊ အဘယ့်ကြောင့်ဆိုသော် သူမပါလျှင် ကျွန်တော်တို့ ဘုရားသခင့်ရှေ့တွင် စိတ်ချလက်ချ မရပ်ရဲကြ၍ ဖြစ်ပါသည်။ ထို့အတူ သူသည် ကမ္ဘာလောကကြီး ရှေ့မှောက်၌လည်း လက်ဝါးကပ်တိုင်တွင် အသေခံခဲ့သူအဖြစ် မြင်နိုင်သောအဖြစ်နှင့် လာရပါမည်။ ထို့ကြောင့် ကျမ်းစာက ဤနောက်ဆုံးပေါ်ထွက်လာခြင်းကို ခရစ်တော်၏ဒုတိယအကြိမ်ပြန်လာခြင်းဟု ပြောခြင်းဖြစ်သည် (ဟေဗြဲ ၉း၂၈)၊ သခင်ယေရှု၏လာခြင်းတွင် အခြားသောရှုထောင့်များမရှိ၍ မဟုတ်ပါ၊ အဘယ့်ဆိုသော် ဗက်လင်မြို့တွင် ကလေးငယ်ကလေးအဖြစ် လာခြင်း၊ ကမ္ဘာကြီး၏အဆုံးသတ်တွင် ပြန်လာခြင်း ထိုနေရာများ၌သာ ကိုယ်တိုင်ကိုယ်ကျ၊ မြင်ရသော အခြေအနေနှင့် လာသောကြောင့်ဖြစ်ပါသည်။

နောက်ဆုံးအနေနှင့်၊ ခရစ်တော် အရာခပ်သိမ်း၏အဆုံးသတ်တွင် လာခြင်းသည် တန်ခိုးသြဇာနှင့် ဘုန်းကျက်သရေ အပြည့်နှင့် ဖြစ်ပါမည် (မဿဲ ၂၄း၃၀၊ ၂၅း၃၁)။ သူ၏ဒုတိယလာခြင်းသည် ပထမလာခြင်းနှင့်ကွာပါသည်၊ အဘယ့်ကြောင့်ဆိုသော် ပထမလာခြင်းသည် အစေခံကျွန်ပုံစံနှင့်ဖြစ်သည်၊ အပြစ်နှင့်ပြည့်သော အသွေးအသားပုံစံဖြင့်ဖြစ်သည်(ရောမ ၈း၃၊ ဖိ ၂း၇)။ နောက်ဆုံးလာခြင်းတွင်မူ သူ့ခမည်းတော်၏ဘုန်းကျက်သရေနှင့်ဖြစ်ပါမည် (မဿဲ ၁၆း၂၇)။ အာရာခပ်သိမ်း၏အဆုံးသတ်တွင် ပြန်လာမည့် တန်ခိုးနှင့်ဘုန်းကျက်သရေနှင့်ပြန်လာခြင်းသည် ဘုရားတရားမဲ့သူတို့အတွက် ကြောက်ရွံ့ထိတ်လန့်စရာဖြစ်ပါမည် (ဗျာ ၁း၇၊ ၆း၁၅-၁၇)။ သို့သော် သူ့လူများအတွက်မူ လိုချင်စရာ၊ သဘောကျစရာဖြစ်ပါသည် (ဗျာ ၁း၃၊ ၂၂း၂၀)။

ခရစ်တော်ပြန်လာမည့် နေ့နှင့်နာရီကိုမူ ကျွန်တော်တို့ မသိနိုင်ကြပါ (လနှင့်နှစ်လည်းမသိနိုင်ပါ)။ သိဖို့လည်း မကောင်းပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုသို့သိနေလျှင်၊ ကျွန်တော်တို့သည် နမော်နမဲ့ဖြစ်လျှင်ဖြစ်၊ မဖြစ်ပါက၊ လောကကြီးကဲ့သို့ဖြစ်၊ မဟုတ်ပါက မျှော်လင့်ခြင်းတို့လည်းမဲ့ ဖြစ်လာနိုင်ပါသည်။ မသိကြသောအခါ၊ ကျွန်တော်တို့သည် စောင့်ကြည့်နေကြသည်၊ ဆုတောင်းကြသည်၊ နိုးနိုးကြားကြားရှိကြပါသည်၊ သန့်ရှင်းခြင်းနှင့် ဘုရားတရား ကြောက်ရွံ့ရိုသေခြင်းထဲတွင် ဆက်လက်နေနိုင်ကြပါသည် (မဿဲ ၂၄း ၄၂-၅၁၊ ၁သက် ၅း၁-၈၊ ၂ပေ၃း၁၀-၁၂)။ ထိုသို့ဖြစ်သော်လည်း သူပြန်ကိုပြန်လာလိမ့်မည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူက ကတိပေးထား၍ဖြစ်ပါသည်။ ကျွန်တော်တို့အသက်ရှင်နေချိန်တွင် ကိုယ်တိုင်ကိုယ်ကျ၊ မြင်ရလျှက် ပြန်မလာခဲ့လျှင်လည်း၊ ကျွန်တော်တို့သည် သူ၏အသံကို ဧဝံဂေလိဟောခြင်းမှ ကြားရပါမည်၊ ကြားလျှက် သူ့နောက်လိုက်ကြပါမည် (ယော ၁၀း၂၇)၊ ထို့အပြင် သူသည် ကျွန်တော်တို့ထံ ဝိညာဉ်တော်ဖြင့် နှစ်သိမ့်ပေးသူအဖြစ်လည်း လာမည်ဖြစ်ပါသည်၊ ထို့နောက် ကျွန်တော်တို့ သေဆုံးချိန်တွင် သူကိုယ်တိုင် ကျွန်တော်တို့ကို သူ့ထံသို့ လာခေါ်ပါမည် (ယော ၁၄း၃)။

## နောက်ဆုံးတခါတည်းသာခရစ်တော်ပြန်လာမည့်အကြောင်း

(One Fianl Coming of Christ)

ကမ္ဘာကြီး၏အဆုံးတွင် သခင်ယေရှုခရစ်တော် ကိုယ်တိုင်ကိုယ်ကျ၊ မြင်ရလျှက် တကြိမ်မကပြန်လာမည်ဟု ယုံသောအဖွဲ့များ ရှိနေပါသည်။ ပရီမေးလ်အဖွဲ့များနှင့် ဒစ်စပင်ဆေးရှင်းအဖွဲ့များအားလုံး(သခင်ယေရှုပြန်လာပြီးမှ နှစ်တထောင်အုပ်စိုးခြင်း စမည်ဟု ယုံကြည်သူများ)က ကျမ်းစာနှင့်ဆန့်ကျင်လျှက်၊ ခရစ်တော်သည် အကြိမ်မြောက်များစွာပြန်လာမည်ဟု သင်ကြပါသည်။ ဤအကြောင်းကို နောက်ပိုင်းတွင် ပို၍အသေးစိတ်ပြောပြပါမည်။

ပရီမေးလ်ဝါဒီများက၊ ခရစ်တော်သည် နှစ်တထောင်အုပ်စိုးခြင်း မတိုင်မှီပြန်လာမည်၊ ထိုနှစ်တထောင် အုပ်စိုးခြင်းသည် ကမ္ဘာကြီး အဆုံးမသတ်ခင်ဖြစ်မည်ဟု သင်ကြသည်။ ထိုပြန်လာခြင်းကို သူတို့က "ချီဆောင်သိမ်းစည်းခြင်း" (ရက်ပ်ချာ = rapture)ဟု ခေါ်ကြသည်။ ထိုချီဆောင်ခြင်းသည် နှစ်တထောင်မစမှီဖြစ်မည်ဟု ပြောကြသည်။ ထိုနှစ်တထောင်ကုန်သော် နောက်တခါ ခရစ်တော်သည် ကိုယ်တိုင်ကိုယ်ကျ၊ မြင်ရလျှက် ပြန်လာဦးမည်၊ တရားစီရင် ရန်ပြန်လာခြင်းဖြစ်မည်ဟု ပြောကြပြန်သည်။ ထို့နောက်မှ ခရစ်တော်က ကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ဖန်ဆင်းမည်။

ဒစ်စပင်ဆေးရှင်းဝါဒီများက ချီဆောင်သိမ်းစည်းခြင်းကို ယုံကြသည်၊ ထို့အပြင် ခရစ်တော်၏ တတိယအကြိမ် ကိုယ်တိုင်ကိုယ်ကျ၊ မြင်ရလျှက် ပြန်လာခြင်းကိုလည်း ယုံကြည်ကြသည်၊ ၎င်းကို "ဖွင့်ပြချက်"(revelation)ဟု ခေါ်ကြသည်။ သူတို့က ထိုပြန်လာခြင်းသည် သူ၏ သန့်ရှင်းသူတို့နှင့် အတူဖြစ်သည်ဟု ပြောကြသည်။ ထိုအချက်ကို သက်သေပြသည့် အနေနှင့် ဒစ်စပင်ဆေးရှင်းဝါဒီများက သက်သာလောနိတ်ဩဝါဒစာ ပထမဆောင် ၃း၁၃ နှင့် ယုဒဩဝါဒစာ ၁၄ ကို သုံးကြပါသည်။ ထိုသွန်သင်ခြင်းက ထိုသို့ ခရစ်တော်လာသောအခါ သူသည် နိုင်ငံတော်တခုကို ယေရုရှလင်မြို့တွင် ဂျူးတို့နှင့်တည်ထောင်မည်ဟုပြောပါသည်။

ကျမ်းစာက ခရစ်တော်သည် လူသားဇာတိခံယူလျှက် လာပြီးသောအခါ၊ နောက်ထပ်တကြိမ်သာ ကမ္ဘာကြီး၏အဆုံးသတ်တွင် ပြန်လာမည်ဟု ပြောပါသည်။ ပရီမေးလ်ဝါဒီများ၏ "ချီဆောင်သိမ်းစည်းခြင်း"နှင့် ဒစ်စပင်ဆေးရှင်းဝါဒီတို့၏ "ဖွင့်ပြချက်"အယူအဆတို့ကို သက်သေပြရန်သုံးသော ကျမ်းပိုဒ်တို့က ခရစ်တော်၏ ကမ္ဘာကြီး၏အဆုံးသတ်တွင် ပြန်လာမည့်အကြောင်းမှလွဲ၍ ဘာကိုမှ ပြောမပြကြပါ။

ယုဒဩဝါဒစာ ၁၄ နှင့် ၁၅ က ခရစ်တော် သန့်ရှင်းသူတို့နှင့်အတူ ပြန်လာခြင်းကို ပြောပြပါသည်၊ သို့သော် **ထိုသို့ပြန်လာခြင်းသည် ကမ္ဘာကြီး၏အဆုံးသတ်တွင် တရားစီရင်ရန်အတွက်ဖြစ်သည်။** "ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့ကို တရားစီရင်တော်မူ၍၊ မတရားသောသူတို့သည် မတရားသဖြင့်ပြုသော အဓမ္မအမှုရှိသမျှတို့၏ အပြစ်ကိုင်၊ မတရားသော လူဆိုးတို့သည် ဘုရားသခင်ကို ပြစ်မှား၍ ပြောသောကြမ်းတမ်းသော စကားရှိသမျှ တို့၏အပြစ်ကိုရင်း ဘော်ပြခြင်းငှါ၊ အတိုင်းမသိ များစွာသော မိမိသန့်ရှင်းသူတို့နှင့်တကွ ကြွလာတော်မူလိမ့်မည်ဟု ပရောဖက်ပြု၍ဟောပြောလေ၏"ဟု **ဖတ်ရပါသည်၊ ထို့ကြောင့် ချီဆောင်သိမ်းစည်းခြင်း မဟုတ်ပါ၊ တရားစီရင်ရန် ပြန်လာခြင်းဖြစ်သည်။ ထိုတရားစီရင်ခြင်းသည် ဖန်ဆင်းထားသောသတ္တဝါ၊ ဖန်ဆင်းခံအားလုံးကို နောက်ဆုံး၊ အဆုံးသတ် တရားစီရင်ခြင်းဖြစ်ကြောင်း အငယ် ၆ နှင့် ၇ အရထင်ရှားနေပါသည်၊ နှစ်ပိုဒ်စလုံးက "တရားစီရင်ခြင်းနေ့ရက်ကြီး"ဟုပြောပါသည်။ ထို့အပြင် သောဒုံနှင့်ဂေါမောရမြို့နှစ်မြို့ မီးလောင်ခြင်းဖြင့် ပျက်စီးပုံသည် နောက်ဆုံးသောတရားစီရင်ခြင်းကို သင်္ကေတနိမိတ်လက္ခဏာ ပြနေပါသည်။ (၂ပေ ၂း၆ ကိုလည်း ကြည့်နိုင်ပါသည်)**

ခရစ်တော် သန့်ရှင်းသူများနှင့်အတူပြန်လာသည့်အကြောင်း ပြောသည့်နေရာမှာ ၁သက် ၃း၁၃ ဖြစ်ပါသည်၊ ချီဆောင်သိမ်းစည်းခြင်းအတွက်သုံးသော တကယ့်ကျမ်းပိုဒ်မှာ ၁သက် ၄း၁၅-၁၈ ဖြစ်ပါသည်။ ၎င်းတို့ကလည်း ခပ်သိမ်းသောအရာတို့၏ အဆုံးသတ်နိဂုံးအကြောင်းကိုသာ ပြောပြနေကြပါသည်။ ထိုကျမ်းပိုဒ်များတွင်ဖေါ်ပြသော ခရစ်တော်၏ ပြန်လာပုံမှာ၊ ထရမ်းပက်မှုတ်သံနှင့်အတူ ဖြစ်သည်၊ ၎င်းကို အခြားနေရာ၌ "နောက်ဆုံးသော ထရမ်းပက်မှုတ်ခြင်း"ဟု ဖေါ်ပြပါသည် (၁ကော ၁၅း၅၂)။ ထို့ကြောင့် ၎င်းကို နှစ်ပေါင်းတထောင်က ဆက်မလိုက်ပါ၊ အဆုံးဖြစ်သည်။

ထို့အတူ ၁သက် ၃ နှင့် ၄ တို့က သခင်ဘုရား၏ပြန်လာခြင်းကို ပြောကြသည့်အခါ၊ သန့်ရှင်းသူများ၏ ခရစ်တော်နှင့်အတူ ထာဝရဘုန်းတော်ဝင်စားခြင်းက ဆက်လိုက်ပါသည်ဆိုခြင်းကို ရှင်းစွာသဘောပေါက်အောင် ရေးသားကြပါသည်။ "သခင်ဘုရားနှင့်အတူ အစဉ်မပြတ်(ထာဝရ)နေရကြလိမ့်မည်"ဟုပြောထားပါသည်၊ (၁သက် ၄း၁၇၊ ဗျာ ၂၁း၃၊ ၂၂း၄)။ ၁သက် ၃ နှင့် ၄ တွင်ဖေါ်ပြသော ခရစ်တော်၏ပြန်လာခြင်းကို နှစ်ပေါင်းတထောင်က ဆက်မလိုက်ပါ။

နောက်ဆုံးအနေနှင့် ချီဆောင်သိမ်းစည်းခြင်းနှင့် နောက်ဆုံးသောတရားစီရင်ခြင်းကို ဆက်စပ်ထားသော ကျမ်းပိုဒ်အများရှိပါသည်။ သို့သော် နောက်ဆုံးသောတရားစီရင်ခြင်းမတိုင်မှီ နှစ်ပေါင်းတထောင်အဖြစ်အပျက်များရှိမည်ဟု ဆက်စပ်ပေးသော ကျမ်းပိုဒ်များတော့ ရှိမနေပါ။ အထူးသဖြင့် လုကာ ၁၇း၂၈-၃၇ ကိုရည်ညွှန်းချင်ပါသည်။ ထိုကျမ်းပိုဒ်များက သောဒုံမြို့အကြောင်း ပြောနေကြသည်၊ ယုဒ ၇ နှင့်ချိန်ထိုး၍ဖတ်လျှင် ကောင်းသည်၊ ၎င်းက ရှင်းနေအောင် ပြောသည်မှာ သောဒုံမြို့ပျက်ဆီးခြင်းသည် နောက်ဆုံးသောတရားစီရင်ခြင်းကို ပုံဆောင်နေသည့်အကြောင်းဖြစ်သည်၊ "ထာဝရတောက်လောင်သောမီး"ဖြစ်သည်၊ မဿဲ ၂၄း၃၇-၄၁ ကိုလည်းကြည့်နိုင်ပါသည်။

ပြန်လာခြင်းတခုသာ ရှိပါသည်၊ ကယ်တင်ရန်အတွက်နှင့်တရားစီရင်ရန်အတွက် ဖြစ်ပါသည်။ မြန်မြန်ရောက်ပါစေ!

### ခရစ်တော်ပြန်လာခြင်းနိမိတ်လက္ခဏာများအကြောင်း (The Signs of Christ's Coming)

ကျမ်းစာကပြောသည်မှာ ခရစ်တော်၏လာခြင်းသည် အမြဲတမ်း နိမိတ်လက္ခဏာတို့နှင့်တွဲနေလေ့ရှိပါသည်ဟု ဖြစ်ပါသည်။ ထိုသို့ပင် အသွေးအသားဖြင့်လာချိန်ကလည်း ဖြစ်ပါသည် (လုကာ ၁း၁၈-၂၀၊ ၄၁-၄၅၊ ၂း၁၂)။ ထို့ကြောင့် သူပြန်လာချိန်လည်း ထိုသို့ပင်ဖြစ်ပါမည် (မဿဲ ၂၄း၃၊ ၃၀၊ လုကာ ၂၁း၁၁၊ ၂၅)။ ထိုနိမိတ်လက္ခဏာများသည် အရေးကြီးကြသည်၊ မှန်ကန်စွာနားလည် ဖို့အရေးကြီးပါသည်။

နိမိတ်လက္ခဏာများကို အုပ်စုလိုက်ခွဲ၍ပြောပြနိုင်ပါမည်။ ဖန်ဆင်းခြင်းထဲတွင်ဖြစ်သော နိမိတ်လက္ခဏာများ (မသဲ ၂၄း၇၊ ၂၉)၊ သမိုင်းထဲတွင်ဖြစ်သော နိမိတ်လက္ခဏာများ (မသဲ ၂၄း၆-၇)၊ အသင်းတော်ထဲ၌ဖြစ်သော နိမိတ်လက္ခဏာများ (ငယ် ၁၀-၁၆)။ အချို့သောနိမိတ်လက္ခဏာတို့သည် "ဝမ်းနည်းရခြင်း၏အစပျိုး"မျှသာဖြစ်သည်(ငယ် ၅-၈)၊ အချို့တို့မှာမူ အဆုံးသတ်အချိန်များကို ရှင်းလင်းစွာပြောပြကြသည်(ငယ် ၁၄-၁၆)၊ အချို့နိမိတ်လက္ခဏာများကမူ ခရစ်တော် ကိုယ်တိုင်ကိုယ်ကျ ပြန်လာသည့်အချိန်၌ ဖြစ်မည့်အရာများကို ပြောကြပါသည် (ငယ် ၂၉-၃၁)။

သခင်ယေရှုပြန်လာခြင်းဆိုသည် လှပသောကျမ်းစာ၏ အမှန်တရားနှင့်ပတ်သက်၍ ထိုအချက်များသည် နိမိတ်လက္ခဏာများအပေါ် ကျွန်တော်တို့ အထူးပြုဖေါ်ပြချင်သောအကြောင်းများဖြစ်ကြပါသည်။ မှတ်ထားရမည်မှာ၊ ကျမ်းစာက သူ၏လာခြင်းသည် ဖြစ်ပျက်နေလျှက်ရှိပြီးသောအရာကဲ့သို့ ဖေါ်ပြသည်ကိုဖြစ်သည်။ သူသည် လာလျှက်လမ်းတွင်ရှိနေပါပြီ။

ခရစ်တော်၏လာခြင်းနှင့်ပတ်သက်သည် နိမိတ်လက္ခဏာများသည် အဝေးပြေးလမ်းမပေါ်ရှိ ဆိုင်းဘုတ်များနှင့် မတူကြပါ၊ ထိုဆိုင်းဘုတ်များက ရှေ့တွင်ဘာရှိသည်ကို ညွှန်ပြသောအမှတ်လက္ခဏာများဖြစ်ကြပါသည်။ ခရစ်တော်၏လာခြင်းနှင့် ပတ်သက်သည့် နိမိတ်လက္ခဏာများသည် ရထားတစင်း လာနေခြင်းနှင့် သဏ္ဍာန်တူပါမည်။ ၎င်းရထား၏ဆူးရှသော ဥသြသံ၊ ရထားသံလမ်းပေါ် ခုတ်မောင်းသံတို့သည် ရထားမရောက်ခင်ကပင် ကြိုရောက်လာကြပါသည်၊ ထိုအသံတို့ကို ကြားရသောအခါ၊ ရထားသည်လာ နေပြီဖြစ်သည်ကို သိနိုင်ပါသည်။ ထိုသို့ပင် ခရစ်တော်လာခြင်းကို ပြောပြကြသော နိမိတ်လက္ခဏာများကဆောင်ရွက်ပေးကြပါသည်။

ထို့ကြောင့် ခရစ်တော်ပြန်လာခြင်း၏နိမိတ်လက္ခဏာများကို သူ၏ခြေသံများဖြစ်သည်ဟု ပြော၍ရပါမည်၊ သူလျှောက်လာသဖြင့် နီးလာသည့်အခါ ထွက်ပေါ်နေသောခြေသံများနှင့် တူညီပါသည်။ လူတဦး ကျွန်တော်တို့ဖက်သို့ ဦးတည်လျှက် လမ်းလျှောက်လာသောအခါ၊ နီးလာလေ သူ၏ခြေသံကို ပို၍ကျယ်စွာကြားရလေနှင့်တူပါသည်။ ထိုသို့ပင် ခရစ်တော်၏ပြန်လာခြင်းကို ပြောပြသော နိမိတ်လက္ခဏာများသည်လည်း၊ သူ၏နောက်ဆုံးပေါ်လာခြင်းနှင့်နီးလေ ပို၍ရှင်းလင်းသဲကွဲစွာ ကြားရလေ၊ မြင်ရလေဖြစ်နေပါသည်။

ထိုအချက်သည် ဗျာဒိတ်ကျမ်းထဲပါသည့် အကြောင်းအရာများ တိုးတက်လာပုံ အဓိပ္ပါယ်ဖြစ်သည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ တံဆိပ်များ၊ ထရမ်းပက်မှုတ်ခြင်းများ (တံဘိုးမှုတ်သံများဟု ယုဒသန်ကပြန်သည်)၊ ခွက်ငယ်များ (ခွက်ဖလားများဟု ယုဒသန်ကပြန်သည်)၊ ၎င်းတို့၏ သက်ရောက်မှုများ ပို၍တိုးတက်လာခြင်းကို တွေ့နိုင်သည်၊ ပထမတွင် ကမ္ဘာကြီး၏ လေးပုံတပုံ(ဗျာ ၆း ၈)၊ နောက်မကြာပါ ကမ္ဘာကြီး၏သုံးပုံတပုံသို့ ဖြစ်လာပါသည်(ဗျာ ၈း၇-၁၂)၊ နောက်ဆုံးတွင် တကမ္ဘာလုံးသို့ သက်ရောက်ခြင်း ဖြစ်သွားပါသည် (ဗျာ ၁၆း၃၊ ၄၊ ၁၇)။ နောက်တမျိုးနှင့်ပြောရလျှင် ထိုတံဆိပ်များ၊ ထရမ်းပက်မှုတ်ခြင်များ၊ ခွက်ငယ်များက ခရစ်တော်လာခြင်း၏ နိမိတ်လက္ခဏာများ၊ တရားစီရင်ခြင်း၏နိမိတ်လက္ခဏာများသာ ဖြစ်ကြပါသည်၊ ခရစ်တော်လာချိန်နီးလေလေ၊ သမိုင်းတိုးတက်လာလေလေ ထိုနိမိတ်လက္ခဏာများနှင့် တရားစီရင်ခြင်းများတို့သည် ပို၍ပို၍ သက်ရောက်မှု သိပ်သည်းပြင်ထန်လာလေ ဖြစ်နေကြပါသည်။

ထိုသို့ဆိုသော်လည်း ထိုနိမိတ်လက္ခဏာများသည် ခရစ်တော်၏ခြေသံတို့ထက်မကသော အဓိပ္ပါယ်ရှိနေပါသေးသည်။ ထိုနိမိတ်လက္ခဏာတို့သည် ခရစ်တော်၏လာခြင်းက ဖြစ်ပေါ်လာစေသောနိမိတ်များဖြစ်ကြပါသည်။ ရထားတစင်းလာသောအခါ၊ သူ၏လာခြင်းက အသံမျိုးစုံကို ဖြစ်စေသကဲ့သို့ဖြစ်သည်။ ထို့အတူ ထိုနိမိတ်များသည် ခရစ်တော်က ဖြစ်ပွားစေခြင်းဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် သမိုင်းကြောင်းတခုလုံး၊ ဖန်ဆင်းခြင်းအားလုံးကို ထိန်းချုပ်ကိုင်တွယ်သူ ဖြစ်သောကြောင့်ဖြစ်သည်။ ထို့အတူ အသင်းတော်ကိုလည်း ကိုင်တွယ်ပါသည်။

အရာအားလုံးကို အစိုးရသောဘုရင်၊ အားလုံး၏သခင် အနေနှင့် ခရစ်တော်သည် ထိုအရာအားလုံးကို ဖြစ်ပျက်လာစေသူဖြစ်သည်၊ ကောင်းကင်နှင့်မြေကြီးပေါ် ရှိသမျှ ဖြစ်သမျှတို့ကို သူကသာ ကိုင်တွယ်နေပါသည် (မသဲ ၂၈း၁၈)။ ထိုအချက်သည် ယုံကြည်သူတို့အတွက် အတော်နှစ်သိမ့်စရာကောင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် သူ့အလိုတော် မပါဘဲ၊ ဘာတခုမှ အလိုလို မဖြစ်နိုင်ခြင်းကို နားလည်နေကြ၍ဖြစ်သည်။ မတော်တဆဖြစ်ခြင်း တခုမှမရှိပါ၊ ခရစ်တော်က ဖြစ်ခိုင်းသည်သာ ဖြစ်ကြပါသည်။

ထိုအခါ၊ ထိုနိမိတ်များသည် ခရစ်တော်၏လက်တော်ဖြင့် ဖန်ဆင်းခြင်းတွင်၊ သမိုင်းထဲတွင် ကိုယ်တိုင်ဖြစ်နေစေသည်ကို သက်သေပြနေသောအရာများဟု တွေးလာနိုင်ပါသည်။ သူသည် ကြံသလိုကျသလို ဘာကိုမှမလုပ်ကြောင်း ထိုနိမိတ်များက သက်သေပေးနေကြပါသည်၊ ထိုမှခြားနားစွာ တနေ့ပြီးတနေ့ အရာအားလုံးကို သူတို့အတွက်ထားရှိသော ရည်ရွယ်ချက်အတိုင်း ဖြစ်လာနေစေပါသည်။

ကျွန်တော်တို့ထံနှင့် ကျွန်တော်တို့ပတ်ဝန်းကျင်တွင် ဖြစ်နေသောအရာတို့အပေါ် ထားရှိသော ကျွန်တော်တို့ အမြင်သည် အခြားသူများနှင့် မည်မျှပင်ခြားနားလိုက်ပါသနည်း? ကြောက်ရွံ့လျှက် စိတ်ဓါတ်ပျက်ပြားကြမည့်အစား၊ ကျွန်တော်တို့သည် မျှော်လင့်လျှက် စောင့်နေကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် အရာခပ်သိမ်းက သူ၏တန်းခိုးစွမ်းအားနှင့်လာခြင်းကို ပြောပြနေကြပါသည်။ စစ်ပွဲများအလယ်တွင်၊ ကပ်ဆိုက်ခြင်းများအလယ်တွင်၊ ယုံကြည်ခြင်းကို စွန့်ပစ်နေကြခြင်း အလယ်တွင်၊ လူသားတို့၏နှလုံးသားများ ကြောက်ရွံ့မှုနှင့် ကျရှုံးနေကြချိန်တွင်၊ ကောင်းကင်၏တန်ခိုးတို့ တုန်လှုပ်နေကြချိန်တွင် ကျွန်တော်တို့သည် ခေါင်းကိုမော့ကာ၊ အထက်သို့မျှော်ကြည့်နေကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့၏ကယ်တင်ခြင်းအချိန်သည် နီးကပ်လာ၍ဖြစ်ပါသည်(လုကာ ၂၁:၂၅-၂၈)။

## ချီဆောင်သိမ်းဆည်းခြင်းအကြောင်း (The Rapture)

ချီဆောင်သိမ်းဆည်းခြင်း(ရပ်ချာ) ဆိုသောစကားလုံးသည် ကျမ်းစာတွင်မရှိပါ၊ သို့သော် ခရစ်တော်၏ ရုတ်တရက် မြင်ရလျှက် ပြန်လာခြင်း၊ ထိုအချိန်တွင် သူ၏သန့်ရှင်းသူများကို သူနှင့်လေထဲတွင်တွေ့စုံရန် တိမ်များသို့ ချီဆောင်ခြင်းကို ဖေါ်ပြဖို့ရန် အသုံးပြုနိုင်ပါသည်၊ ထို့အတွက် ကန့်ကွက်ခြင်းမပြုလိုပါ။ ထိုအကြောင်းကို ကျမ်းစာ၌ ၁သက် ၄:၁၅-၁၇ တွင်ဖေါ်ပြပါသည်။ မည်သို့ပင်ဖြစ်ပါစေ ထိုချီဆောင်သိမ်းဆည်းခြင်းသည် တိတ်တဆိတ်ဖြစ်သည်ဟု သင်ခြင်းကိုတော့ ကျမ်းစာနှင့်မကိုက်ညီသဖြင့် ကျွန်တော်တို့ ငြင်းပယ်ကြပါသည်။ ထိုသို့သင်သူများက ဘေးဒဏ်ကြီးကာလမရောက်ခင်၊ ယုံကြည်သူများ ဘေးဒဏ်ကြီးကိုမခံရဖို့ တိတ်တဆိတ်ခေါ်သွားမည်၊ ထို့နောက် နှစ်ပေါင်းတထောင်ကာလသည် ကမ္ဘာကြီးအဆုံးမသတ်မှီ ဖြစ်လာမည်ဟု သင်ပေးကြပါသည်။ ထိုသို့သောသင်ပေးခြင်းကို ၁သက် ၄ က မထောက်ခံပါ၊ ထို့အတူ ကျမ်းစာတခုလုံးကလည်း မထောက်ခံပါ။

ချီဆောင်သိမ်းဆည်းခြင်းသည် တိတ်တဆိတ်မဟုတ်ပါ။ သက်သာလောနိတ်ဩဝါဒစာတွင်ပါသော အဖြစ်အပျက်များသည် တိတ်တဆိတ်ဆိုသောအရာ တခုမှမပါပါ။ ကျယ်စွာအော်သည်ဟု ဖတ်ရသည်၊ ကောင်းကင်တမန် အကြီးအကဲ၏ ကြွေးကြော်ခြင်းအသံ၊ ဘုရားသခင့်ထရမ်းပက်(တံပိုး)မှုတ်သံ စသည်တို့ကို တိတ်တဆိတ်လုပ်၍မရနိုင်ပါ။ တခုသာပြောနိုင်စရာရှိပါသည်၊ ၄င်းမှာ ထိုအဖြစ်အပျက်များသည် လူ့သမိုင်းတလျှောက် ပြုခဲ့သောအသံများထဲမှ အကျယ်လောင်ဆုံး၊ အဆူညံဆုံး၊ တိတ်တဆိတ်ဖြစ်မှုအကင်းဆုံး ဖြစ်ပါသည်။

ထိုအဖြစ်အပျက်ကို ဖေါ်ပြကြသည့် အခြားကျမ်းပိုဒ်များကလည်း ထိုသို့ပင်ဖေါ်ပြကြပါသည်။ မဿဲ ၂၄:၃၀-၃၁ ကလည်း ၁သက် ၄ ကဲ့သို့ပင်မှတ်တမ်းတင်ပါသည်။ ကျမ်းပိုဒ်နှစ်ခုစလုံးက ကောင်းကင်တမန်များ၊ ထရမ်းပက်(တံပိုး)မှုတ်ခြင်း၊ ရွေးကောက်ထားသူများကို ခရစ်တော်ထံစုရုံးစေခြင်းတို့ကို ပြောပြပါသည်။ မဿဲ ၂၄:၃၀-၃၁ က ကမ္ဘာပေါ်မှ လူမျိုးနွယ်တို့ လူသားတော်ကို တွေ့ကြသည့်အခါ ဝမ်းနည်းပက်လက် ဖြစ်ကြမည်ကို ထပ်ထည့်ပါသည်။ တိတ်ဆိတ်ဖြစ်ခြင်း တခုမှမရှိပါ။

၁ကော ၁၅:၅၁-၅၂ ကလည်း သံသယမရှိစွာ ၁သက် ၄:၁၅-၁၇ ကဖေါ်ပြသည်ကိုပင် ထပ်မံဖေါ်ပြပါသည်။ ထိုနေရာတွင်ပြောပြသည်မှာ ချီဆောင်ခံရမည့်အုပ်စု နှစ်စုရှိလိမ့်မည်၊ သေပြီးယုံကြည်သူများနှင့် မသေသေးသော ယုံကြည်သူများ ဖြစ်ကြပါသည်။ မသေသေးသူများကို ကောရင့်ပထမဆောင်က "အိပ်မပျော်သေးသူများ"ဟု သုံးနှုန်းဖေါ်ပြပါသည်။ သက်သာလောနိတ်တွင်မူ ထိုသူတို့ကို ခရစ်တော်လာချိန်ထိ အသက်ရှင်နေသေးသူများဟု ဖေါ်ပြပါသည်။ ကောရင့်ပထမဆောင်ကလည်း ထိုအဖြစ်အပျက်သည် တိတ်တဆိတ်မဟုတ်၊ လူသိရှင်ကြားဖြစ်မည်ဟု ပြောပါသည်။

ထိုကျမ်းပိုဒ်များအားလုံးက တူညီစွာပြောနေကြသည်မှာ၊ ရပ်ချာ(ချီဆောင်သိမ်းဆည်းခြင်း)သည် အရာအားလုံး၏ အဆုံးသတ်တွင်၊ နောက်ဆုံးသောဘေးဒဏ်ကြီးအပြီးတွင် ဖြစ်ပျက်မည် ဆိုသည့်အကြောင်းဖြစ်ပါသည်။ မဿဲ၂၄:၂၉ က "ဘေးဒဏ်ကြီးကာလ၏ နေ့ရက်များပြီးသည်နောက် ချက်ချင်း------"ဟု ပြောပြပါသည်။ ထို့နောက် ကမ္ဘာပေါ်ရှိ လူမျိုးနွယ်အားလုံး ဝမ်းနည်းပက်လက်ဖြစ်ကြသည်ကို ဖတ်ရပါသည်၊ ထိုသို့ ဝမ်းနည်းပက်လက်ဖြစ်ကြရခြင်းသည် ခရစ်တော်ပြန်လာခြင်းနှင့်သက်ဆိုင်ပါသည်၊ ခရစ်တော် ကမ္ဘာကြီး၏အဆုံးသတ်တွင် တရားစီရင်ရန် ပြန်ကြွလာခြင်းကြောင့်ဖြစ်ပါသည်။ ဗျာဒိတ်ကျမ်း ၁:၇၊ ၆:၁၂-၁၇ တို့နှင့် ရှင်မဿဲ ၂၄ ကိုနှိုင်းယှဉ်ဖတ်ကြည့်လျှင် ထိုအချက်ကိုသိနိုင်ပါသည်။

မဿဲ ၂၄:၃၇-၄၁၊ လုကာ ၁၇:၃၆-၃၇ တို့ကလည်း ထိုရပ်ချာ(ချီဆောင်သိမ်းဆည်းခြင်း)သည် နောက်ဆုံးတရားစီရင်ခြင်း မတိုင်ခင်ကလေးတွင် ဖြစ်ပျက်မည်ဟု ထပ်ပြောပြကြပါသည်။ ထိုကျမ်းပိုဒ်များတွင် လူအများချီဆောင်ခံရခြင်း၊ ထွက်ခွာကြခြင်းကို သောဒုံမြို့၌ ဖြစ်ပျက်ခဲ့သည်များ၊ နောဧခေတ်၌ ဖြစ်ပျက်ခဲ့သည်များနှင့် နှိုင်းယှဉ်၍ ဖေါ်ပြကြပါသည်။ နောက်တနည်းပြောရလျှင်၊ ထိုအချိန်နောက်တွင် ထားခဲ့ခြင်းခံရသူများသည် တရားစီရင်ခြင်းခံကြရရန် ထားခဲ့ခြင်းဖြစ်ပါသည်ဟု ပြောနေခြင်းဖြစ်သည်။ သောဒုံနှင့်ဂေါမောရမြို့တို့တွင် ချန်ထားခြင်းခံကြရသူများအတိုင်း ဖြစ်ကြပါ

မည် (ယုဒ ၇)။ နောဧ ခေတ် နောဧ၏သင်္ဘောပေါ်တွင် မပါဘဲ ချန်ထားခြင်း ခံကြရသူများကဲ့သို့ ဖြစ်ပါမည် (၂ပေ ၃း၃-၇)။

ထို့အပြင်၊ ၁သက် ၄ က ကျွန်တော်တို့၏ ကိုယ်ခန္ဓာများ ထမြောက်ခြင်းအကြောင်းကိုလည်း ပြောပြပါသည်။ ထိုအကြောင်းကို ကျမ်းစာတခုလုံးက နောက်ဆုံးသောနေ့ရက်တွင်သာဖြစ်မည်ဟု ပြောပြပါသည်(ယော ၆း၃၉-၄၀၊ ၄၄၊ ၅၄၊ ၁၁း၂၄)။ ထိုနောက်ဆုံး သောနေ့ကို အခြားသောရက်ပေါင်း ၃၆၅၀၀၀ က လိုက်မည်မဟုတ်ပါ။ အထူးသဖြင့် ယော ၁၂း၄၈ တွင် ထိုနောက်ဆုံးသောနေ့ရက်သည် တရားစီရင်သောနေ့လည်း ဖြစ်ပါသည်ဟု ပြောပြပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် နှစ်ပေါင်းတထောင်မတိုင်မီဖြစ်သော၊ ဘေးဒဏ်ကြီးကာလမတိုင်ခင်ဖြစ်သော တိတ်တဆိတ်ရပ်ချာ(ချီဆောင်သိမ်းဆည်းခြင်း)ကို စောင့်မျှော်နေကြခြင်း မဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ အရာခပ်သိမ်း၏အဆုံးသတ်ချိန်တွင် ဖြစ်ပျက်မည့် သန့်ရှင်းသူ(ခရစ်ယာန်အားလုံး)တို့ကို လူသိရှင်ကြား ချီဆောင်သိမ်းဆည်းမည့် ရပ်ချာကိုသာ စောင့်မျှော်နေကြပါသည်၊ ထိုရပ်ချာ၏ရလဒ်မှာ ကျွန်တော်တို့အားလုံး ဘုန်းကျက်သရေရှိစွာ ခရစ်တော်ထံ ထာဝရ နေထိုင်ကြရမည်ဖြစ်ခြင်း ဖြစ်ပါသည် (၁ သက် ၄း၁၇)။

## သခင်ယေရှု၏လာခြင်း – ရုတ်တရက်နှင့်မမျှော်လင့်သောအချိန်တွင်ဖြစ်မည်

(Jesus' Coming: Sudden and Unexpected)

အကယ်၍ ချီဆောင်သိမ်းဆည်းခြင်း(ရပ်ချာ)သည် ကျယ်လောင်သော၊ လူသိရှင်ကြားဖြစ်သော အဖြစ်အပျက်တခုဆိုလျှင် အဘယ့်ကြောင့် ခရစ်တော်၏လာခြင်းသည် ရုတ်တရက်၊ မမျှော်လင့်သောအချိန်တွင် ဖြစ်မည်ဟု ဖတ်ရပါသနည်း? (၁သက် ၅း၁-၉)။ ကျမ်းစာကပြောပါသည်၊ သူသည် "သူခိုးကဲ့သို့ ညအခါလာမည်။" (မဿဲ ၂၄း၄၃၊ ၂ပေ ၃း၁၀၊ ဗျာ ၃း၃၊ ၁၆း၁၅)

ဆိုလိုသောအမှန်တရားမှာ ခရစ်တော်သည် ဘုရားတရား မရှိသေသူများ၊ မယုံကြည်သူများထံသို့သာ မျှော်လင့်မထားသော သူခိုးကဲ့သို့ လာမည်ဟု ပြောခြင်းဖြစ်ပါသည်။ ထိုအချက်ကို ၁သက် ၅း၁-၉ က အတော်ကလေး ရှင်းလင်းစေပါသည်။ ထိုနေရာတွင် ပေါလုက ဘုရားတရားမရှိသေသူများကို "သူတို့"ဟု လိပ်မူပါသည်(၁သက် ၅း၃)၊ ယုံကြည်သူတို့ကိုမူ "သင်တို့"ဟု ခြားနားစွာသုံးပါသည်။ ပေါလုက သက်သာလောနိတ်အသင်းသူ/သားများထံ၊ မလွတ်နိုင်သော ပျက်ဆီးခြင်းသည် "သူတို့"အပေါ်သို့ ရောက်လာမည်ဟု ပြောခြင်းဖြစ်သည်။ ထို့နောက် ချက်ချင်း "သင်တို့အပေါင်းသည် အလင်း၏သား၊ နေ့၏သားဖြစ်ကြ၏။ ညဥ့်၏သား၊ မှောင်မိုက်၏သား မဟုတ်" ထို့ကြောင့် ထိုနေ့သည် သင်တို့အပေါ်သို့ သူခိုးကဲ့သို့ ရောက်လာမည်မဟုတ်ဟု ဆက်ပြောပါသည် (၁သက် ၅း၃-၅ ကို မြန်မာကျမ်းစာတွင် ဆရာယုဒသန် ဘာသာပြန်ခြင်းက သိပ်မရှင်းသဖြင့် ပို၍ကောင်းသောဘာပြန်ကို ထည့်ပေးပါသည်)။

[၁သက် ၅း၃-၅ (ဂျိန်းဘုရင်မူ)

၃ - သူတို့က ငြိမ်းချမ်းခြင်း၊ လုံခြုံခြင်းဟု ပြောကြစဉ်၌ပင်၊ ရုတ်တရက်ပျက်စီးရခြင်းသည် သူတို့အပေါ် ရောက်လာမည်ဖြစ်သည်၊ ကလေးမွေးတော့မည့် အမျိုးသမီးထံ မွေးဖွားခြင်းဝေဒနာ ရောက်လာသကဲ့သို့ဖြစ်မည်၊ သူတို့အားလုံး မလွတ်ရ။

၄ - သို့သော်၊ ညီအကိုတို့ ထိုနေ့က သင်တို့ကို သူခိုးကဲ့သို့ သင်တို့ကို ကျော်နင်းသွားဖို့ သင်တို့သည် မှောင်မိုက်တွင် ရှိကြသည် မဟုတ်ကြပါ။

၅ - သင်တို့အားလုံးသည် အလင်း၏သားသမီးများ ဖြစ်ကြပါသည်၊ နေ့၏သားသမီးများ ဖြစ်ကြပါသည်၊ ငါတို့သည် ညနှင့်ဆိုင်သူများ မဟုတ်ကြပါ၊ မှောင်မိုက်နှင့်ဆိုင်သူများလည်း မဟုတ်ကြပါ။]

လူဆိုးတို့သည် နောက်ဆုံးသောတရားစီရင်ခြင်းနှင့် ခရစ်တော်ပြန်လာခြင်းကို မျှော်လင့်မနေကြပါ။ သူတို့အများစုက သူပြန်လာမည့်အကြောင်းကို ကြားဖူးကြပါသည်၊ ဘုရားသခင်က ကမ္ဘာကြီးကို တရားစီရင်မည်ဟု သိကြပါသည်၊ သို့သော် ၎င်းအမှန်တရားကို သူတို့က မဖြောင့်မတ်ခြင်းနှင့် ကိုင်တွယ်ကြသည် (ရောမ ၁း၁၈)။ သူတို့သည် လှောင်ပြောင်သူများ ဖြစ်ကြသည်ဟု ပေတရုက ပြောပါသည် (၂ပေ ၃း၁-၈)။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏အမျက်ဒေါသကို သူတို့အပေါ် ချက်ချင်းမသွန်းလောင်း၍၊ သူတို့က ဘုရားသခင်က သူတို့ကို ဘယ်တော့မှ တရားစီရင်မည်မဟုတ်ဟု ထင်နေကြခြင်းဖြစ်သည်။ ထို့အပြင် ယျွချိန်၌ပင် ဘုရားသခင်က သူတို့အပေါ် ပို့နေတော်မူသော တရားစီရင်ခြင်းကို အသိအမှတ်မပြုချင်ကြပါ (အေအိုင်ဒီအက်စ်ရောဂါ၊ ငလျှင်များ၊ ငတ်မွတ်ခေါင်းပါးခြင်းများ၊ စစ်ပွဲများ)။

ထိုသို့သောသူများကို အသင်းတော်တွင်လည်း တွေ့ရပါသည်။ အသင်းတော်တွင် သူတို့သည် မိုက်မဲသော အပျိုစင်ငါးဦးကဲ့သို့ ရှိနေကြပါသည် (မဿဲ ၂၅း၁-၁၃)။ သတို့သား လာသောအခါ၊ သူတို့သည် အိပ်မောကျနေကြသည်၊ သူတို့မီးအိမ်များတွင်လည်း ဆီမရှိပါ၊ ထို့ကြောင့် သူတို့သည် မင်္ဂလာဆောင်ပွဲတွင် ပါဝင်ခွင့်မရကြတော့ပါ။ သူတို့သည် အသင်းတော်တွင် ပါဝင်ကြသည်၊ ယုံကြည်သူများ ဆိုသည့်အမည်ကိုလည်း ရယူထားကြသည်။ သို့သော် သူတို့သည် ဟန်ဆောင်သူများ၊ မယုံကြည်သူများသာ ဖြစ်ကြပါသည်။

ဘုရားသခင်၏လူများကို ထိုဥပမာတော်တွင် ပညာရှိသောအပျိုစင်ငါးဦးဖြင့် ဖော်ပြပါသည်၊ သူတို့ကို သတို့သား ရောက်လာခြင်းက ဘယ်လိုမှ မတုန်လှုပ်စေပါ (ထို့ကြောင့် ချီဆောင်သိမ်းဆည်းခြင်း/ရပ်ချာသည် တိတ်တဆိတ် မဟုတ်ပါဟု ထပ်မံသက်သေပြနေပါသည်)။ သူတို့သည် မပြည့်မစုံဖြစ်သော်လည်း၊ အမြဲတမ်း စောင့်ကြည့်နေကြပါသည်၊ ခရစ်တော်၏လာခြင်းကို စောင့်မျှော်နေကြပါသည်။ ခရစ်တော်သည် သူကတိပေးထားသလို တကယ်ပြန်လာမည်ဟု ယုံကြည်နေကြပါသည်။ ခရစ်တော်လာခြင်းကို မမျှော်လင့်ဘဲ တွေ့ကြုံလိုက်သည်ဆိုခြင်းမှာ မယုံကြည်သောကြောင့်သာ ဖြစ်ပါမည်။ ၁သက် ၅း၄ က သတိရစေသလို၊ ဘုရားသခင်၏လူများသည် မယုံကြည်ခြင်းအမှောင်ထုနှင့် အပြစ်ထဲတွင် ရှိမနေကြပါ။ မည်သို့ပင်ဖြစ်ပါစေ၊ ယုံကြည်သူတို့ကလည်း သူလာမည့် နေ့ရက်၊ နာရီကို မသိကြပါ (မဿဲ ၂၄း၃၆၊ ၄၂၊ ၂၅း၁၃၊ မာကု ၁၃း၃၂)။ ယုံကြည်သူတို့ထံလည်း ခရစ်တော်က "သင်တို့မထင်မမှတ်သော အချိန်နာရီ၌ လူသားသည် ကြွလာလိမ့်မည်"ဟု ပြောခဲ့ပါသည် (မဿဲ ၂၄း၄၄)။

ထို့အတွက်ကြောင့် ကျွန်တော်တို့သည် စောင့်ကြည့်နေကြရန်၊ စောင့်နေကြရန်၊ ဆုတောင်းနေကြရန် အရေးတကြီး တာဝန်ရှိနေကြရခြင်းဖြစ်ပါသည်။ မဿဲ ၂၅း၁၃ က ထိုတာဝန်ကိုပြောပြပါသည်။ ထို့အတူ ၁သက် ၅း၆၊၈ ကလည်း ပြောပြပါသည်၊ "သို့ဖြစ်၍၊ အခြားသော သူတို့သည်အိပ်ပျော်သကဲ့သို့၊ ငါတို့သည် အိပ်မပျော်ဘဲ သမ္မာသတိရှိ၍ စောင့်ကြကုန်အံ့။ ------- နေ့၏သားဖြစ်သော ငါတို့မူကား၊ သမ္မာသတိရှိကြကုန်အံ့။ ယုံကြည်ခြင်း၊ ချစ်ခြင်းတည်းဟူသော ရင်အုပ်တန်ဆာကိုဝင်း၊ ကယ်တင်ခြင်းသို့ ရောက်မည်ဟု မြော်လင့်ခြင်းတည်းဟူသော သံခမောက်လုံးကိုဝင်း၊ ဝတ်ဆောင်ကြကုန်အံ့။"

ထိုသတိပေးခြင်းသည် လိုအပ်လှပါသည်။ ပညာရှိသောအပျိုစင်ငါးဦးသည်လည်း မင်္ဂလာဆောင်သူတို့သားလာသောအခါ၊ အိပ်ပျော်လျှက်ရှိကြပါသည် (မဿဲ ၂၅း၅)။ သူတို့မီးအိမ်များထဲတွင် ဆီရှိပါသည် (ကျမ်းစာတွင် သန့်ရှင်းသောဝိညာဉ်တော်ကို ဆီဖြင့် ပုံဆောင်သည်)၊ သို့သော် သူတို့ကိုယ်တိုင်မှာမူ အိပ်ပျော်နေကြသည်။ ထိုအချက်ကို စိတ်ထဲတွင်ထားလျှက် သခင်ယေရှုက တနေရာတွင် "လူသားသည် ကြွလာသောအခါ ယုံကြည်ခြင်းကို မြေကြီးပေါ်မှာ တွေ့မည်လော"ဟု ပြောရခြင်းဖြစ်သည် (လုကာ ၁၈း၈)။ ထိုသို့ပြောခြင်းသည် ပြင်းပြင်းထန်ထန်ဆုတောင်းပါ၊ မကြာမကြာဆုတောင်းပါဟု ပြောဆိုခြင်းနှင့်ဆက်စပ်၍ ပြောခြင်းဖြစ်သည်။

ထိုသတိပေးခြင်းသည် ကျွန်တော်တို့အတွက် လိုအပ်လှပါသည်၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့သည်လည်း ခရစ်တော် မည်သည့်အခါတွင်မှ မလာတော့မည့်ပုံစံနှင့် အသက်ရှင်တတ်ကြ၍ဖြစ်ပါသည်။ ခရစ်တော်လာမည်ဖြစ်သည်၊ ထို့ကြောင့် သူ၏လာမည်ဖြစ်ခြင်းက ယခုချိန်တွင် ကျွန်တော်တို့ကို တုန်လှုပ်ချောက်ချားမှုမဖြစ်စေသင့်ပါ။ ထို့ကြောင့် ကျွန်တော်တို့သည် စောင့်ကြည့်နေကြပါမည်၊ ဆုတောင်းနေကြရပါမည်၊ ထိုသို့ဖြင့် ကျွန်တော်တို့သည် ဖြားယောင်းသွေးဆောင်ခြင်းသို့ မဝင်ရောက်ဘဲ နေနိုင်ကြပါမည်။

## ခရစ်တော် အလျှင်အမြန်လာမည်ဆိုသည့်အကြောင်း (Jesus' Quick Coming)

သခင်ခရစ်တော်က "ငါအမြန်ပြန်လာမည်"ဟုပြောသောအခါ ဘာကိုဆိုလိုပါသနည်း?(ဗျာ ၂၂း၇၊ ၁၂၊ ၂၀)။ ထိုကတိတော်ကို ခရစ်တော်ပြောဆိုခဲ့သည်မှာ နှစ်ပေါင်းနှစ်ထောင်ခန့်ရှိနေခြင်းက ထိုမေးခွန်းကို အထူးတလည်အရေးပါသော မေးခွန်း ဖြစ်လာစေပါသည်။

ဘုရားသခင်ကို မကြောက်ရွံ့မလေးစားသူများ၊ လှောင်ပြောင်ချင်သူများက ထိုမျှကြာနေခြင်းသည် သူပြန်မလာတော့မည့် သက်သေပင်ဖြစ်ကြောင်း ပြောနေကြပြီဖြစ်သည်(၂ပေ ၃း၃-၄)။ မည်သို့ပင်ဖြစ်ပါစေ၊ သူသည် ဘယ်တော့မှ မလိမ်သော ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ကျွန်တော်တို့ ယုံကြည်ကြသဖြင့်၊ သူ၏ပြန်လာခြင်းအတွက် ကျွန်တော်တို့သည် ဆက်လက်ဆုတောင်းနေကြပါသည်၊ မျှော်လင့်နေကြဆဲဖြစ်ပါသည်။ သို့သော်၊ ကျွန်တော်တို့ စိတ်ဓါတ်မကျကြဖို့ရန်၊ ထိုစကားစု၏အဓိပ္ပါယ်ကို စမ်းစစ်ကြရပါမည်။

ကျွန်တော်တို့ ယခင်ကပြောခဲ့ပြီးကြသလို၊ ခရစ်တော်သည် အမြဲတမ်းလာလျှက်ရှိနေပါသည်၊- ပြစ်ဒဏ်စီရင်ခြင်းများခြင့်၄င်း၊ ဧဝံဂေလိတရားဟောကြားခြင်းအားဖြင့်၄င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုနှင့်ရှိနေပေးမှုတို့ဖြင့်၄င်း၊ လူတိုင်းထံ သေသည့်အခါ၊ ကိုယ်တိုင်ကိုယ်ကျ လာရောက်လျှက်၄င်း - ဖြစ်ပါသည်။ ထိုခြားနားသော လာခြင်း

များအားလုံးတွင် သူသည် ဆုလာဘ်များနှင့်အတူ လာပါသည်၊ လူတိုင်းကို သူတို့၏အလုပ်နှင့်အညီ ဆုချပါသည် (ဗျာ ၂၀း၁၂၊ ၂၂း၁၂)။

မည်သို့ပင်ဖြစ်ပါစေ၊ ဗျာ ၂၂ က အလွန်ရှင်းစွာပြောပြသလို၊ သူမြန်မြန်ပြန်လာမည်ဟုပြောသောအခါ၊ သူ၏ နောက်ဆုံး၊ ကိုယ်တိုင်ကိုယ်ကျဖြစ်သော၊ မြင်ရလျှက်ဖြစ်သော ပြန်လာခြင်းကို ပြောနေခြင်းဖြစ်ပါသည်။ ထိုနေရာတွင် လည်း သူသည် ကျွန်တော်တို့ထံ ပေးထားသောကတိကို အကောင်အထည်ဖော်ပါသည်။

မြန်မြန်ပြန်လာမည်ဟု ပြောခြင်း၏အဓိပ္ပါယ်မှာ၊ ပထမအနေနှင့်၊ သူသည် သူ၏လူများကို မိမိထံခေါ်ယူဖို့ လို အပ်သည်ထက် တချက်ကလေးမှပိုမို၍ ဆိုင်းမနေဘဲ လာမည်ဟုဆိုလိုခြင်းဖြစ်သည်။ အရာခပ်သိမ်း အဆင်သင့်ဖြစ် သည်နှင့် တပြိုင်နက်၊ သူသည် သူ့ဖခင်၏ ဘုန်းကျက်သရေအပြည့်နှင့် ပြန်လာမည်၊ အရာအားလုံးကို အသစ်ပြန်ဖြစ် စေပါမည်။

ထိုအချိန်အတွက် အချိန်ဇယားကို ဘုရားသခင့်ရည်ရွယ်ချက်မှနေ၍ ကြည့်ရပါမည်။ ဘုရားသခင်သည် အစိုးရ တော်မူစွာ အရာအားလုံးကို ကြိုတင်ခွဲခန့်မှတ်သားထားပါသည်။ ထိုအထဲတွင် ခရစ်တော်ပြန်လာမည့်အချိန်လည်း ပါနေ ပါသည်။ ထိုအချက်နှင့်ဟန်ချက်ညီစွာ၊ အရာအားလုံးအပေါ် ရည်ရွယ်ထားရှိထားခြင်းများကိုလည်း ထိုအချိန်နှင့်အကိုက် ပြည့်စုံဖြစ်ပျက်လာရန် ချိန်ညှိထားပါသည်။ သမိုင်းထဲတွင်ဖြစ်ပျက်မည့် ထိုအချိန်ရောက်သောအခါ၊ သူရွေးကောက်ထား သူတို့ထံ ချမှတ်သော ဘုရားသခင်၏ရည်ရွက်ချက် ပြီးမြောက်ပါမည်၊ သူတို့ထဲမှ နောက်ဆုံးတယောက်သည် ပြောင်းလဲ ယုံကြည်လာမည်ဖြစ်သည် (၂ပေ ၃း၉)။ ဘုရားတရားမရှိသေသူများနှင့် မယုံကြည်သူများအပေါ် ဘုရားသခင် ထားရှိ သော ရည်ရွယ်ချက်များသည်လည်း ထိုအချိန်တွင် ပြီးဆုံးကြမည်။ တချိန်ထဲတွင် ရွေးကောက်ထားသူများအားလုံး ကယ် တင်ခြင်းရကြမည်၊ ထို့အတူ ဘုရားတရားမရှိသေသူများ၊ မယုံကြည်သူများအတွက် တိုင်းတာထားသော ဆိုးယုတ်ခြင်း ခွက်များလည်း ပြည့်ကြမည်၊ ဘုရားသခင့် တရားစီရင်ခြင်းခံကြရရန် ရင့်မှည့်နေကြပါမည် (ကမ္ဘာ ၁၅း၁၆၊ ဆာလံ ၇၅း၈၊ ဗျာ ၁၄း၁၀၊ ၁၅-၂၀)။

ထိုအချိန်တွင် ခရစ်တော်လည်း လာရောက်မည်ဖြစ်ပါသည်။ မကြာမှီလေးအချိန်တွင်တော့ လာဦးမည်မဟုတ် ပါ၊ ထိုသို့ဆိုလျှင် စောလွန်းနေမည်ဖြစ်ပါသည်၊ သို့သော် နောက်ကျပြီးမှလည်း လာမည်မဟုတ်ပါ။ ထိုအခြေအနေများ အားလုံးတွင် သူသည် သူ၏ကောင်းကင်ဘုံ၌ရှိသော ခမည်းတော်၏အလိုတော်ကို အကောင်ထည်ဖော်ခြင်းသည် သူ၏ အစားအစာပင် ဖြစ်နေပါသည်။

ခရစ်တော်သည် ဤရှုထောင့်မှနေ၍လည်း မြန်မြန်လာနေပါသည်၊- သူသည် ကမ္ဘာ့သမိုင်းအဆုံးသတ်တွင် လာ မည်ဖြစ်သည်၊ ကမ္ဘာ့သမိုင်းသည် ဘုရားသခင်၏ ထာဝရနှစ်များနှင့်နှိုင်းယှဉ်လျှင် သိပ်မကြာလှပါ။ ဘုရားမဲ့ဝါဒီများက အတိတ်တွင်လည်း နှစ်သန်းပေါင်းထောင်ချီ၍၊ အနာဂတ်တွင်လည်း နှစ်သန်းပေါင်းထောင်ချီ၍ဟု ပြောနေကြသော် လည်း၊ ကမ္ဘာ့သမိုင်းမှတ်တမ်းမှာ နှစ်ထောင်ပေါင်း အနည်းငယ်လေးသာဖြစ်သည်ကို အားလုံးသိကြပါသည်။

နောက်ဆုံးအနေနှင့်၊ ခရစ်တော်မြန်မြန်လာမည်ဆိုခြင်းမှာ လူဆိုးလူယုတ်တို့အတွက် ဖြစ်ပါသည်၊ သူတို့၏ဆိုး ညစ်သော ဒီဇိုင်းအားလုံးကို လုပ်ကိုင်မပြီးမှီ ပြန်လာပါမည်၊ ထို့ကြောင့် လူဆိုးတို့အတွက် လုပ်ချင်သည်ကို ပြီးအောင် မလုပ်လိုက်ရခင် ခရစ်တော် ပြန်လာမည်ဖြစ်၍၊ သူတို့က "သိပ်မြန်လွန်းတယ်ကွာ"ဟု ပြောကြမည်ဖြစ်သည်။ သမိုင်း ကြောင်းတလျှောက်တွင်လည်း ထိုသို့ပင် သူတို့၏လုပ်ငန်းစဉ်များကို အမြဲအတားခံကြရပါသည်၊ သူတို့၏ရည်ရွယ်ချက် များသည် ဘုရားသခင်၏ လာရောက်တရားစီရင်မှုဖြင့် အမြဲပျက်ဆီးလေ့ရှိပါသည်။ ထိုသို့ပင် သမိုင်း၏နိဂုံး အဆုံးသတ် တွင်လည်း ဖြစ်ပါဦးမည်။

သူ၏ပြန်လာခြင်း မည်သည့်အခါတွင်မျှ ကျွန်တော်တို့အတွက် "သိပ်မြန်လွန်းတယ်ကွာ" မဖြစ်ပါစေနှင့်!

## ခရစ်တော်လာခြင်း၏အံ့သြစရာများအကြောင်း(The Wonder of Christ's Coming)

ခရစ်တော် ကမ္ဘာ့အဆုံးသတ်တွင်လာခြင်းသည် အံ့သြဖွယ်၊ ထူးဆန်းလှသည်ကို ကျွန်တော်တို့ ဘယ်တော့မှ မမေ့သင့်ကြပါ။ ထိုအဖြစ်အပျက်သည် ဤကမ္ဘာကြီးက နောက်ဆုံးတွေ့မြင်ရမည့်အဖြစ်အပျက်ဖြစ်ပါသည်။ ၎င်းသည် ဘုရားသခင်က လုပ်သောအရာဖြစ်သည်၊ ကျွန်တော်တို့မျက်စိများအတွက် အံ့သြစရာကောင်းလွန်းလှပါမည်၊ ကျွန်တော် တို့၏ နားလည်နိုင်စွမ်းဆင့်ထက် မြင့်မားသောအရာဖြစ်ပါမည်။ အမှန်ပြောရလျှင်၊ ကမ္ဘာကြီး၏အဆုံးသတ်တွင် ပါဝင်သ မျှသောအကြောင်းရာအားလုံးတို့သည် ဘုရားသခင်၏ အံ့သြဖွယ်ရာ အလုပ်များချည်း ဖြစ်ပါသည်။

ခရစ်တော်လာခြင်း၏ နိမိတ်လက္ခဏာများ၊- လူသေတို့ထမြောက်ခြင်း၊ ခရစ်တော်ထံ၌အတူရှိကြရန် သန့်ရှင်းသူ တို့ကို ချီဆောင်သွားခြင်း၊ ကမ္ဘာဟောင်းနှင့်ကောင်းကင်ဟောင်းကို မီးဖြင့် ဖျက်ဆီးပစ်လိုက်ခြင်း၊ နောက်ဆုံးတရားစီရင်

ခြင်း၊ ယုံကြည်သူတို့ကို ဘုန်းကျက်သရေနှင့်ပြည့်ဝစေခြင်း - စသည်တို့သည် သဘာဝဆိုသောစကားလုံးနှင့်၎င်း၊ ကမ္ဘာကြီး အသုံးပြုသောစကားလုံးတို့နှင့်၎င်း မည်သို့မျှရှင်းပြ၍ မဖြစ်နိုင်သည်ချည်းသာ ဖြစ်ပါသည်။ ၎င်းတို့သည် သဘာဝလွန်အဖြစ်အပျက်များ၌ ပါဝင်ပါသည်၊ ထို့ကြောင့် ယုံကြည်ခြင်းဖြင့်သာ လက်ခံ၍ရပါသည်။

ခရစ်တော်၏လာခြင်းသည် ထို့အတူပင်ဖြစ်ပါသည်ဟု ရှင်းနေအောင်ပြောပြသောကျမ်းပိုဒ်များ ရှိပါသည်။ ဥပမာ ဗျာ ၁း၇ က ခရစ်တော်ပြန်လာခြင်းကို “အားလုံးကတွေ့ရမည်၊ သူ့ကို လှံနှင့်ထိုးသူများကလည်း တွေ့ကြရမည်”ဟု ပြောသည်(မဿဲ ၂၄း၂၇-၃၀ တွင်လည်းတွေ့နိုင်သည်)။ ထိုအချက်ကပြောသည်မှာ ခရစ်တော်ပြန်လာချိန်တွင် သေပြီးသူအားလုံး ထမြောက်ကြပြီးဖြစ်နေပြီ ဆိုသည့်အချက်ဖြစ်သည်၊ ထို့အပြင် ခရစ်တော်၏လာခြင်းသည် ဘုရားသခင်လုပ်သော အံ့သြဖွယ်ဖြစ်သည်ဟုလည်း ဆက်ပြောပါသည်။

လူအားလုံးက သူ့ကိုတချိန်တည်းတွင် မည်သို့တွေ့နိုင်မည်နည်း? မဖြစ်နိုင်သောကိစ္စဖြစ်သည်၊ သို့သော် ဘုရားသခင်၏ နုတ်ကပတ်တော်က အမှန်ကိုပြောနေကြောင်း ကျွန်တော်တို့ သံသယမဖြစ်ကြပါ။ အမှန်ပင် သူ့ကို လူတိုင်းက တွေ့ရပါမည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် ဘုရားသခင်၏ဖွင့်ပြချက်အနေနှင့် လာသောကြောင့်ဖြစ်သည်၊ ကယ်တင်ခြင်းအတွက်ဖြစ်သလို၊ တရားစီရင်ရန်အတွက်လည်းဖြစ်ပါသည်။ ဖန်ဆင်းထားသောသူအားလုံး တယောက်မကျန်၊ သေသူရှင်သူ အားလုံး၊ သူနှင့်ပတ်သက်၍ ကယ်တင်ခြင်းရသောသူရကြလျှက်၊ အပြစ်ဒဏ်ပေးခြင်းခံရသူများခံကြရလျှက် ဖြစ်ပါသည်။

ခရစ်တော်၏လာခြင်းသည် အံ့သြဖွယ်၊ ဘုရားသခင့်တန်ခိုးကြီးလှခြင်းဖြင့် လုပ်သောအလုပ်ဖြစ်ကြောင်း ဖေါ်ပြသည့် နောက်ကျမ်းပိုဒ်တခုမှာ ၂သက် ၂း၈ ဖြစ်သည်။ ထိုကျမ်းပိုဒ်က “အဓမ္မလူ(အပြစ်လူသား)”သည် ခရစ်တော်ပြန်လာခြင်းအလင်းရောင်ဖြင့် ခြေမှုန်းခြင်းခံရမည်ဟုပြောပါသည်။ မည်သို့ဖြစ်မည်နည်းကို နားလည်ရခက်ပါသည်၊ သို့သော် ၎င်းကသတိရစေသည်မှာ ခရစ်တော်၏ပြန်လာခြင်းသည် သာမာန်ဖြစ်ရပ်မဟုတ်ကြောင်းကိုဖြစ်ပါသည်။

ခရစ်တော်၏လာခြင်းသည် ကျွန်တော်တို့မျှော်လင့်ချက်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့လည်း သူ၏တရားစီရင်ခြင်းရှေ့တွင် ရပ်လျှက် မိမိတို့အလုပ်များအတွက် စစ်ဆေးခြင်း ခံကြရဦးဖြစ်မည် ဖြစ်သောကြောင့်ဖြစ်သည်။ ထိုအချိန်တွင် ခရစ်တော်သည် ကျွန်တော်တို့အနားတွင်ရှိနေပါမည်။ သူသည် ကျွန်တော်တို့၏ တရားသူကြီးဖြစ်ပါမည်။ ထို့အတွက် တရားစီရင်ခြင်းခံရဦးမည်ဟု တွေးခြင်းကပင် ကျွန်တော်တို့၏ သူ့ထံ၌ရှိကြသော အံ့သြစရာ ထိုမျှော်လင့်ခြင်းကို မဖျက်ဆီးပစ်နိုင်ပါ။ ထိုတရားစီရင်ခြင်းအထဲ၌ ကျွန်တော်တို့ ကယ်တင်ခြင်းခံကြရမည် ဖြစ်ခြင်းသည် သူလုပ်ပေးသောကယ်တင်ခြင်း၏ အစိတ်အပိုင်းတခုပင်ဖြစ်ပါသည်။

ထို့ကြောင့် ထိုလာခြင်းအတွက်ကိုပင် ကျွန်တော်တို့ စောင့်နေကြသည်၊ စောင့်ကြည့်နေကြသည်၊ မျှော်လင့်နေကြပါသည်။ ယုံကြည်သူတို့အနေနှင့် ကျွန်တော်တို့၏ဘဝများအားလုံးကို ထိုရှုထောင့်မှပြောလျှင်ရပါမည်၊- ခရစ်ယာန်ဘဝ၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်သည် ယေရှုခရစ်ပြန်လာခြင်းပင်ဖြစ်ပါသည်။ ထို့ထက်ပို၍အရေးကြီးသော အကြောင်းအရာ ကျွန်တော်တို့ဘဝများတွင် ဘာတခုမှ မရှိပါ။

ခရစ်တော်၏လာခြင်းသည် အံ့သြစရာကောင်းသော၊ ထူးချားလှသော ကယ်တင်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတခု ဖြစ်ပါသည်ဆိုသည့်အကြောင်းကို အထက်ကအကြောင်းအရာများက ပြောပြနေကြပါသည်။ သမိုင်းအစမှနေ၍ ဘုရားသခင်သည် မိမိကိုယ်ကို တပါးတည်းသောကယ်တင်ရှင်အဖြစ် ဖေါ်ပြပါသည်။ ထိုသို့ဖြင့် သူသည် လူသား၏ တွေးခေါ်နိုင်စွမ်းထက်ကျော်လွန်သော၊ လူသား၏လုပ်နိုင်စွမ်းထက်ကျော်လွန်သော အကြောင်းအရာများကို ကျွန်တော်တို့အတွက် လုပ်ပေးတော်မူပါသည်။ သူသည် ကျွန်တော်တို့ကို ယေရှုခရစ်တော်၌ အံ့သြစရာကျေးဇူးတော်ဖြင့် ကယ်တင်ပါသည်။ ခရစ်တော်၏ပြန်လာခြင်းသည် ထိုကြီးကျယ်လှသော အံ့သြဖွယ်ရာ ကျေးဇူးတော်နှင့်ဂရုဏာတော်ကို နောက်ဆုံး ဖွင့်ပြတော်မူခြင်းပင်ဖြစ်ပါတော့သည်။

## **နှစ်တထောင်အကြောင်း**(The Millennium)

ခရစ်တော်ပြန်လာခြင်းနှင့်ပတ်သက်၍ ကျမ်းစာ၏သင်ပေးမှုအရ ဖြစ်ပေါ်လာသောမေးခွန်းမှာ၊- “မည်သည့်အချိန်တွင်၊ မည်ကဲ့သို့ လာမည်နည်း?”ဖြစ်ပါသည်။ ထိုမေးခွန်းကိုအဖြေပေးရင်းနှင့် ယျွတွင် ဗျာဒိတ်ကျမ်း(၂၀)၏ “နှစ်တထောင်”(မီလေးနီးယမ်း) ခေါင်းစဉ်သို့ ရောက်လာပြီဖြစ်သည်။ မီလေးနီးယမ်း = နှစ်တထောင်ကာလနှင့်ပတ်သက်၍ ခြားနားသောအမြင်များမှာ - ပရီမီလေးနီးယမ်း၊ ပို့စ်မီလေးနီးယမ်း၊ အာမီလေးနီးယမ်း - တို့ဖြစ်ပါသည်။ အားလုံးက ခရစ်တော်ပြန်လာခြင်း၏ အချိန်နှင့်ပုံစံတို့ကို ပြောဆိုကြခြင်းဖြစ်ပါသည်။

ရှုထောင့်တခုမှကြည့်လျှင် ထိုမျှ ကျမ်းစာက နည်းပါးလွန်းစွာ ဖေါ်ပြသောအချက်သည် ခရစ်ယာန်တို့အကြား ကြီးစွာအငြင်းပွားမှုနှင့် သဘာမတူညီများကို ဖြစ်စေနေသည်မှာ ဝမ်းနည်းစရာကောင်းလှပါသည်။ နှစ်တထောင် ဆိုသော မီလေးနီးယမ်းအကြောင်းကို ကျမ်းစာတွင် ဗျာဒိတ်ကျမ်း၏ အခန်းကြီးတခု၌သာ ဖေါ်ပြထားပါသည်၊ ထို့အပြင် ဗျာဒိတ်ကျမ်းဆိုသည်မှာလည်း နိမိတ်သင်္ကေတပုံဆောင်ချက်များအပြည့်နှင့် အတော်အနက်ဖွင့်ရခက်ခဲသောကျမ်းလည်း ဖြစ်နေပြန်ပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ နှစ်တထောင်ကာလနှင့်ပတ်သက်၍ ခြားနားသောအမြင်များရှိနေကြခြင်းသည် အရေးကြီးလှပါသည်၊ ၎င်းတို့သည် ဘာမှမဟုတ်သော အရာများဖြစ်သည်ဟု ဘယ်တော့မှမပြောသင့်ပါ။ ခရစ်တော်ပြန်လာခြင်း၏ အချိန်နှင့်ပုံစံသည် အလွန်အရေးကြီးပါသည်။

မီလေးနီးယမ်း/နှစ်တထောင်ကာလနှင့်ပတ်သက်သည် ခြားနားသောအမြင်များက ခရစ်တော်၏နိုင်ငံတော်သည် မည်သည့်သဘောသဘာဝရှိသနည်း?ဆိုသည့် မေးခွန်းများကို ဖြစ်ပေါ်လာစေပါသည်။ ခရစ်တော်၏နိုင်ငံတော်သည် ကမ္ဘာမြေနှင့်သာ ဆိုင်သလော၊ ကောင်းကင်နှင့်သာဆိုင်သလော? ယ္ခုမျက်မှောက်ချိန်၌ရှိနေပြီလော၊ အနာဂတ်မှ ဖြစ်လာမည်လော? ဂျူးတို့၏နိုင်ငံ ဖြစ်သလော? (သို့) ခရစ်ယာန်တို့၏နိုင်ငံဖြစ်သလော? ထိုမေးခွန်းများသည် အတော်လေးနက်သောမေးခွန်းများဖြစ်ကြပါသည်။ ဘုရားသခင်က နိုင်ငံတော်ကိုရှာပါဟု ကျွန်တော်တို့ကို တာဝန်ပေးထားပါသည်၊ နိုင်ငံတော်ရောက်လာရန် ဆုတောင်းကြပါဟု မှာထားပါသည်၊ ထို့ကြောင့် ကျွန်တော်တို့ ဘာကိုရှာကြပါသနည်း? ဆိုသည်ကိုသိဖို့ အလွန်အရေးကြီးပါသည်၊ သို့မှသာ ကျွန်တော်တို့ထံပေး ထားသောတာဝန်များကို ကျေပြွန်နိုင်ကြပါမည်။

ထို့ကြောင့် မီလေးနီယမ်း/နှစ်တထောင်အကြောင်းကို ကျွန်တော်တို့က အရေးမကြီးဟု ဘယ်တော့မှမပြောကြပါ။ ထိုနှစ်တထောင်အကြောင်း ခြားနားသောအမြင်များကို ပထမရှင်းပြမည်၊ ထို့နောက် ကျမ်းစာကဘာကိုသင်ပေးသဖြင့် ဘာကိုသာယုံကြည်သင့်သည်ဆိုသည်ကို ဆက်ပြောပါမည်။ ထိုသို့ပြုကြသည့်အခါ၊ ခရစ်ယာန်များအကြား ပို၍ ကွဲပြားမှုများဖြစ်ကြရန် မရည်ရွယ်ပါ၊ ကျွန်တော်တို့နှင့်မတူသောအမြင် ရှိသူတို့အား စိတ်နာစေရန်လည်းမရည်ရွယ်ပါ၊ ထိုမှ ဆန့်ကျင်စွာ ကျမ်းစာက ဘာကိုသင်ပေးသနည်း၊ အဘယ့်ကြောင့်သင်ပေးသနည်း?ဆိုသည်ကို တင်ပြရန်သာဖြစ်ပါသည်။

မီလေးနီးယမ်း ဆိုသောစကားလုံး၏အဓိပ္ပါယ်မှာ "နှစ်ပေါင်းတထောင်"ဖြစ်ပါသည်။ ဗျာဒိတ်ကျမ်း(၂၀)တွင် (၆) ကြိမ်ဖေါ်ပြထားခြင်းကို ရည်ညွှန်းပါသည်။ ဘုရားသခင်၏နုတ်ကပတ်တော်အရ ထိုနှစ်တထောင်အချိန်ကာလအတွင်းတွင် စာတန်ကို တုတ်နှောင်မည်၊ ပထမထမြောက်ခြင်းတွင်ပါဝင်သောသူတို့ အသက်ရှင်လျှက် ခရစ်တော်နှင့်အတူ အုပ်စိုးကြမည်။ ထိုနှစ်တထောင်ကာလ အဆုံးသတ်သောအခါ၊ စာတန့်ကို ခဏပြန်လွှတ်မည်၊ လွှတ်သည်နှင့်သူက ကမ္ဘာ့နိုင်ငံများကို လိမ်ညာမည်၊ ထိုကမ္ဘာ့နိုင်ငံများကို စုစည်းလျှက် ချစ်လှစွာသောမြို့တော်ကြီးကို စစ်ဆင်နွဲမည်။ ထိုအချက်များသည် ဗျာ(၂၀)အရ ရှင်းနေပါသည်။ သို့သော် ထိုအချက်များက ဘာကိုဆိုလိုကြသနည်း ဆိုသည့်နေရာတွင် အကြီးအကျယ် ငြင်းခုံနေကြခြင်းဖြစ်သည်။

တချို့က နှစ်ပေါင်းတထောင်ကာလကြီးအပါအဝင်၊ ထိုအဖြစ်အပျက်များ အနာဂတ်တွင်ဖြစ်ကြမည်ဟု ယုံကြသည်(ပရီမီလေးနီးယမ်းဝါဒ)။ အချို့က ထိုနှစ်တထောင်ကာလကြီးသည် စတင်နေပြီးဖြစ်သည်၊ ကျွန်တော်တို့အားလုံးသည် နှစ်တထောင်ကာလကြီးက ဖေါ်ပြသောအခြေအနေများအားလုံးထဲတွင် ရှိနေကြပြီဟု ယုံကြည်သည် (အာမီလေးနီးယမ်းဝါဒ)။ နောက်တအုပ်စုကမူ၊ ထိုနှစ်တထောင်ကာလကြီးသည် စတင်နေပြီဖြစ်သော်လည်း၊ တကယ့်ပြည့်စုံခြင်းသည် အနာဂတ်တွင်ပင်ရှိနေသေးသည်၊ အနာဂတ်တွင် အသင်းတော်သည် ပြော၍ပင်မရနိုင်သော ငြိမ်းချမ်းရေး၊ ကောင်းချီးမင်္ဂလာများ၊ တိုးတက်ကြွယ်ဝခြင်းများကို ခံစားရဦးမည်ဟု ယုံကြသည် (ပို့စ်မီလေးနီးယမ်းဝါဒ)။

ပရီမီလေးနီးယမ်းဝါဒီများက ခရစ်တော်သည် နှစ်တထောင်ကာလမတိုင်မှ ပြန်လာမည်ဟု ယုံကြသည်။ အနာဂတ်တွင် ခရစ်တော်သည် တကြိမ်မကပြန်လာမည်ဟု သင်ကြသည်။ ပို့စ်မီလေးနီးယမ်းဝါဒီတို့က ခရစ်တော်သည် နှစ်ပေါင်းတထောင်ကာလနောက်တွင် ပြန်လာမည်ဟုသင်ကြသည်၊ ခရစ်တော် တကြိမ်သာပြန်လာမည်ဟု သင်ကြသည်။ ပို့စ်မီလေးနီးယမ်းဝါဒီတို့နှင့်တူညီစွာ အာမီလေးနီးယမ်းဝါဒီတို့က ခရစ်တော်သည် တကြိမ်သာပြန်လာမည်၊ နှစ်တထောင်ကာလနောက်တွင် ပြန်လာမည်ဟု ယုံကြည်သည်။ အာမီလေးနီးယမ်းတို့ကမူ ခြားနားစွာ နှစ်ထောင်ကာလကို ပုံဆောင်ချက်ဟု ယုံကြည်ကြသည်။ နှစ်တထောင်ကာလသည် ဧဝံဂေလိနှစ်တခုလုံးဖြစ်သည်၊ ခရစ်တော်အသေခံချိန်မှ စတင်သည်ဟု ယုံကြည်ကြသည်။

## ပရီမီလေးနီးယမ်းဝါဒနှင့် ဒစ်စပင်ဆေးရှင်းဝါဒတို့အားနှိုင်းယှဉ်လေ့လာခြင်းအကြောင်း

(Premillennialism and Dispensationalism Compared)

တိကျစွာပြောရလျှင် ပရီမီလေးနီးယမ်းဝါဒနှင့် ဒစ်စပင်ဆေးရှင်းဝါဒတို့သည် တအုပ်စုတည်းဖြစ်ကြပါသည်။ နှစ်ဖွဲ့စလုံးက ခရစ်တော်သည် ကိုယ်တိုင်ကိုယ်ကျ မြင်ရလျှက်၊ နှစ်ပေါင်းတထောင်ကာလမတိုင်မှီ ပြန်လာမည်ဟု သင်ကြပါသည်။ ထိုအုပ်စုနှစ်ခု၏သွန်သင်ခြင်းများတွင် တူညီသောအရာများ အတော်များပါသည်။ နှစ်စုလုံးက နှစ်တထောင်ကာလသည် တကယ့်နှစ်တထောင် ကြာမည်ဟုသွန်သင်ကြသည်။ နှစ်စုလုံးက ထိုနှစ်တထောင်ကာလသည် အနာဂတ်တွင်သာ ရောက်လာမည်ဟု သင်ကြသည်။ နှစ်စုစလုံးက ခရစ်တော်၏နှစ်တထောင်ကာလအုပ်စိုးခြင်းသည် မြေကြီးပေါ်တွင်ဖြစ်မည်၊ အစ္စရေး/ဂျူးနိုင်ငံ ဂျေရုရှလင်မြို့ကို ဗဟိုပြုမည်၊ ထိုနေရာတွင် ခရစ်တော်သည် ကိုယ်တိုင်ကိုယ်ကျ၊ မြင်ရလျှက် နန်းထိုင်မည်ဟုပြောကြသည်။ နှစ်အုပ်စုလုံးက အာဗြဟံ့ထံနှင့်အစ္စရေးတိုင်းပြည်ထံ ဘုရားသခင်က ပေးထားခဲ့သည့် နိုင်ငံ(နယ်မြေ)နှင့်ဆိုင်သော ကတိတော်များသည် အနာဂတ်တွင်၊ မြေကြီးပေါ်တွင်၊ ထိုနိုင်ငံ၌ တကယ်ပြည့်စုံမည်ဟု ပြောကြပါသည်။ နှစ်ဖွဲ့လုံးက ကျမ်းစာတွင် "အစ္စရေး"ဆိုသောစကားလုံးက အာဗြဟံ၏အသွေးအသားနှင့်ဆိုင်သော မျိုးနွယ်စုများဖြစ်သည့် ဂျူးများကိုသာ ရည်ညွှန်းသည်ဟု သင်ကြသည်။ နှစ်အုပ်စုလုံးက တကြိမ်ထက်မကသော သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းရှိသည်၊ တကြိမ်ထက်မကသော တရားစီရင်ခြင်းရှိသည်ဟု သင်ကြပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ ပရီမီလေးနီးယမ်းနှင့် ဒစ်စပင်ဆေးရှင်းဝါဒတို့အကြားတွင် အရေးကြီးသော ခြားနားမှုများလည်း ရှိနေကြပါသည်။ ဒစ်စပင်ဆေးရှင်းဝါဒက နှစ်တထောင်နိုင်ငံတော်မစမီ ခရစ်တော်နှစ်ခါပြန်လာမည်ဟု သင်ကြပါသည်။ အမည်အားဖြင့်ပြောရလျှင်၊- ရပ်ချာ(ချီဆောင်ခြင်း)နှင့် ဒုတိယအကြိမ်ပြန်လာခြင်း(ယုံကြည်သူများနှင့်အတူ ပြန်လာခြင်း)တို့ဖြစ်သည်။ ထို့အပြင် ဒစ်စပင်ဆေးရှင်းဝါဒက တိတ်တဆိတ်၊ အချိန်မရွေးရောက်လာနိုင်သော ချီဆောင်သိမ်းစည်းခြင်း(ရပ်ချာ)သည် ဘေးဒဏ်ကြီးကာလ မစခင်တွင်ဖြစ်ပျက်မည်ဟု သင်ပါသည်။ အသင်းတော်သည် ဘေးဒဏ်ကြီးကာလကို မဖြတ်သွားရပါ၊ ခရစ်တော်နှင့်အတူရှိနေမည်ဟု သင်ပါသည်။

ဒစ်စပင်ဆေးရှင်းဝါဒက ဓမ္မသစ်အသင်းတော်သည် သမိုင်းကြောင်း၏ "ကြားကာလညှပ်ထည့်သောအဖြစ်အပျက်" (parenthesisi) ဟုသင်ပါသည်။ ဂျူးလူမျိုးတို့သာ ဘုရားသခင်၏နိုင်ငံတော်သားများဖြစ်ကြသည်ဟု သင်ကြသည်။ ထို့အတူ ခရစ်တော်၏ နှစ်တထောင်ကာလ နိုင်ငံတော်သည်လည်း၊ ဂျူးလူမျိုးတို့အဓိကဖြစ်သော နိုင်ငံဖြစ်မည်ဟု သင်ကြပါသည်။ ဆိုလိုသည်မှာ ဂျူးလူမျိုးတို့သာ နိုင်ငံသားများဖြစ်ကြမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့အပြင် ခရစ်တော်၏ ပြန်လာခြင်းနှစ်ခုကြားတွင် သန့်ရှင်းသောဝိညာဉ်တော်သည် မြေကြီးပေါ်တွင် ရှိမည်မဟုတ်ပါဟုလည်း ပြောကြပြန်ပါသည်။

ထိုမျှရှုပ်ထွေးလှသော သွန်သင်ခြင်းကို ပို၍ရှုပ်ထွေးစေရန်၊ ဒစ်စပင်ဆေးရှင်းဝါဒီအဟောင်းများက စကော့ဖီးအနက်ဖွင့်ကျမ်းစာ(Scofield Study Bible)မှနေ၍၊ ဂျူးတို့ကယ်တင်ခြင်းရပုံက တမျိုး၊ (ဂျူးမဟုတ်သူ)တပါးအမျိုးသားတို့ကယ်တင်ခြင်းရပုံက နောက်တမျိုးဟု ထပ်သင်ကြပါသည်။ ဓမ္မဟောင်းကာလမှ ယုံကြည်သူတို့သည် ခရစ်တော်ကိုပုံဆောင်သော အသွေးသွန်းခြင်း ယဇ်ပူဇော်ခြင်းတို့ကို ယုံကြည်ခြင်းဖြင့်မဟုတ်ပါ၊ ပညတ်များကို လိုက်နာခြင်းဖြင့် ဖြစ်သည်ဟု သင်ကြသည်။ ထိုအချက်ကို "ဟစ်စတိုးရစ် ပရီမီလေးနီးယမ်းဝါဒ"(historic premillennialism)က ဆန့်ကျင်လျှက်၊ မှန်ကန်စွာ၊ ချီဆောင်သိမ်းစည်းခြင်းနှင့် ဒုတိယအကြိမ်ကြွလာခြင်းသည် နှစ်ကြိမ်မဟုတ်၊ တကြိမ်သာဖြစ်သည်ဟု သွန်သင်ကြပါသည်။ ထို့အပြင် ဟစ်စတိုးရစ်ပရီမီလေးနီယမ်းဝါဒက တိတ်တဆိတ်ချီဆောင်ခြင်း၊ အချိန်မရွေးဖြစ်နိုင်ခြင်းကိုလည်း ငြင်းပယ်ပါသည်။ ထို့အပြင် နောက်ဆုံးနေ့ရက်များတိုင်အောင် အသင်းတော်သည် ဘေးဒဏ်ကြီးကာလကိုဖြတ်သန်းသွားပါမည်ဟုလည်း အခိုင်အမာ သင်ကြပါသည်။ ဒစ်ပင်ဆေးရှင်းဝါဒကို ဆန့်ကျင်လျှက် ဟစ်စတိုးရစ် ပရီမီလေးနီးယမ်းဝါဒက အသင်းတော်သည် ခရစ်တော်၏နိုင်ငံတော်တွင် တစိတ်တပိုင်းပါဝင်သည်၊ နေရာရသည်ဟုလည်း သင်ကြပါသည်။ အသင်းတော်သည် သမိုင်းတွင် ကြားကာလညှပ်ထည့်သော အဖြစ်အပျက်လည်း မဟုတ်ပါဟု သင်ကြပါသည်။ နောက်ဆုံးအနေနှင့် ဟစ်စတိုးရစ်ပရီမီလေးနီးယမ်းဝါဒီတို့က စကော့ဖီးအနက်ဖွင့်ကျမ်းစာကပြောသလို၊ ခြားနားသော အချိန်ကာလများတွင် ခြားနားသောကယ်တင်ခြင်းရပုံရနည်းများ မရှိပါဟု ဆန့်ကျင်ကြပါသည်။ ထို့အပြင် စကော့ဖီးအနက်ဖွင့်ကျမ်းစာ၏ ရှူးကြောင်ကြောင်အတွေးဖြစ်သော နေရာတိုင်း၌ရှိနေတော်မူသည့် သန့်ရှင်းသောဝိညာဉ်တော်ကို နောက်ဆုံးသောကာလတွင် ကမ္ဘာပေါ်မှရုတ်သိမ်းမည် ဆိုသည်မျိုးကိုလည်း ငြင်းပယ်ကြပါသည်။

ဟစ်စတိုးရစ်ပရီမီလေးနီးယမ်းအဖွဲ့သည် အမှားမြောက်များစွာကို ကျော်ဖြတ်နိုင်ကြသော်လည်း လုံလောက်အောင် မကျော်ဖြတ်ကြပါဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ ထိုနှစ်အုပ်စုစလုံးသည် ကျမ်းစာနှင့်မကိုက်ညီကြပါဟု လာမည့်ခေါင်းစဉ်များတွင် ရှင်းပြသွားပါမည်။

**ပရီမီလေးနီးယမ်းဝါဒ၏အမှားများအကြောင်း**(Premillennialism's Errors)

ပရီမီလေးနီးယမ်းဝါဒ၊ တခါတရံ "ခီလီအာဇင်မ်"(chiliasm)ဟုလည်းခေါ်ပါသည်၊ ဆိုသည်မှာ ခရစ်တော်၏ ကိုယ်တိုင်ကိုယ်ကျ မြင်ရလျှက် ပြန်လာခြင်းသည် နှစ်ပေါင်းတထောင်ကာလမတိုင်မှီ၊ ကမ္ဘာကြီး၏အဆုံးသတ်တွင် ပြန်လာမည်ဟု သွန်သင်သော ဝါဒဖြစ်ပါသည်။ ၎င်းဝါဒက ကမ္ဘာပေါ်တွင် အယူလွဲခြင်းများ ပို၍များလာမည်၊ ဆိုးညစ်ခြင်းများ ပို၍များလာမည်၊ နောက်ဆုံးတွင် အန္တိခရစ်ကိုထုတ်လုပ်သည်အထိ ဖြစ်လာမည်ဟုပြောပါသည်။ ထိုအချိန်ရောက်သောအခါ၊ မဿဲ ၂၄း၂၁ ကပြောသော ကြီးသောဘေးဒဏ်ကြီးကာလ စတင်မည်ဟု ပြောပါသည်။ ထို အန္တိခရစ်အုပ်စိုးသောကာလ၊ ဘေးဒဏ်ကြီးကာလသည် ခရစ်တော်၏ပြန်လာခြင်းဖြင့် အဆုံးသတ်မည်ဟု ပြောကြသည်။ ခရစ်တော်ပြန်လာသောအခါ၊ သူက လူသေတို့ကို ရှင်ပြန်ထမြောက်စေမည်၊ ထိုအချိန် အသက်ရှင်နေသေးသူတို့ကို ကိုယ်ခန္ဓာများအား ပြောင်းလဲသွားစေမည်၊ သူတို့ကို တရားစီရင်မည်၊ မြေကြီးပေါ်မှ ကျိန်ခြင်းကို ဖယ်ရှားမည်၊ ဂျေရုစလင်မြို့တွင် နိုင်ငံတော်ကိုတည်ထောင်မည်၊ ထိုနိုင်ငံတော်သည် နှစ်တထောင်ရှည်ကြာမည်ဟု သင်ကြပါသည်။

ပရီမီလေးနီးယမ်းဝါဒီတို့က ထိုနိုင်ငံသည် ဂျူးအမြောက်အများ ပြောင်းလဲခြင်း၏ ရလဒ်ဖြစ်မည်ဟု ပြောကြပါသည်၊ ထိုဂျူးတို့ကို သူတို့၏ကိုယ်ပိုင်မြေတွင် ပြန်လည်ထားရှိမည်ဟု ပြောကြပါသည်။ ဂျူးတို့နှင့်အတူ တပါးအမျိုးသား ခရစ်ယာန်တို့ပေါင်းစည်းလျှက် ခရစ်တော်၏နိုင်ငံတော်ဖြစ်လာမည်၊ ဗဟိုဌာနသည် ဂျေရုစလင်မြို့တွင်ဖြစ်မည်၊ ဂျူးလူမျိုးတို့ ပို၍ဦးစားပေးခံရမည်ဟု သင်ကြပါသည်။ ထိုနိုင်ငံတော်၏လက္ခဏာများမှာ ဖြောင့်မတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ မြေကြီးပေါ်တွင် ကြီးပွားချမ်းသာခြင်းတို့ဖြစ်မည်၊ နှစ်ပေါင်းတထောင်တိတိကြာမည်ဟု သင်ကြပါသည်။ ထိုနှစ်တထောင် ခရစ်တော်မြေကြီးပေါ်တွင် အုပ်စိုးခြင်းချိန် ကုန်းဆုံးသော်၊ ကျန်နေသည့်လူသေများ ထမြောက်ကြမည်၊ နောက်ဆုံးသောတရားစီရင်ခြင်း ပြုလုပ်မည်၊ ကောင်းကင်သစ်မြေကြီးသစ်ကို ဖန်ဆင်းမည်ဟု သင်ပေးကြပါသည်။

ပရီမီလေးနီးယမ်းဝါဒီတို့၏ အချို့သောယုံကြည်ခြင်းများသည် အတော်ဆန်းပြားပါသည်။ ဥပမာတခုမှာ၊ နှစ်တထောင်ကာလတွင် အချို့သောနိုင်ငံတော်သားတို့သည် ထမြောက်ပြီး ဘုန်းကျက်သရေပြည့်ကိုယ်ခန္ဓာနှင့်ဖြစ်ကြမည်၊ သို့သော် နောက်တချို့မှာ ရိုးရိုးကိုယ်ခန္ဓာများနှင့်သာ ဖြစ်ကြမည်ဟု ပြောကြခြင်းဖြစ်သည်။ ထိုသို့ပြောခြင်းသည် ၁ကော ၁၅း၅၀ နှင့်တိုက်ရိုက်ဆန့်ကျင်နေပါသည်။ နောက်တခုမှာ၊ ထိုနှစ်တထောင်နိုင်ငံတော်သည် ကျိန်ခြင်းအားလုံး ဖယ်ရှားပြီး မြေကမ္ဘာပေါ်တွင်ဖြစ်မည်ဟု ပြောနေကြလျှက်၊ အပြစ်မှနေ၍ လုံးလုံးလျှားလျှား လွတ်မြောက်ခြင်းမရှိသေး၊ ထို့ကြောင့် အပြစ်၊ ဖျားနာခြင်းနှင့် သေခြင်းတို့ ရှိနေသေးသည်ဟု ပြောကြခြင်းဖြစ်သည်။ ထိုမြေကြီးပေါ်တွင် သေခြင်းမှ ထမြောက်ပြီးသန့်ရှင်းသူ(ခရစ်ယာန်)တို့က အပြစ်နှင့်သေခြင်းတို့အောက်တွင် ရှိနေကြသေးသူများနှင့် ရောနှောနေထိုင်ကြရဦးမည်ဟု ပြောနေကြခြင်းသည် အတော်ကိုးယိုးကားယားနိုင်ပါသည်။

ထိုထက်ပိုဆိုးသော အမှားများ ရှိနေပါသေးသည်၊ ထို့ကြောင့် ကျွန်တော်တို့ငြင်းပယ်ရသော အချက်များရှိပါသည်၊-

ပထမ၊ ကျမ်းစာက ပရီမီလေးနီးယမ်းဝါဒီတို့သင်သော ခရစ်တော်လာချိန် နှစ်တထောင်စမည်ဆိုသည်ကို ငြင်းဆိုခြင်းဖြစ်သည်၊ ကျမ်းစာက ခရစ်တော်ပြန်လာသောအခါ ဤကမ္ဘာကြီး၏အဆုံးသတ်ရောက်မည်ဟုသာသင်ပါသည် (၁ကော ၁၅း၂၃-၂၄)၊ ခရစ်တော်ပြန်လာသည်နှင့် နှစ်တထောင်မစပါ၊ ကောင်းကင်သစ်နှင့်မြေကြီးသစ် ဖန်ဆင်းမည်ဟု ကျမ်းစာက သေချာသင်ပေးပါသည် (၂ပေ ၃း၉-၁၀)။ ခရစ်တော်ပြန်လာလျှင် တချို့သာ သေခြင်းမှထမြောက်ကြမည် မဟုတ်ပါ၊ အားလုံးထမြောက်မည်ဟု သင်ပါသည် (ဗျာ ၂၀း၁၂-၁၃)၊ ထိုနောက် နောက်ဆုံးသောတရားစီရင်ခြင်းစမည်ဟု သင်ပါသည် (မဿဲ ၂၄း၃၇-၄၁၊ လုကာ ၁၇း၂၈-၃၇၊ ယုဒ ၆၊ ၇၊ ၁၄၊ ၁၅)။

ဒုတိယ၊ ကျမ်းစာက တရားစီရင်ခြင်းနှင့်ထမြောက်ခြင်း တခုမကရှိမည်ဟု သင်မပေးပါ (ယော ၅း၂၅-၂၉)၊ ထို့အတူ နှစ်တထောင်အရင်စမည် ပြီးမှကမ္ဘာကြီးအဆုံးသတ်မည်၊ ထမြောက်ခြင်းရှိမည်၊ တရားစီရင်မည်ဟု သင်မပေးပါ (ယော ၆း၃၉-၄၀၊ ၄၄-၄၅၊ ၁၁း၂၄၊ ၁ကော ၁၅း၅၁-၅၂)။ ၁ကော ၁၅း၅၂ က "နောက်ဆုံး"ဟု အထူးပြုဖော်ပြသည်ကို သတိပြုရပါမည်။

တတိယ၊ ကျမ်းစာက မြေကြီးပေါ်တွင်ရှိသောနိုင်ငံတော်ဟု သင်မပေးပါ၊ ထိုမှဆန့်ကျင်စွာ နိုင်ငံတော်သည် ကောင်းကင်ဘုံနှင့်သာဆိုင်သည်(heavenly)ဟု သင်ပေးပါသည် (ယော ၁၈း၃၆၊ ဟေဗြဲ ၁၂း၂၂-၂၃)။

စတုတ္ထ၊ ကျမ်းစာက ခရစ်တော်၏နိုင်ငံတော်သည် ထာဝရနိုင်ငံဖြစ်မည်၊ နှစ်တထောင်လေးသာမဟုတ်ဟု သင်ပေးပါသည် (ဒံယေလ ၄း၃၄၊ ၇း၂၇၊ ၂ပေ ၁း၁၁)။

ပဉ္စမ၊ ကျမ်းစာက ဂျူးများသာလျှင် အာဗြဟံ၏ အသွေးအသားနှင့်ဆိုင်သော ဆွေမျိုးဆက်များဟု သင်မပေးပါ၊ ထိုမှဆန့်ကျင်စွာ ဂျူးနှင့်တပါးအမျိုးသားများသည် တူညီစွာပင် စစ်မှန်သောဂျူးများဖြစ်ကြသည်၊ ဘုရားသခင်၏အစ္စရေး

များ ဖြစ်ကြသည်ဟု သင်ပေးပါသည် (ရောမ ၂း၂၈-၂၉၊ ဂလာတိ ၃း၂၉၊ ဖိလိ ၃း၃)။ အစ္စရေး(က္ကသရေလ)သည် အသင်းတော်ဖြစ်သည်၊ အသင်းတော်သည် အစ္စရေး(က္ကသရေလ)ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သည် အသင်းတော်ဖြစ်သလို၊ အသင်းတော်သည် နိုင်ငံတော်ဖြစ်ပါသည်။

ထိုအချက်များကြောင့် ကျွန်တော်တို့ ပရီမီလေးနီးယန်းဝါဒကို ငြင်းပယ်ကြပါသည်။

**ဒစ်စပင်ဆေးရှင်းဝါဒ၏အမှားများအကြောင်း** (Dispensationalism's Errors)

ဒစ်စပင်ဆေးရှင်းဝါဒကို တချိန်က "ဒါဘီဝါဒ"(Darbyism)ဟုခေါ်ခဲ့ကြပါသည်။ ဂျွန်နယ်လ်ဆင်ဒါဘီ(၁၈၀၀ - ၁၈၈၂)ဆိုသူကို အဆွဲပြု၍ခေါ်ခြင်းဖြစ်သည်၊ ထိုသူသည် ဒစ်စပင်ဆေးရှင်းဝါဒနှင့် ညီအကိုများအသင်းတော်ဝါဒ (brethrenism = ဘရာသရင်ဝါဒ၊ မြန်မာပြည်တွင် ၈ မိုင်လမ်းစုံတွင်ရှိပါမည်)တို့ကို စတင်သူဖြစ်သည်။ ထိုဝါဒသည် နှစ်ပေါင်းတထောင်အယူဝါဒနှင့်ပတ်သက်၍ အဆိုးဝါးဆုံးအမှားကို သင်ကြားသူဖြစ်သည်။ ထိုဝါဒသည် နှစ်ပေါင်းတထောင်နှင့်အနာဂတ်ကိစ္စတို့အတွက်သာ မှားယွင်းစွာ သင်သည်မဟုတ်ပါ၊ အစမှအဆုံး မှားယွင်းနေသော သီဩလော်ဂျီစနစ်တခုလည်းဖြစ်ပါသည်။

ဒစ်ပင်ဆေးရှင်းဝါဒ ဆိုသည့်အမည်သည် ထိုသီအိုရီက သမိုင်းကို အပိုင်းအပိုင်းပိုင်း၍ လေ့လာဖို့ ကြိုးစားခြင်းကြောင့် ထွက်လာသောအမည်ဖြစ်ပါသည် (အင်္ဂလိပ်ဘာသာစကားအရ၊ ဒစ်ပင်ဆေးရှင်းဆိုသည်မှာ၊ အပိုင်းလိုက် ပိုင်းခြားခွဲဝေပေးခြင်းဟု အဓိပ္ပါယ်ရပါသည်)။ ထိုသို့ဖြင့် ဘုရားသခင်သည် သတ်မှတ်သောအချိန်အပိုင်းအခြားတခုတွင် လူသားတို့နှင့် ပဋိညာဉ်ကိုပြုတော်မူသည်၊ သို့သော် လူသားဖက်မှ မလိုက်နာနိုင်ခြင်းဖြင့် ထိုကာလအပိုင်းအခြားသည် အဆုံးသတ်တတ်သည်ဟု သင်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် ဒါဘီ၏ ဂန္ထဝင်ဒစ်စပင်ဆေးရှင်းဝါဒအရ ကျွန်တော်တို့သည် "အသင်းတော်ခေတ်"ထဲရောက်နေကြသည်၊ (သို့) "ကျေးဇူးတော်ခေတ်အပိုင်းအခြား"ဟုလည်းပြောနိုင်ပါမည်။ နောက်ရောက်ဖို့ တခေတ်သာကျန်တော့သည်၊ နိုင်ငံတော်ခေတ်ဖြစ်သည်ဟု ဒါဘီက သင်ပေးပါသည်။

ဒစ်စပင်ဆေးရှင်းဝါဒ၏ အမှားများထဲမှတချို့ကို ကျွန်တော်တို့ကြည့်ခဲ့ကြပြီးဖြစ်သည်၊ ၎င်းတို့မှာ တိတ်တဆိတ်၊ နှစ်တထောင်မတိုင်မီ၊ ဘေးဒဏ်ကြီးကာလမရောက်မီ ချီဆောင်သိမ်းစည်းခြင်း၊ ခရစ်တော် အကြိမ်မြောက်များစွာ ပြန်လာခြင်းတို့ဖြစ်ကြသည်။

ထို့နောက် ဒစ်စပင်ဆေးရှင်းဝါဒက ရှင်ပြန်ထမြောက်ခြင်းအကြိမ်များစွာရှိမည်၊ တရားစီရင်ခြင်းလည်း အကြိမ်များစွာရှိမည်ဟု မှားမှားယွင်းယွင်းသင်ပေးသည်ကိုလည်း ကြည့်ခဲ့ကြပြီ။ ထို့အပြင် ဗျာဒိတ်(၂၀)ကိုလည်း အရှိအရှိအတိုင်း အနက်ဖွင့်ရမည်ဟု မှားယွင်းစွာသင်ပေးခြင်းကိုလည်း ကြည့်ခဲ့ကြပြီ။

ယခုတွင် ဒစ်စပင်ဆေးရှင်းဝါဒ၏ ကျမ်းစာကိုမှားယွင်းစွာအသုံးချသည့်အကြောင်းများကို ဆက်ကြည့်ပါမည်၊-

ပထမ၊ ဒစ်စပင်ဆေးရှင်ဒဝါဒသည် ကျမ်းစာကို မှားယွင်းသောနည်းစနစ်ဖြင့် အနက်ဖွင့်သည်။ ထိုနည်းစနစ်၏ ရလဒ်မှာ၊ ဓမ္မဟောင်းကျမ်းစာအားလုံးနှင့် အချို့သောဓမ္မသစ်ကျမ်းစာတို့သည် ဂျူးတို့နှင့်သာဆိုင်သည်၊ ခရစ်ယာန်အသင်းတော်နှင့် လုံးဝမဆိုင်ဟု နိဂုံးချုပ်ခြင်းဖြစ်သည်။ ခရစ်ယာန်တို့အတွက် ဓမ္မဟောင်းကျမ်းစာတို့သည် စပ်စုရန်အတွက်သာကောင်းသည်ဟု ယူဆခြင်းဖြစ်သည်။ ဥပမာ၊ စကောဖီးလ်အနက်ဖွင့်ကျမ်းစာက တောင်ပေါ်ဒေသနာသည် ဂျူးတို့အတွက်သာဖြစ်သည်၊ ခရစ်ယာန်တို့အတွက် မဟုတ်ဟုပြောသည်။ သို့သော် ၎င်းတို့၏သွန်သင်ချက်ကို ဆန့်ကျင်လျှက် ကျမ်းစာကပြောသည်မှာ ကျမ်းစာတခုလုံးသည် ခရစ်ယာန်တို့အတွက် အကျိုးရှိလှပါသည်ဟုပြောနေပါသည်(ယော ၁၀း၃၅၊ ၂တိ ၃း၁၆-၁၇)။ ထိုအမှန်တရားကို ဒစ်စပင်ဆေးရှင်းဝါဒက ငြင်းဆိုသဖြင့်၊ သူ့ကိုယ်သူ ကျမ်းစာအား မှန်ကန်စွာပိုင်းခြားခြင်းဟု ခေါ်နေသော်လည်း၊ ကျမ်းစာကို မှားယွင်းစွာပိုင်းခြားသူဟု အခေါ်ခံနေရပါသည်။

ဒုတိယ၊ ဒစ်စပင်ဆေးရှင်းဝါဒက အစွန်းရောက် အရှိအတိုင်းအနက်ဖွင့်ခြင်းကို ကျင့်သုံးနေမှုဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ကို ပညာရှင်တဦးက၊ ဖါရိရှဲတို့၏ အရှိအတိုင်းအနက်ဖွင့်မှုကို ကျင့်သုံးသူများဟု ခေါ်ဆိုပါသည်။ ဖါရိရှဲတို့သည် ခရစ်တော်ကို ဝိညာဉ်ရေးရာရှင်ဘုရင်အဖြစ် မမြင်နိုင်ကြ၊ ထို့ကြောင့် ခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ် ရိုက်သတ်ခဲ့ကြသည်၊ ဒစ်စပင်ဆေးရှင်းဝါဒီတို့သည်လည်း ထိုသို့ပင်ဖြစ်ကြသည်။ ကျမ်းစာကို အစွန်းရောက်အရှိအရှိတိုင်းသာ အနက်ဖွင့်ရမည်ဟုပြောခြင်းသည် မှားယွင်းပါသည်၊ ထို့အတူ မလိုအပ်ဘဲ ကျမ်းစာကို ဝိညာဉ်ရေးရာအဓိပ္ပါယ်သာ ရှိကြသည်ဟု ပြောခြင်းသည်လည်း မှားပါသည် (၁ကော ၂း၁၂-၁၅)။ ကျမ်းစာ၏အချို့သောကျမ်းပိုဒ် အတော်များများသည် မိမိတို့ဘာသာ ဝိညာဉ်ရေးရာအဓိပ္ပါယ်ရှိသည်ဟု ပြောနေကြပါသည်၊ ဥပမာ ၁ပေ ၂း၅-၉၊ ဟေဗြဲဩဝါဒစာ တအုပ်လုံး။ ကျမ်းစာကို ဂရုစိုက်စွာ၊ တည်ငြိမ်စွာတွေးတောလျှက် အနက်ဖွင့်စရာလို အပ်ပါသည်၊ ထိုအခါ ကျမ်းစာထဲတွင် အရှိအရှိ

အတိုင်း အနက်ဖွင့်၍မရသော ကျမ်းပိုဒ်များရှိကြောင်း တွေ့လာရပါသည်၊ ဥပမာ ဗျာဒိတ်ကျမ်း ၂း၁၇ တွင်ပြောပြသော "ကျောက်ဖြူလက်ဖွဲ့" ဆိုသည့်မျိုးဖြစ်သည်။

ဒစ်စပင်ဆေးရှင်းဝါဒ၏ ကျမ်းစာကို ဝိညာဉ်ရေးအမြင်ဖြင့် မမြင်ရဟု ငြင်းပယ်နေခြင်းက၊ ၎င်းဝါဒကို ခရစ်တော်၏နိုင်ငံတော်သည် ဝိညာဉ်ရေးရာနိုင်ငံတော်၊ ကောင်းကင်ဘုံနှင့်စပ်ဆိုင်သော နိုင်ငံတော်ဖြစ်သည် ဆိုသည့်အမှန်တရားအား ငြင်းဆိုခြင်းသို့ ခေါ်ဆောင်သွားပါတော့သည်။ ထို့ကြောင့် ဒစ်စပင်ဆေးရှင်းဝါဒ၏အမှားများအားလုံးသည်၊ ၎င်း၏ ကျမ်းစာအပေါ်ထားရှိသည့် မှားယွင်းသောအမြင်အပေါ် အခြေခံနေပါသည်။

## ဒစ်စပင်ဆေးရှင်းဝါဒ၏အခြားသောအမှားများအကြောင်း

(Further Errors of Dispensationalism)

ဒစ်စပင်ဆေးရှင်းဝါဒ၏ အဓိကအမှားများဟု ကျွန်တော်တို့ယုံကြည်သည်များကို တင်ပြခဲ့ပြီဖြစ်သည်။ အခြားသော အမှားများမှာ အောက်ပါအတိုင်းဖြစ်ကြသည်၊-

ဒစ်စပင်ဆေးရှင်းဝါဒ၏ အစ္စရေးနှင့်အသင်းတော်ကို ခြားနားမှု။ ဒစ်စပင်ဆေးရှင်းဝါဒ၏ အခြေခံယူဆချက်များထဲမှ တခုမှာ အစ္စရေးသည် အစ္စရေးဖြစ်သည်၊ အသင်းတော်သည် အသင်းတော်ဖြစ်သည်၊ ထိုနှစ်ခုကို မရှုပ်ထွေးရ ဆိုသောအချက်ဖြစ်ပါသည်။ ထိုသို့သင်ခြင်းသည် ကျမ်းစာနှင့်ဆန့်ကျင်နေပါသည်။ ကျမ်းစာက ဓမ္မဟောင်းကျမ်းစာတွင် "အစ္စရေး"ဆိုသည်မှာ နိုင်ငံအရရော၊ ဝိညာဉ်ရေးရာအရပါ၊ အသင်းတော်သာဖြစ်သည်ဟု သင်ပေးပါသည် (ရောမ ၂း၂၈-၂၉)။ တမန်တော် ၇း၃၈ တွင် အစ္စရေးကို "သဲကန္တာရအတွင်းရှိအသင်းတော်"ဟုခေါ်ပါသည်(ဆရာယုဒသန်က မြန်မာကျမ်းစာတွင် "တောတွင်ရှိသော အစည်းအဝေး"ဟုပြန်ပါသည်)။ ဟေဗြဲ ၁၂း၂၂-၂၄ တွင် ဂျေရုဆလင်မြို့၊ ဇိအုန်တောင်တို့ကို အသင်းတော်နှင့်ထပ်တူပြုထားပါသည် (ဆရာယုဒသန်၏ မြန်မာကျမ်းစာကိုဖတ်ပါက၊ အသင်းတော်ဆိုသည့်စကားလုံးကို မတွေ့ရပါ၊ သို့သော် မူရင်းဂရိကျမ်းစာတွင် အသင်းတော်ဆိုသည့်စကားလုံး ပါဝင်ပါသည်၊ ထို့ကြောင့် မူရင်းမှဘာသာပြန်လျှင် ဤသို့ဖြစ်ပါမည် - "၂၂ - သို့သော် သင်တို့သည် ဇိအုန်တောင်၊ အသက်ရှင်တော်မူသော ဘုရားသခင်၏မြို့တော်၊ ကောင်းကင်ဂျေရုဆလင်မြို့၊ မရေတွက်နိုင်အောင်များပြားလှသောကောင်းကင်တမန် အဖွဲ့များသို့၎င်း၊ ၂၃ - အထွေအထွေအစည်းအဝေးကြီးထံ၊ ကောင်းကင်ဘုံ၌ရေးသားထားသော <u>သားဦးတို့၏အသင်းတော်</u>ထံ၊ အားလုံးကို တရားစီရင်သူ ဘုရားသခင်ထံ၊ ပြည့်စုံခြင်းသို့ရောက်စေပြီးဖြစ်သည့် ဖြောင့်မတ်သူတို့၏ဝိညာဉ်များထံသို့၎င်း၊ ၂၄ - ထို့အပြင် ပဋိညာဉ်သစ်၏ကြားဝင်ဖြန်ဖြေသူ ယေရှုထံ၊ အသွေးဖြန်းခြင်းထံ၊ အေဘဲလ်ပြောခဲ့သည့် ပိုကောင်းသောအရာများထံ လာကြသူများဖြစ်ကြပါသည်။" - ထို့အတူ ဂလာတိ ၃း၂၉၊ ဖိလိ ၃း၃တို့တွင်လည်း တွေ့နိုင်ပါသည်)။ ဗျာဒိတ်ကျမ်း ၂၁း၉ တွင် သတို့သမီး၊ သိုးသငယ်၏ဇနီးကို သန့်ရှင်းသောဂျေရုဆလင်မြို့နှင့် ထပ်တူပြုထားပါသည်။

ဒစ်စပင်ဆေးရှင်းဝါဒက ခရစ်တော်၏ ဂျူးလူမျိုးတို့ကိုယ်စား လုပ်ပေးသောအလုပ်နှင့် အသင်းတော်ကိုယ်စားလုပ်ပေးသောအလုပ်တို့ကို ခြားနားပစ်ခြင်း။ ဒစ်စပင်ဆေးရှင်းဝါဒက ခရစ်တော်သည် အစ္စရေး၏ဘုရင်ဖြစ်သည်၊ သို့သော် အသင်းတော်၏ ဦးခေါင်းသာဖြစ်သည်ဟု သင်ပေးသည်။ စကောဖီးလ်အနက်ဖွင့်ကျမ်းစာအုပ်တွင် ဓမ္မဟောင်းကာလမှ အစ္စရေးတို့သည် သူတို့နည်းသူတို့ဟန်ဖြင့် ကယ်တင်ခြင်းရကြသည်၊ ခရစ်တော်၏ အပြစ်ဖြေဖို့လုပ်ပေးသည်ကို ယုံကြည်၍မဟုတ်၊ ထို့ကြောင့် ဘုရားသခင်ထံတွင် ကယ်တင်ခြင်းရဖို့ နည်းလမ်းတမျိုးမက ထားရှိသည်ဟု သင်ပေးပါသည်။ ထိုသို့သင်ပေးခြင်းသည် ကျမ်းစာနှင့် တိုက်ရိုက်ဆန့်ကျင်နေပါသည်၊ ကျမ်းစာက ခရစ်တော်သည် ဓမ္မဟောင်း၊ ဓမ္မသစ် နှစ်ခုစလုံးအတွက် တူညီသောကယ်တင်ရှင်ဖြစ်သည်ဟု ရှင်းနေအောင်သင်ပါသည်၊ (ဂလာတိ ၃း၂၈-၂၉၊ ၁တိ ၂း၅-၆၊ ဟေဗြဲ ၁၁း၆)။

ဒစ်စပင်ဆေးရှင်းဝါဒက ဓမ္မဟောင်းကာလမှယုံကြည်သူများကို ခရစ်တော်၏ကိုယ်ခန္ဓာ၊ ခရစ်တော်၏သတို့သမီးအဖြစ် လက်မခံခြင်း။ ထိုအချက်သည် ၎င်းတို့၏ အသင်းတော်နှင့်အစ္စရေး မတူကြပါဟု သင်ပေးခြင်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်၊ ၎င်းတို့၏ ခရစ်တော်သည် အစ္စရေးတို့နှင့်ပတ်သက်၍ ဘုရင်၊ သို့သော် အသင်းတော်နှင့်ပတ်သက်လျှင်မူ ဦးခေါင်းဟု သင်ပေးခြင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုသို့သင်ပေးခြင်းသည်လည်း ကျမ်းစာနှင့်ဆန့်ကျင်နေပါသည်။ ကျမ်းစာက "ယုံကြည်ခြင်းအိမ်ထောင်စု"ထဲတွင် ဓမ္မဟောင်းယုံကြည်သူများကိုလည်း ထည့်သွင်းထားပါသည်။ ဓမ္မဟောင်းယုံကြည်သူတို့ကို ခရစ်တော်၏ကိုယ်ခန္ဓာ၊ ခရစ်တော်၏သတို့သမီးထဲ ထည့်သွင်းရေတွက်ပါသည် (ဧဖက် ၂း၁၁-၁၈ တွင်ထိုသို့ပြောပါသည်၊ အထူးသဖြင့် အငယ် ၁၆ တွင် ဖြစ်သည်၊ ၎င်းကျမ်းပိုဒ်က ဂျူးနှင့်တပါးအမျိုးသားများသည် "တခုသောခန္ဓာကိုယ်၌" ရန်ငြိမ်းကြပြီဟု ပြောပါသည်၊ ဗျာ ၂၁း၉-၁၀ တွင်လည်း "သတို့သမီး၊ သိုးသငယ်၏ဇနီး"ကို ဂျေရုဆလင်နှင့်ထပ်တူပြုပါသည်)။

ဒစ်စပင်ဆေးရှင်းဝါဒက ဘေးဒဏ်ကြီးကာလ ခုနှစ်အတွင်းတွင် သန့်ရှင်းသောဝိညာဉ်တော် မြေကမ္ဘာပေါ်မှ ထွက်သွားသည်၊ မြေကမ္ဘာပေါ်မှရုတ်သိမ်းသည်ဟု သင်ပေးခြင်း။ ထိုခုနှစ်များထဲတွင် ဂျူးများ ကယ်တင်ခြင်းရကြမည်ဟု ၎င်းတို့က ပြောကြသည်။ ထိုသို့ပြောင်းလဲကြခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ ကျေးဇူးတော်နှင့်ပြည့်ဝသော အစိုးရတော်မူသော လုပ်ကိုင်ပေးခြင်းမပါဘဲ ပြောင်းလဲကြမည်၊ ခရစ်တော်ကိုယုံကြည်ကြမည်ဟု သင်ပေးတတ်ကြပါသည်။ ထိုသို့သင်ပေးခြင်းသည်လည်း ကျမ်းစာနှင့်ဆန့်ကျင်နေပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျမ်းစာက ယုံကြည်ခြင်းသည် ဘုရားသခင်ပေးသောလက်ဆောင်ဖြစ်သည်၊ သန့်ရှင်းသောဝိညာဉ်တော်မှတဆင့် ပေးတော်မူသည်ဟု သင်ပေးသော ကြောင့်ဖြစ်ပါသည်။ ထို့အတူ ကယ်တင်ခြင်းရဖို့အတွက် မရှိမဖြစ်လိုအပ်ကြသော၊ အသစ်မွေးဖွားခြင်း၊ ပြောင်းလဲခြင်းများသည်လည်း သန့်ရှင်းသောဝိညာဉ်တော်က ထူးခြားလှစွာ လုပ်ပေးသည်ဟု ကျမ်းစာကသင်ပေးနေပါသည် (ယော ၃း၃-၈၊ ဧဖက ၂း၈)။

ဒစ်စပင်ဆေးရှင်းဝါဒ၏ အသင်းတော်ကို "နက်နဲခြင်း"ဟုသင်ပေးခြင်း။ ဂန္ထဝင်ဒစ်စပင်ဆေးရှင်းဝါဒက ဓမ္မသစ်ကာလ၏ အသင်းတော်သမိုင်းသည် "ကြားညှပ်ထည့်သွင်းထားသော"အရာသာဖြစ်သည်၊ အသင်းတော်ကိုယ်၌က နက်နဲခြင်းတမျိုးဖြစ်သည်၊ ဓမ္မဟောင်းကာလတွင် တခါမှ မသင်ဘူးသောအရာဖြစ်သည်ဟု မှားယွင်းစွာသင်ပါသည်။ ထိုသို့သင်ခြင်းသည် ကျမ်းစာ၏သင်ပေးခြင်းနှင့် ပြောင်းပြန်ဖြစ်နေပါသည်။ ကျမ်းစာက ဓမ္မဟောင်းကာလတွင် အသင်းတော်အကြောင်းကို ပရောဖက်ပြုခဲ့ကြပါသည်၊ ထို့အပြင် စစ်မှန်သောအစ္စရေးသည် အသင်းတော်ဖြစ်သည်၊ အသင်းတော်သည် အစ္စရေးဖြစ်သည်ဟု ရှုမြင်ပါသည်။ တမန်တော် ၁၅း၁၃ တွင် ရှင်ယာကုပ်က အစ္စရေးနှင့်ပတ်သက်သော ဓမ္မဟောင်းပရောဖက်ပြုချက်ကို ဓမ္မသစ်ကာလ ဂျူးမဟုတ်သော တပါးအမျိုးသားအသင်းတော်များတည်ထောင်ခြင်း၌ ပြည့်စုံသွားပြီဟု ပြောပြပါသည် (တမန် ၇း၃၈ နှင့်နှိုင်းယှဉ်ပါ)။ ထို့အတူ အသင်းတော်ကို ကျမ်းစာက "ကြားညှပ်ထည့်သွင်းသောအရာ"ဟု ဘယ်သောအခါကမှ မကြည့်ပါ၊ ထိုမှဆန့်ကျင်စွာ အသင်းတော်ကို သမိုင်း၏ပန်းတိုင်အဖြစ်မြင်ပါသည်၊ သမိုင်းကြောင်းတွင် ဘုရားသခင့်လုပ်ကိုင်ခြင်းများ၏ ရည်ရွယ်ချက်ပန်းတိုင်အဖြစ် မြင်ပါသည်။ အသင်းတော်သည် "အရာခပ်သိမ်းရှိရှိသမျှကို ပြည့်နေစေသောသူ၏ ပြည့်စုံခြင်းဖြစ်ပါသည်"ဟုပြောပြပါသည် (ဧဖက် ၁း၂၂-၂၃)။ ထိုအသင်းတော်အတွက် သခင်ယေရှုက သူ၏ကယ်တင်ခြင်းအလုပ်များအားလုံးကို လုပ်ကိုင်ပေးခြင်းဖြစ်သည်ဟု ပြောပါသည် (ဧဖက် ၅း၂၅-၂၇)။

ထိုအချက်များအားလုံးအတွက် ဒစ်စပင်ဆေးရှင်းဝါဒကို မဖြစ်မနေငြင်းပယ်ကြရပါမည်။

## **ပို့စ်မီလေးနီးယမ်းဝါဒအကြောင်း**(Postmillennialism)

ပို့စ်မီလေးနီးယမ်းဝါဒကို "နှစ်တထောင်ကာလ စကောင်းစနေပြီဖြစ်ပါမည်၊ သို့သော် ၎င်း၏အဓိကပြည့်စုံခြင်းသည် အနာဂတ်တွင်ပင် ရှိနေပါသေးသည်၊ မကြုံစဖူးသောငြိမ်းချမ်းရေး၊ ကောင်းချီးမင်္ဂလာ၊ တိုးတက်ကြွယ်ဝမှုတို့ကို ဧဝံဂေလိတရားနှင့်အသင်းတော်က ခံစားရသောအချိန်ရောက်မှသာ ပြည့်စုံပြီဟုပြော၍ရပါမည်"ဟု အနက်ဖွင့်နိုင်ပါမည်။ ပို့စ်မီလေးနီးယမ်းဝါဒတွင် ဂိုဏ်းကွဲအများရှိပါသည်။ အုပ်စုတခုစီက နှစ်တထောင်နှင့်ပတ်သက်၍ မိမိတို့ကိုယ်ပိုင်အမြင်များ ရှိကြပါသည်။

ပို၍ရှေးကျသော ပို့စ်မီလေးနီးယမ်းဝါဒတွင် ပြူရီတန်အဖွဲ့သားများနှင့် ခေတ်သစ်စာရေးဆရာအချို့တို့ ပါဝင်နေကြသည်။ ထိုအဖွဲ့က ရှေ့တွင် ဘုရားသခင်သည် ဂျူးတို့အပေါ် ကြီးစွာသောပြောင်းလဲစေခြင်းကို ပြုလုပ်လိမ့်ဦးမည်ဟု မျှော်လင့်နေကြပါသည်။ ဂျူးများထဲမှ အများစုကြီး ပြောင်းလဲကြဦးမည်ဟု ယူဆနေကြပါသည်။ ထို့အတူ ထိုအုပ်စုများက ခရစ်တော်ဒုတိယအကြိမ် ပြန်မလာခင်ကလေးတွင် အသင်းတော်သည် ကြီးသောနိုးထခြင်းဖြင့်နိုးထလိမ့်ဦးမည်ဟု ထင်မြင်နေကြပါသည်။ တမန်တော်များခေတ်ကကဲ့သို့ ပြန်ဖြစ်ဦးမည်၊ ဆယ့်ခြောက်ရာစုနှစ် အသင်းတော်ပြန်လည်ပြုပြင်ပြောင်းလဲရေးကာလကကဲ့သို့ နောက်တခါ ပြန်လည်နိုးထမှုကြီး ပြန်ရောက်ဦးမည်ဟု မျှော်နေတတ်ကြပါသည်။

ပို၍အစွန်းရောက်သော ပို့စ်မီလေးနီးယမ်းဝါဒ လတ်တလောလေးတွင် ထပ်၍ပေါ်လာပါသည်။ ထိုလှုပ်ရှားမှုကို တစိတ်တပိုင်းအားဖြင့် "ခရစ်ယာန်ပြန်လည်တည်ဆောက်ခြင်းဝါဒ" = ခရစ်တီယန်ရီခေါ်န်စထရပ်ရှင်းနစ်ဇင်(Christian Reconstructionism) ဟုခေါ်တတ်ကြသည်။ (သို့) ဒိုမီးနီးယမ်းသီဩလော်ဂျီ(dominion theology = စိုးမိုးခြင်းသီဩလော်ဂျီ)ဟုလည်း ခေါ်ကြပါသည်။ ထိုဝါဒက အသင်းတော်အတွက် အနာဂတ်တွင် ကြီးသောခန်းနားကြီးကျယ်မှု ကမ္ဘာပေါ်တွင် ရှိနေသေးသည်ဟု ယုံကြည်ယုံသာမကပါ၊ တကမ္ဘာလုံး၏လူမှုဘဝနှင့်အသက်ရှင်မှုများသည် တနေ့တွင် ခရစ်ယာန်

တို့၏စိုးမိုးမှုအောက် ရောက်လာကြလိမ့်ဦးမည်ဟုလည်း ယူဆကြပါသည်။ ထိုခရစ်ယာန်လွှမ်းမိုးသော လူမှုဘဝကမ္ဘာကြီးသည် ကျမ်းစာကကတိပေးထားသော ခရစ်တော်၏နိုင်ငံတော်ပင် ဖြစ်သည်ဟု ပြောကြပါသည်။

လတ်တလော၌ပေါ်ထွက်လာကြသည့် ပို့စ်မီလေးနီးယမ်းဝါဒက ခရစ်တော်၏နိုင်ငံတော် အဓိကအကောင်အထည်ပေါ်ခြင်းသည် ဤကမ္ဘာပေါ်၌သာဖြစ်မည်ဟု မျှော်လင့်ကြသည်။ ဧဝံဂေလိတရားဟောကြားခြင်းဖြင့် ထိုနိုင်ငံတော်ကြီး ပေါ်ထွက်လာမည်၊ အသင်းတော်၏တိုးတက်မှုများပြားလာခြင်း၊ ထို့အတူ ခရစ်ယာန်တို့၏လှုပ်ရှားမှု၊ လူမှုဘဝ၏ပုံစံမျိုးစုံတွင် ပါဝင်ပတ်သက်မှုတို့ဖြင့် ပေါ်ထွက်လာပါမည်ဟု မျှော်လင့်နေကြပါသည်။ ထိုသို့သော်အယူအဆရှိသူတို့က ခရစ်ယာန်တို့သည် ကမ္ဘာ့လူမှုဘဝ လှုပ်ရှားမှုမျိုးစုံတို့တွင် ပါဝင်ရမည်၊ ထိုသို့ပါဝင်ခြင်းသည် မဖြစ်မနေပြုရမည့်အရာဖြစ်သည်၊ နောက်ဆုံးတွင် အားလုံးကို လွှမ်းမိုးချုပ်ကိုင် ကွက်ကဲကြရမည်၊ အပိုင်သိမ်းကြရမည်၊ ကမ္ဘာ့လူမှုဘဝလှုပ်ရှားမှုအသက်ရှင်မှုအားလုံးကို ခရစ်တော်အတွက် ချုပ်ကိုင်သိမ်းပိုက်ကြရမည်၊ ထိုသို့ဖြင့် ခရစ်တော်သည် အသက်၏နေရာတိုင်း၊ လူ့ဘဝ၏နေရာတိုင်းတွင် ဘုရင်အဖြစ် သရဖူဆောင်းပေးရမည်ဟု ပြောကြပါသည်။

ထိုဝါဒကို ကိုင်ဆွဲသူအားလုံးနီးပါးသည် "ပရီတားရစ်ဝါဒီ"များဖြစ်ကြပါသည် (ပရီတားရစ် ဆိုသည်မှာ ဂရိစကားဖြစ်သည်၊ "အတိတ်တွင်ကျန်ခဲ့ပြီ"ဟု အဓိပ္ပါယ်ရပါသည်)။ ဆိုလိုသည်မှာ ထိုသူတို့က မဿဲ ၂၄း၁-၃၅ နှင့် ဗျာဒိတ်ကျမ်း တအုပ်လုံးနီးပါးသည် ပြည့်စုံပြီးဖြစ်သည်၊ အတိတ်တွင်ကျန်ခဲ့ပြီဟု ယုံကြည်ကြသည်။ ထိုကျမ်းပိုဒ်များတွင် ဖေါ်ပြသောအဖြစ်အပျက်များအားလုံး အေဒီ(၇၀) ဂျေရုစလင်မြို့ ပျက်ဆီးချိန်တွင် ပြည့်စုံသွားကြပြီ၊ နောက်ထပ်ဖြစ်ဖို့ မရှိတော့ဟု ယုံကြည်ကြခြင်းဖြစ်သည်။ ထိုဝါဒီများက အန္တိခရစ်အကြောင်း၊ ဘေးဒဏ်ကြီးကာလအကြောင်း ကျမ်းစာကပြောပြသမျှတို့သည် ပြည့်စုံခဲ့ကြပြီးဖြစ်သည်ဟု ပြောပြကြပါသည်။ သူတို့၏ အသင်းတော်နှင့်ကမ္ဘာ့လူမှုဘဝကြီးတခုလုံးအတွက် ပန်းခင်းသောလမ်းအနာဂတ်ယုံကြည်မှုက၊ နောက်ဆုံးသောအချိန် ဘေးဒုက္ခများရောက်ရမည်၊ အန္တိခရစ်လာဦးမည် ဆိုသည်မျိုးအား မည်သို့မျှမယုံနိုင်ခြင်းကို ဖြစ်စေပါသည်။

ထိုသို့သောဝါဒီများသည် အများအားဖြင့် "သီအိုနောမစ်ဒါဒီ"များလည်းဖြစ်တတ်ကြပါသည် (theonomy = သီအိုနော်မီ ဆိုသည်မှာ ဂရိဘာသာဖြစ်သည် အဓိပ္ပါယ်မှာ "ဘုရားသခင်၏ပညတ်ဥပဒေသ"ဖြစ်သည်)။ သီအိုနောမစ်ဝါဒီများက ဘုရားသခင်၏ ပညတ်များနှင့်၊ ဓမ္မဟောင်းကာလ တိုင်းပြည်အုပ်ချုပ်ပုံဥပဒေသများသည် အနာဂတ်ရောက်လာမည့် ခရစ်ယာန်လွှမ်းမိုးသော ကမ္ဘာ့လူမှုဘဝကြီး၏အခြေခံဥပဒေသများဖြစ်လာကြမည်ဟု ယုံကြည်ကြသည်။ ၎င်းသည် ဤမျက်မှောက်ကမ္ဘာပေါ်တွင်ဖြစ်လာမည့် ခရစ်တော်၏နိုင်ငံတော်ကြီးဖြစ်သည်ဟု ပြောကြသည်။ ထိုနိုင်ငံတော်၏အဓိကအင်အားသည် ဧဝံဂေလိတရားမဟုတ်၊ ဘုရားသခင်၏ ပညတ်ဥပဒေသများဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် တကမ္ဘာလုံးတော့ ပြောင်းလည်းမည်မဟုတ်၊ သို့သော် အားလုံးကို ဘုရားသခင်၏ပညတ်တော်များအောက်၌ ထားကြရမည်၊ ပညတ်တော်၏ အုပ်စိုးမှုအောက်တွင်ရှိစေရမည်ဟု ပြောကြပါသည်။

ကျွန်တော်တို့သည် ရှေးကျသောပို့စ်မီလေးနီးယမ်းဝါဒ၊ ပြူရီတန်တို့နှင့် သဘောမတူနိုင်ကြသည်၊ ၎င်းဝါဒ၏ခေတ်ပေါ်ပုံစံများနှင့်လည်း အတော်ပြဿနာရှိကြပါသည်။ ၎င်းဝါဒ၏ ခေတ်သစ်အစွန်းရောက်ဝါဒီတို့နှင့်မူ ပို၍ပင်ပြဿနာတက်ကြပါသည်။ ၎င်းဝါဒသည်လည်း ဒစ်စပင်ဆေးရှင်းဝါဒလောက်ပင် ဆိုးရွားစွာမှားယွင်းသောဝါဒဟု ကျွန်တော်တို့က ထင်မှတ်ကြပါသည်။

### ပို့စ်မီလေးနီးယမ်းဝါဒ၏အမှားများအကြောင်း (Postmillennialism's Errors)

ကျွန်တော်တို့ ရှေးကျသောပို့စ်မီလေးနီးယမ်းဝါဒနှင့် မကြာခင်ကမှပေါ်လာသော ခေတ်သစ်ပို့စ်မီလေးနီးယမ်းဝါဒတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြပြီးဖြစ်သည်။ ခေတ်သစ်ပို့စ်မီလေးနီးယမ်းအဖွဲ့သည် "ခရစ်ယာန်ပြန်လည်တည်ဆောက်ခြင်းဝါဒ" = ခရစ်တီယန် ရီခေါ်နစ်စထရပ်ရှင်းနစ်ဇင်(Christian Reconstructionism)လှုပ်ရှားမှုနှင့် ဒွန်တွဲနေတတ်သည်။ ဤအဖွဲ့သည် ရှေးကျသောပို့စ်မီးလေးနီးယမ်း ပြူရီတန်အုပ်စုနှင့် အတော်ခြားနားပါသည်၊ ပို၍လည်း အန္တရယ်ကြီးပါသည်။

ပထမ၊ ဤခေတ်သစ်အဖွဲ့က ဧဝံဂေလိတရားဟောခြင်းကို သိပ်တန်ဖိုးမထားကြပါ။ နိုင်ငံရေးတွင်ပါဝင်ခြင်း၊ စီးပွားရေးတွင် လှုပ်ရှားခြင်း စသည်တို့သည် ရောက်လာမည့်နိုင်ငံတော်အတွက် ဧဝံဂေလိတရားဟောခြင်းလောက်ကို အရေးကြီးသည်ဟု ပြောကြပါသည်။ သူတို့အတွက် ဘုရားသခင့်နိုင်ငံတော်၏အောင်မြင်ခြင်းသည် ဧဝံဂေလိဟောခြင်းဖြင့် လူသားတို့ ကယ်တင်ခြင်းရလျှက် လူမှုဘဝတခုလုံးကို ခရစ်တော်၏တရားတော်နှင့်လွှမ်းမိုးနိုင်ခြင်းအပေါ် သိပ်မတည်ပါ။

ဒုတိယ၊ ပို့စ်မီလေးနီးယမ်းဝါဒက အသင်းတော်ကို တန်ဖိုးလျှော့တွက်လျှက် အရေးမပါသကဲ့သို့ ထားပါသည်။ သူတို့က ဘုရားသခင်၏နိုင်ငံတော်သည် အသင်းတော်ပြင်ပ၌၊ အသင်းတော်ထက်ပိုကြီးမားစွာ တည်ရှိပါသည်ဟု ပြောကြသည်။ ၎င်းတို့က အသင်းတော်သည် ခရစ်တော်ကိုယ်တိုင်က သူ့ကိုယ်သူနှင့်အတူ ချစ်ခင်ရသောအရာအဖြစ် မကြည့်

မြင်ကြပါ။ ထို့ကြောင့် ထိုသို့သော အမြင်ကို ဆာလံ ၁၂၂း၆၊ ဇဖက် ၁း၁၇-၂၃ တို့က ဆန့်ကျင်ကြပါသည်။ ထို့အပြင် ထိုဝါဒက အသင်းတော်ကိုစုစည်းခြင်း၊ စောင့်ရှောက်ထိန်းသိမ်းခြင်းတို့သည် ခရစ်ယာန်တို့အသက်ရှင်နေခြင်း၊ လုပ်ကိုင်နေကြခြင်း၏ အဓိကရည်ရွယ်ချက်မဟုတ်ပါဟု သင်ပေးကြသည်၊ ထိုသို့သင်ပေးခြင်းသည် ဆာလံ ၁၂၂း၉၊ ဇဖက် ၁း၁၇-၂၃ တို့နှင့် ဆန့်ကျင်နေပါသည်။ ထိုဝါဒီများအတွက် အသင်းတော်သည် ခရစ်ယာန်တို့ နိုင်ငံရေး၊ စီးပွားရေးနှင့် အခြားလူမှုရေး လှုပ်ရှားမှုများတွင်ပါဝင်ကြဖို့ သင်တန်းပေးရာနေရာတခုသာ ဖြစ်နေပါသည်။

ထိုသို့အသင်းတော်ကို သိပ်အထင်မကြီးသောအမြင်ရှိခြင်းက ထိုဝါဒလက်ခံသူအများစုကို အသင်းတော်အုပ်ချုပ်ပုံ၊ ဝတ်ပြုပုံ၊ ဩဝါဒများ စသည်တို့နှင့်ပတ်သက်သည့်ကိစ္စများကို လုံးဝနီးပါးစိတ်မဝင်စားသည့်အဖြစ်သို့ ရောက်စေပါသည်၊ ထို့အပြင် ကျမ်းစာ၏သင်ပေးခြင်းနှင့် မကိုက်ညီသည့် အခြားသောအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ကိုင်ခြင်းဆိုသည့် အီခယူမက်နီးကယ်ဝါဒ(ecumanicalism)သို့လည်း ရောက်စေပါသည်။ နိဂုံးချုပ်တွင် အသင်းတော်သည်အရေးမကြီးပါ၊ နိုင်ငံတော်သာအရေးကြီးပါသည်ဟု ၄င်းတို့က ပြောလေ့ရှိကြသည်။

ထို့ကြောင့်၊ ဤသို့သောပို့စ်မီလေးနီးယမ်းဝါဒကို ကိုင်ဆွဲကြသူအများက၊ အသင်းတော်သည် မိမိ၏သမိုင်းအစပျိုးချိန်တွင် မိမိ၏တာဝန်ကို ကြေပြွန်အောင် မထမ်းဆောင်ခဲ့ကြဟု မကြာခဏ ကနဦးအသင်းတော်များကို စွပ်စွဲတတ်ကြပါသည်၊ ထိုစဉ်က အသင်းတော်သည် ဧဝံဂေလိတရားကို သစ္စာရှိစွာဟောခဲ့ကြသော်လည်း၊ အပြစ်သားများ၏ကယ်တင်ခြင်းကို ရှာဖွေခဲ့ကြပါသော်လည်း၊ လူမှုဘဝတခုလုံးကို စိုးမိုးခြင်းလုပ်ငန်းအား မပြုလုပ်ခဲ့ကြပါ။ ထိုနေရာတွင် အသင်းတော်သည် ဆိုးရွားစွာကျရှုံးခဲ့ပါသည်ဟု ပြောတတ်ကြသည်။

တတိယ၊ ဤပို့စ်မီလေးနီးယမ်းပုံစံမျိုးက သစ္စာရှိသောခရစ်ယာန်သက်သေခံခြင်းကို အထင်သေးတတ်ပါသည်။ ၄င်းတို့က နိုင်ငံရေးတွင်ပါဝင်ပတ်သက်ခြင်း၊ အခြားသောလူမှုရေးအသင်းအဖွဲ့များတွင်သာ ပါဝင်ရန် ပို၍အရေးကြီးသည်ဟု သင်ပေးခြင်းက၊ သာမန်ခရစ်ယာန်တို့ မိမိတို့၏ဘုရားပေးသောနေရာတွင် ရိုးသားစွာ၊ သစ္စာရှိစွာနေထိုင်ကြလျှက်သက်သေခံကြခြင်းကို အတော်အထင်သေးတတ်ပါသည်။ (ဟိတ်ကြီးဟန်ကြီးနှင့် လူရှေ့သူရှေ့ အထင်ကြီးခံရတတ်သောနိုင်ငံရေး၊ လူမှုရေးများတွင် ပါဝင်ခြင်းသာ ပို၍အရေးကြီးသည်ဟု အထင်ရှိကြသူများဖြစ်ကြသည်)။ သူတို့က အရေးကြီးဆုံးသည်၊ ရေမြောင်းတူသမားဖြစ်ပါစေ၊ ဘုရားသခင်က အသုံးပြုသဖြင့် အခြားသူများ ကယ်တင်ခြင်းရလာရန်မဟုတ်ပါ၊ လူမှုရေးနေရာ လူ့အဖွဲ့အစည်းများကို လွှမ်းမိုးခြင်းသာဖြစ်သည်ဟု သင်ပေးကြပါသည်။

စတုတ္ထ၊ ဤခေတ်သစ်ပို့စ်မီလေးနီးယမ်းအဖွဲ့များသည် ၄င်းတို့၏ဥပဒေပညတ်များအပေါ် အလွန်အကျွံအလေးပေးခြင်းဖြင့် ပုံစံသစ်ဥပဒေပညတ်အဓိကဝါဒီများ(new legalism) ဖြစ်လာကြပါသည်။ နိုင်ငံတော်သည် လူအားလုံးကို ဥပဒေပညတ်၏အုပ်စိုးမှု အောက်သို့ရောက်စေခြင်းဖြင့် အကောင်အထည်ပေါ်လာမည်ဟု မျှော်လင့်နေသူအတွက်၊ သူတကယ်တွေးသည်မှာ ဧဝံဂေလိတရားက မလုပ်နိုင်ကျရှုံးသောနေရာကို ပညတ်ဥပဒေက ဖြစ်အောင်လုပ်ပေးလိမ့်မည်ဟုတွေးနေခြင်းသာဖြစ်ပါသည်။ သူတို့သည် ပညတ်ဥပဒေများ၏အားနည်းချက်ကို မေ့နေကြခြင်းဖြစ်ပါသည်။ ထိုအားနည်းချက်ကို ရောမ ၈း၃ ကယ္ခုလိုဖေါ်ပြပါသည်၊ “အဘယ့်ကြောင့်ဆိုသော် ပညတ်တရားက မလုပ်နိုင်ဘဲ၊ အသွေးအသားမှနေ၍ အားနည်းသွားစေသည်ကို၊ ဘုရားသခင်သည် မိမိ၏သားတော်အား အပြစ်ပြုသော အသွေးအသားနှင့် တူညီသောပုံစံဖြင့် အပြစ်အတွက် စေလွှတ်တော်မူပါသည်၊ ထို့နောက် အသွေးအသားတွင် အပြစ်ကို အပြစ်ဒဏ်ပေးပါသည်။”

နောက်ဆုံးအနေနှင့်၊ ထိုပို့စ်မီလေးနီးယမ်းဝါဒပုံစံမျိုးသည်၊ ၄င်း၏ နှစ်တထောင်နိုင်ငံတော်သည် ဤမြေကြီးပေါ်တွင် အဓိက ပြည့်စုံအကောင်အထည်ပေါ်ခြင်းရောက်လာမည် ဆိုသည့်အထူးပြုချက်နှင့်အတူ၊ “မြေကြီးအရာများကိုသာ အဓိကထားကြ”ဟူသော ဘာသာရေးတမျိုးဖြစ်လာနေပါသည်။ ထိုသို့မဖြစ်ရန် ပေါလုက ကျွန်တော်တို့ကို ဖိလိပ္ပိ ၃း၁၉ တွင် သတိပေးထားပါသည်၊ “ထိုသူတို့၏အဆုံးသတ်သည် ပျက်ဆီးခြင်းသာဖြစ်ပါသည်၊ သူတို့၏ဘုရားသည် သူတို့၏ဗိုက်သာ ဖြစ်ပါသည်၊ သူတို့၏ ဂုဏ်ကျက်သရေသည် သူတို့၏အရှက်ကွဲရခြင်းဖြစ်သည်၊ သူတို့သည် ကမ္ဘာမြေကြီးနှင့်ပတ်သက်သည်များကိုသာ စိတ်ဝင်စားကြသည်။” ထို့ကြောင့် ထိုအုပ်စုထဲမှအများသည် ခန္ဓာကိုယ်ပြန်လည်ထမြောက်ခြင်းအား ငြင်းပယ်ကြသည်ကို တွေ့ရမည်ဖြစ်သည်၊ ထို့အပြင် ကောင်းကင်ဘုံသည် တကယ့်နေရာတခုဖြစ်ခြင်း၊ ယုံကြည်သူတို့၏ နောက်ဆုံးသောနေအိမ်ဖြစ်ခြင်း စသည်တို့ကိုလည်း ငြင်းပယ်လာကြပါသည်၊ ထို့အပြင် ခရစ်တော်၏ ကောင်းကင်နိုင်ငံသို့တက်ခြင်း၊ ထိုသို့ပြုခြင်းက ယုံကြည်သူတို့ ကောင်းကင်ဘုံရောက်မည်ဆိုသော မျှော်လင့်ချက်ကို အာမခံချက်ပေးခြင်း စသည့်အမှန်တရားများကိုလည်း ငြင်းပယ်နေကြပြီဖြစ်ပါသည်။

## အာမီလေးနီးယမ်းဝါဒအကြောင်း (Amillennialism)

အာမီလေးနီးယမ်းဆိုသည့်စကားလုံး၏ တကယ့်အဓိပ္ပါယ်မှာ "နှစ်တထောင်မရှိပါ"ဖြစ်သည်။ သို့သော် အာမီလေးနီးယမ်းဝါဒက နှစ်တထောင်မရှိပါဟု ဘယ်တုန်းကမှသင်မပေးပါ။ အမှန်တရားမှာ အာမီလေးနီးယမ်းဝါဒက နှစ်တထောင်ကို တကယ့်အရှိအရှိအတိုင်း(literal) ဆိုသည့်ပုံစံနှင့်၊ အနာဂတ်တွင်မှာရှိလာမည် ဆိုသည့်ပုံစံနှင့် မယုံခြင်းဖြစ်ပါသည်။

အာမီလေးနီးယမ်းဝါဒက ဗျာဒိတ်ကျမ်း(၂၀)သည် ဓမ္မသစ်ကာလတခုလုံးကို ပြောနေသည်ဟု သင်ပေးပါသည်၊ ခရစ်တော် ပထမအကြိမ်လာရောက်ခြင်းမှ ကမ္ဘာကြီး၏အဆုံးသတ်ချိန်ထိဖြစ်သည်။ ထို့ကြောင့် ဗျာ(၂၀)၏ နှစ်တထောင်ဆိုသည်ကို အရှိအရှိ အတိုင်းမဟုတ်ဘဲ၊ ပုံဆောင်ချက်နိမိတ်ပုံအဖြစ် နားလည်ရမည်ဖြစ်သည်ဟု သင်ပေးပါသည်။

ပထမ၊ ဤသွန်သင်ခြင်းက တထောင်ဆိုသောနံပတ်အပါအဝင် ကျမ်းစာထဲမှာ နံပတ်များသည်၊ နေရာအတော်များများတွင် အရှိအရှိတိုင်းမဟုတ်ဘဲ၊ ပုံဆောင်ချက်များအနေဖြင့် ပါဝင်ကြသည်ဆိုသောအချက်အပေါ် အခြေခံ၍ သင်နေခြင်းဖြစ်သည်။ ကောင်းသောဥပမာတခုကို ကြည့်ရမည်ဆိုလျှင်၊ ဆာလံ ၅၀း၁၀ တွင်တွေ့နိုင်ပါသည်၊ ထိုနေရာတွင် ကျမ်းစာက "တထောင်သောတောင်ကုန်းများ"ဟုပြောသည့်အခါ၊ တထောင်အတိအကျကို ပြောနေခြင်းမဟုတ်ဘဲ၊ တောင်များအားလုံးကို ဆိုလိုနေခြင်းဖြစ်ပါသည်။

ဤနှစ်တထောင်ကာလ၏ အဓိကအချက်သည် စာတန်ကို နှစ်တထောင်ချုပ်နှောင်ခြင်းဖြစ်သဖြင့် (ဗျာ ၂၀း၁-၃)၊ အာမီလေးနီးယမ်းဝါဒက ဓမ္မသစ်ကာလတလျှောက်တွင် စာတန်ကို ချည်နှောင်ထားပါသည်ဟု သင်ပါသည်။ သူ့ကို အပြည့်အဝ ချုပ်နှောင်ခြင်းမဟုတ်ပါ၊ သို့သော် "တိုင်းနိုင်ငံတို့ကို မလှည့်ဖြားနိုင်တော့ရန်"ချုပ်နှောင်ခြင်းဖြစ်သည် (ဗျာ ၂၀း၃)။ စာတန်သည် ချုပ်နှောင်ခြင်းခံနေရသည်၊ ထို့ကြောင့် သူသည် ဧဝံဂေလိတရားဟောကြားခြင်းကို မတားဆီးနိုင်တော့ပါ၊ ထို့သို့ဖြင့် ဂျူးမဟုတ်သည့် အခြားနိုင်ငံများသည် ဧဝံဂေလိဟောခြင်း၏ရလဒ်အဖြစ် ပြောင်းလဲလာကြပါတော့သည်။

စာတန်သည် ခရစ်တော်၏ပထမအကြိမ်လာရောက်ချိန်တွင် တုတ်နှောင်ခံရသည်ဆိုခြင်းမှာ မဿဲ ၁၂း၂၉ အရ ရှင်းနေပါသည်။ ထိုနေရာတွင် စာတန်ကိုဆိုလိုကြောင်း သေချာရှင်းလင်းစေရန် သခင်ယေရှုက ဗျာဒိတ်၂၀း၂ တွင် အသုံးပြုသည့် စကားလုံးနှင့် တူညီသောဂရိစကားလုံးကို သုံးထားခဲ့ပါသည်။ သခင်ယေရှုက ဖါရိရှဲတို့ထံ "အားကြီးသူ(စာတန်)"သည် ချုပ်နှောင်ခြင်းခံရမည်ဖြစ် ကြောင်းပြောပြခဲ့ပါသည်။ ထိုသို့ပြောပြပြီး၊ ဆက်နွယ်သောကျမ်းပိုဒ်များတွင် သခင်ယေရှုက ဂျူးမဟုတ်သောတပါးအမျိုးသားတို့ကို ဧဝံဂေလိဟောခြင်းဖြင့် စုစည်းလျှက် နိုင်ငံတော်တည်ထောင်မည့် အကြောင်းကို ဆက်ပြောခဲ့ပါသည် (မဿ ၁၂း၁၄-၂၁၊ ၂၈-၃၀)။ မဿဲ ၁၂း၂၉ က ဗျာဒိတ် ၂၀း၂ ကို အနက်ဖွင့်ပေးနေပါသည်။ ထို့အပြင် စာတန်ကိုချည်နှောင်ခြင်း၏ရလဒ်မှာ ဓမ္မသစ်ကာလထဲတွင် နိုင်ငံအများအပြား ပြောင်းလဲသည် ဆိုသော ဧဝံဂေလိတရား၏အောင်ပွဲပင်ဖြစ်သည်ဟု ပြသနေပါသည်။

ထို့ကြောင့်၊ အာမီလေးနီးယမ်းဝါဒသည် နှစ်တထောင်ကာလ နောက်မှရောက်လာဦးမည်ဟု မျှော်မနေပါ၊ ထိုမှ ဆန့်ကျင်စွာ ကျွန်တော်တို့သည် ယခုပင် နှစ်တထောင်ကာလအလယ်တွင် နေနေကြသည်ဟု ယုံကြည်ပါသည်။ ထိုနှစ်တထောင်ကာလ ကုန်ဆုံးသောအခါ၊ ကမ္ဘာကြီး၏အဆုံးသတ် ရောက်လာမည်ဖြစ်ပါသည်။ ဤဓမ္မသစ်ကာလသည် ကမ္ဘာကြီး၏ နောက်ဆုံးသောကာလ ဖြစ်ပါသည်။

အာမီလေးနီးယမ်းဝါဒီတို့က နှစ်တထောင်မစမီ ချီဆောင်သိမ်းစည်းခြင်းလာမည်ဟု မျှော်မနေကြပါ၊ ထို့အတူ ခရစ်တော်သည် နှစ်တထောင်မကုန်မီ ပြန်လာမည်ဟုလည်း မျှော်မနေကြပါ၊ ထို့အတူ ကမ္ဘာကြီး၏အဆုံးသတ်မတိုင်မီ၊ နှစ်တထောင်ကာလမတိုင်မီ ဘေးဒဏ်ကြီးကာလ ရောက်လာမည်ဟုလည်း မျှော်မနေကြပါ။ ထိုမှဆန့်ကျင်စွာ ၄င်းအဖြစ်အပျက်တို့သည် နှစ်တထောင်ကာလ၏ အဆုံးသတ်ချိန်တွင် ရောက်လာကြမည်၊ ထို့နောက် ထာဝရကာလက လိုက်လာမည်ဟု သင်ပေးကြပါသည်။

ထို့ကြောင့် အာမီလေးနီးယမ်းဝါဒီတို့က ၁ကော ၁၅း၅၁-၅၂ တွင်ဖေါ်ပြသော "တံပိုး(ထရမ်းပက်)မှုတ်ခြင်း" သည် နောက်ဆုံးဖြစ်သည်ဟု သင်ပေးကြသည်၊ ထို့နောက် ရပ်ချာ(ချီဆောင်သိမ်းစည်းခြင်း)လိုက်လာမည် (၁သက် ၄း၁၆-၁၇)၊ ရွေးကောက်ခြင်းခံရသူများသည် သခင်ဘုရားနှင့်အတူ ဘုန်းကျက်သရေ၌ ထာဝရအတူနေကြရတော့မည်ဖြစ်သည်။ ထို့အတူ အာမီလေးနီးယမ်းတို့၏ သွန်သင်ခြင်းတွင် မဿဲ ၂၄း၂၉ ကသင်ပေးသော ကြီးလှသောဘေးဒဏ်ကြီးသည် ခရစ်တော်၏မိုးတိမ်ပေါ်တွင်ကြွလာခြင်း၊ သူ၏ ရွေးကောက်ခြင်းခံရသူများအား စုစည်းခြင်းတို့ကို ကြေညာသည့် တံပိုး(ထရမ်းပက်)မှုတ်သံပြီးသည်နှင့် ရောက်လာမည်ဟု ပြောပါသည်။

အာမီလေးနီးယမ်းဝါဒက ကမ္ဘာကြီး၏အဆုံးသတ်မရောက်ခင် အသင်းတော်တွင် တခါမှမရောက်ဘူးသေးသော ငြိမ်းချမ်းခြင်းနှင့်တိုးတက်ထွန်းကားကြွယ်ဝခြင်းတို့ ရောက်လာဦးမည်ဟု သင်မပေးကြပါ။ ထိုမှခြားနားစွာ အရာခပ်သိမ်း၏အဆုံးသတ်တွင် အသင်းတော်အပေါ် ကြီးသောဘေးဒဏ်ကြီးသည် ရောက်လာမည်ဆိုသော ကျမ်းစာ၏အမှန်တရားကို လေးနက်စွာခံယူကြပါသည်၊ ထိုနောက်ဆုံးသောနေ့ရက်များတွင် "အန္တရယ်ကြီးလှသောအချိန်ရောက်လာမည်" (၂တိ ၃း၁)၊ ထိုအချိန်များတွင် "ဆိုးညစ်သောသူများသည် ပို၍ပို၍ ဆိုးရွားလာကြမည်" (၂တိ ၃း၁၃)။

ထိုသို့ယုံကြည်ကြသောကြောင့် အချို့တို့က အာမီလေးနီယမ်းဝါဒသည် အဆိုးမြင်ဝါဒဟု စွပ်စွဲကြပါသည်။ သို့သော် ၄င်းသည် အဆိုးမြင်ဝါဒ မဟုတ်ပါ။ အာမီလေးနီးယမ်းဝါဒီတို့က ခရစ်တော်သည် အားလုံးကို အုပ်စိုးအုပ်ချုပ်သည်ဟု ယုံကြည်ကြပါသည်၊ သူသည် အစိုးရတော်မူလှသောတန်ခိုးဖြင့် အရာခပ်သိမ်းကို၊ ထို ဆိုးရွားလှသောအရာများကိုပင်၊ သူ့လူများ၏ကောင်းခြင်းအတွက် ဖြစ်လာစေပါသည်ဟု ယုံကြည်ကြပါသည်။

### အရှိအရှိအတိုင်းဝါဒနှင့်ဗျာဒိတ်ကျမ်း(၂၀)အကြောင်း(Literalism and Revelation 20)

ကျွန်တော်တို့တွေ့ခဲ့ကြသလို၊ အာမီလေးနီးယမ်းဝါဒတို့သည် ဗျာ(၂၀)ကို အရှိအရှိအတိုင်း မယူကြပါ၊ သို့သော် ၄င်းကို ပုံဆောင်ချက်အနေနှင့် ဓမ္မသစ်တလျှောက်လုံးကိုဆိုလိုကြောင်း နားလည်ကြပါသည်။ ထိုပုံဆောင်ချက်ကို ၁၀၀၀ ဆိုသည်မှာ ၁၀ × ၁၀ × ၁၀ ဖြစ်သည် ဆိုသည့်နေရာတွင်တွေ့ရပါသည်။ နံပတ် ၁၀ ကို ကျမ်းစာတွင် ပြည့်စုံသော နံပတ်အဖြစ်တွေ့နိုင်ပါသည်။ ထို အရှိအရှိအတိုင်းမဟုတ်ဘဲ နှစ်တထောင်ကာလကိုနားလည်ခြင်းအား ကျွန်တော်တို့ ခုခံကာကွယ်ချင်ပါသည်။

"တထောင်"ဆိုသော ကိန်းဂဏန်း အမြဲတမ်း အရှိအရှိတိုင်း ကျမ်းစာတွင် ယူဆ၍မရပါဆိုသည်ကို ကျွန်တော်တို့ တွေ့ခဲ့ကြပြီးဖြစ်ပါသည်။ ဘုရားသခင်သည် တောင်ပေါင်းတထောင်ပေါ်မှ တိရိစ္ဆာန်တို့ကိုသာ ပိုင်တော်မူသည်မဟုတ်ပါ၊ ရှိသမျှ တိရိစ္ဆာန်အားလုံးကို ပိုင်ဆိုင်ပါသည်။ "တထောင်"ဆိုသည်ကို အရှိအရှိအတိုင်း ယူ၍မရသော၊ အဓိပ္ပါယ်မှန်မှာ "အားလုံး" "တခုလုံး"ဖြစ်သည်ဟုပြောသည့် အခြားဆာလံကျမ်းများမှာ ဆာလံ ၈၄း၁၀၊ ဆာလံ ၉၀း၇၊ ဆာလံ ၁၀၅း၈ တို့ဖြစ်ပါသည်။ ကျမ်းစာထဲရှိ ကိန်းဂဏန်းနံပတ်များကို အမြဲတမ်း အရှိအရှိအတိုင်းယူရမည်၊ ဗျာဒိတ်(၂၀)လည်း ထိုသို့ဖြစ်သည်ဟု ပြောသူများသည် မှားယွင်းနေကြပါသည်။

ထို့အပြင် ဗျာဒိတ်ကျမ်း(၂၀)တွင် အရှိအရှိအတိုင်း ယူ၍မရသောအရာများ ပါဝင်နေကြောင်းကို ကျွန်တော်တို့ ညွှန်ပြနိုင်ပါသည်။ အကယ်(၁)နှင့်(၂)တွင် စာတန်သည် နဂါးကြီးမဖြစ်နိုင်ပါ၊ ပုံဆောင်ချက်သာဖြစ်ပါမည်၊ ထို့အတူ စာတန်သည် ဝိညာဉ်ဖြစ်သည်၊ သူ့ကို တကယ့်သံကြိုးကြီးနှင့် ချည်နှောင်၍မဖြစ်နိုင်ပါ၊ ပုံဆောင်ချက်များသာဖြစ်ကြသည် (ထို့အတူ လုကာ ၂၄း၃၉ ကိုလည်းကြည့်နိုင်ပါသည်)။ ထို့အပြင် တွင်းနက်ကြီးကိုလည်း မြေကြီးထဲတွင်ရှိသော နေရာတခုဟု ယူဆ၍မရပါ၊ ငရဲကို ရည်ညွှန်းခြင်းဖြစ်သည်၊ သူနေသော နေရာမှန်ဖြစ်သည်။ ထို့အပြင် ဤကျမ်းပိုဒ်တွင်ပါသော အန္တိခရစ်သည် တကယ့်သားရဲတိရိစ္ဆာန်ကြီး မဟုတ်ပါ(ငယ် ၁၀)၊ အသက်စာဆောင်(စာအုပ်)သည်လည်း တကယ့်စက္ကူများဖြင့် ပုံနှိပ်ထားသောစာအုပ်မဟုတ်ပါ(ငယ် ၁၂)။

ဗျာဒိတ်ကျမ်းတွင်ပါဝင်သည့် ထို့ထက်မက များပြားလှသော အကြောင်းအရာများသည်လည်း အရှိကိုအရှိအတိုင်း ယူဆ၍ မရသောအရာများ ဖြစ်နေကြပါသည်။ ဥပမာ မည်သည့်ခရစ်ယာန်ကမှ သူ၏ကြိုးစားခြင်းတို့၏ရလဒ်သည် ကျောက်ဖြူတတုံးပေါ်တွင် သူ၏နာမည်ကိုရေးထားခြင်းသာဖြစ်မည်ဟု မျှော်လင့်မည်မဟုတ်ပါ (ဗျာ ၂း၁၇)။ ထို့အတူ သူသည် ကောင်းကင်ဘုံသို့ရောက်သည့်အခါ၊ ကျောက်တိုင်တခုအဖြစ်သို့ ပြောင်းသွားမည်ဟုလည်း ယုံကြည်ကြမည် မဟုတ်ပါ (ဗျာ ၃း၁၂)။ ထို့အတူ သခင်ယေရှု၏လျှာသည်လည်း ဓါးတခြောင်းဖြစ်မည်ဟု မည်သူကမှ ယုံမည်မဟုတ်ပါ (ဗျာ ၁း၁၆)။

အံ့သြစရာကောင်းသည်မှာ နှစ်တထောင်ကို အရှိအရှိအတိုင်းအနက်ဖွင့်ရမည်ဟု ကျယ်လောင်စွာ အော်နေကြသူများက၊ ထိုသို့ အရှိကိုအရှိအတိုင်းအနက်မဖွင့်လျှင် ကျမ်းစာကို သစ္စာဖေါက်ရာကျသည်ဟု အော်ဟစ်နေကြသော်လည်း၊ သူတို့ကိုယ်တိုင်ကမူ ဗျာဒိတ်ကျမ်း ၂၀း၄ တွင်ပါသော "ဝိညာဉ်များ"ဆိုသည့်စကားကို အရှိအရှိအတိုင်း မယူချင်ကြပြန်ပါ။ ၄င်းတို့က ထို "ဝိညာဉ်များ" ဆိုသည့်စကားလုံးသည် အရှိအရှိအတိုင်းမဟုတ်ပါ၊ ပုံဆောင်ချက်ဖြစ်သည်၊ ဆိုလိုသည်မှာ လူပုဂ္ဂိုလ်အစစ်များဖြစ်ကြသည်ဟု ပြောကြပြန်ပါသည်။

ထို့ကြောင့် စာဖတ်သူများကို ကျွန်တော်တို့သတိရစေချင်သည်မှာ၊ ကျမ်းစာက အလွန်အကျွံ အရှိအရှိအတိုင်း အနက်ဖွင့်ခြင်းဝါဒကို မတောင်းဆိုပါ ဆိုသည့်အချက်ဖြစ်သည်။ ကျမ်းစာကိုယ်၌က တခါတရံ အဓိပ္ပါယ်နားလည်ဖို့ ဝိညာဉ်ရေးရာအနက်ဖွင့်ခြင်းသည် မရှိမဖြစ်လိုအပ်ပါသည်ဟု ပြောနေပါသည်။ ထိုသို့ ၁ကော ၂း၁၄ က ကျွန်တော်တို့ကို

ပြောနေပါသည်၊ "သဘာဝလူသားသည် ဘုရားသခင့်ဝိညာဉ်တော်၏ အကြောင်းအရာများကို လက်မခံပါ၊ အဘယ့်ကြောင့်ဆိုသော် ၄င်းတို့သည် သူ့အတွက် မိုက်မဲခြင်းများ ဖြစ်ပါသည်၊ ထို့အပြင် သူသည် ထိုအရာများကို သိလည်းမသိနိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ဝိညာဉ်ရေးရာအရ မျက်စိကန်းနေကြသည်။" ဝိညာဉ်ရေးသဘောတရားမှနေ၍သာ နားလည်နိုင်မည့်ကျမ်းပိုဒ် အမြောက်အများရှိပါသည်၊ ၄င်းတို့ထဲမှ ထင်ရှားသာကျမ်းပိုဒ်မှာ ဂလာတိ ၄း၂၁-၃၁ ဖြစ်သည်။

ကျမ်းစာကို မှန်ကန်စွာအနက်ဖွင့်ခြင်းသည် အလွန်အကျွံ အရှိအရှိအတိုင်းဝါဒအနက်ဖွင့်ခြင်းမဟုတ်ပါ၊ ကျမ်းစာက ကျမ်းစာကို အနက်ဖွင့်ရန် ခွင့်ပြုပေးခြင်းဖြစ်ပါသည်။ ထိုသို့ခွင့်ပြုသောအခါ၊ "တထောင်"ဆိုသောကိန်းဂဏန်းကို တခါတရံ နိမိတ်ပုံသင်္ကေတအဖြစ် နားလည်ရမည်ဟု ပြောပြနေပါသည် (ဆာလံ ၈၄း၁၀)။ စာတန်အား ချည်နှောင်ခြင်းသည် သခင်ခရစ်တော် လူ့ဇာတိခံချိန်တွင်ဖြစ်ခဲ့ကြောင်း ပြောပြပါသည် (မဿဲ ၁၂း၂၉)။ ထို့အတူ နှစ်တထောင်ကာလသည် ကမ္ဘာကြီး၏အဆုံးသတ်နှင့်အတူ ကုန်ဆုံးပါသည်ဟု ပြောပြပါသည် (ဗျာ ၂၀း၇-၁၅)။ ထို့ကြောင့် တခုတည်းသာဖြစ်နိုင်သောနိဂုံးချုပ်မှာ၊ ကျမ်းစာကိုအခြေခံလျှက်၊ နှစ်တထောင်ကာလက ရည်ညွှန်းသည်မှာ ဓမ္မသစ်ခေတ်တခုလုံးကို ဖြစ်ပါသည်။

ထိုအချက်များ အရေးကြီးကြပါသလား? အမှန်ပင် အရေးကြီးပါသည်။ အကယ်၍သာ ဤမျက်မှောက်ခေတ်ကုန်ဆုံးချိန်တွင် နှစ်ထောင်ကာလ သတ်သတ်ရှိဦးမည်ဆိုလျှင်၊ ကောင်းကင်ဘုံနှင့်စပ်ဆိုင်သော ယုံကြည်သူတို့၏ မျှော်လင့်ခြင်းနှင့် နောက်ဆုံးသော တရားစီရင်ခြင်းချိန်သည် အလွန်ဝေးကွာလှသောအချိန်တချိန်သို့ ရောက်သွားပါမည်၊ ထိုအခါ ခရစ်တော်ပြန်လာချိန်ကို စောင့်ကြည့်ကြပါ၊ ဆုတောင်းကြပါ၊ ပြင်ဆင်ကြပါဟု စေခိုင်းနေသော ခရစ်ယာန်တို့၏ တာဝန်များသည် အတော်ပင် အဓိပ္ပါယ်မဲ့သွားပါမည်။ အရာအားလုံး၏အဆုံးသတ်ကို စောင့်နေကြပါ၊ မျှော်လင့်ကြပါဟု ကျွန်တော်တို့ကို အရေးတကြီး တာဝန်ပေးနေရခြင်းသည်၊ ထိုအရာများ အလျှင်အမြန်ရောက်လာကြမည်ဆိုသည့် ကျွန်တော်တို့၏ ယုံကြည်စိတ်ချမှုအပေါ် တည်မှီနေပါသည်။

## ရှင်ပြန်ထမြောက်ခြင်းတကြိမ်သာရှိမည့်အကြောင်း (One Resurrection)

ဗျာဒိတ် ၂၀း၅ က "ပထမထမြောက်ခြင်း"ဟု ပြောထားပါသည်၊ ထို့ကြောင့် လူအများက ဒုတိယထမြောက်ခြင်းလည်း ရှိဦးမည်ဟု ယူဆနေကြခြင်းဖြစ်သည်။ အခြားကျမ်းပိုဒ်တို့ထက် ဤကျမ်းပိုဒ်ကို ကိုးကားကြလျှက်၊ နောက်ဆုံးသောအချိန်တွင် တကြိမ်မကသော ကိုယ်ခန္ဓာအားဖြင့် ထမြောက်ခြင်းရှိမည်ဟု သင်နေကြခြင်းဖြစ်သည်။ ပရီမီလေးနီးယမ်းဝါဒက ထမြောက်ခြင်း နှစ်ကြိမ်ရှိသည်ဟုပြောလျှက်၊ ဒစ်စပင်ဆေးရှင်းဝါဒက သုံးကြိမ် (သို့) လေးကြိမ်ရှိမည်ဟု ပြောနေပါသည်။

ဥပမာ၊ ပရီမီလေးနီးယမ်းတို့က သန့်ရှင်းသူတို့သည် နှစ်တထောင်ကာလမတိုင်မှီ ထမြောက်ကြမည်၊ အခြားသူများအားလုံး ကမ္ဘာကြီးအဆုံးသတ်တွင် ထမြောက်ကြမည် - ထိုနှစ်ခုသည် ကြားတွင် နှစ်တထောင်ကာလ ကြာမည်ဟု ပြောနေကြပါသည်။ ပရီမီလေးနီးယမ်းဝါဒီတို့က ဓမ္မဟောင်းကာလနှင့်ဓမ္မသစ်ကာလမှ သန့်ရှင်းသူတို့သည် နှစ်တထောင်ကာလအစတွင် ထမြောက်ကြကာ၊ ခရစ်တော်နှင့်အတူ နှစ်တထောင်ကာလတွင် ကမ္ဘာပေါ်၌ အုပ်စိုးကြမည်ဟု သင်ပေးကြသည်။

ကျမ်းစာက ရှင်ပြန်ထမြောက်ခြင်း တကြိမ်သာရှိသည်ဟု သင်ပေးပါသည်၊ လူသေအားလုံး ကမ္ဘာကြီး၏အဆုံးသတ်တွင် တကြိမ်သာ ထမြောက်ကြပါမည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ ထို့နောက် အားလုံး ဘုရားသခင့်တရားစီရင်ခြင်းခုံရုံးရှေ့၌ ရပ်ကြရပါမည်၊ သူတို့၏ ရှင်ပြန်ထမြောက်ခြင်းကိုယ်ခန္ဓာကို ရကြမည်၊ ထို့နောက် လက်ဆောင်များကို ကျေးဇူးတော်ကြောင့်သော်၄င်း၊ အလုပ်များကြောင့်သော်၄င်း ရကြပါမည်။ ထိုသို့ ကျမ်းစာက အသေအချာ သင်ပေးသည်ဟု ကျွန်တော်တို့ သေချာစွာသိကြပါသည်။ ယောဟန် ၅း၂၈၊ ၂၉ တွင် အားလုံးဆိုသောစကားလုံးဖြင့် ပြောပြပါသည်။ တမန် ၂၄း၁၅ တွင်လည်း တကြိမ်ထမြောက်ခြင်းအကြောင်းကို ပြောထားပါသည်၊ ဖြောင့်မတ်သူများရော၊ မဖြောင့်မတ်သူများပါ တကြိမ်တည်းတွင် ထကြမည်ဖြစ်သည်။

ယောဟန် ၆ တွင် သခင်ယေရှုက ယုံကြည်သူတို့၏ထမြောက်ခြင်းသည် နောက်ဆုံးသောနေ့တွင်ဖြစ်မည်ဟု လေးကြိမ် ပြောပါသည်၊ နှစ်တထောင်ခေတ်မတိုင်မှီ မဟုတ်ပါ (အငယ် ၃၉၊ ၄၀၊ ၄၄၊ ၅၄)။ "နောက်ဆုံးနေ့"ဆိုသည့်စကားလုံးက ကျမ်းစာတွင် အမြဲတမ်း နိဂုံးချုပ်အဆုံးသတ်ကိုသာ ရည်ညွှန်းလေ့ရှိပါသည် (ယော ၆း၄၀၊ ယော ၁၁း၂၄၊ ယော ၁၂း၄၈)။

ထိုသို့ဆိုလျှင် ဗျာ ၂၀ ကပြောသော ပထမထမြောက်ခြင်းဆိုသည်က ဘာကိုပြောချင်သနည်း? ပထမထမြောက်ခြင်းဆိုသည်မှာ သေသည့်အခါ သေသူတို့၏ဝိညာဉ်များကို ခရစ်တော်နှင့်အတူရှိနေရန် ခေါ်သွားလျှက်၊ ထိုနေရာတွင် ကမ္ဘာဆုံးချိန်အထိ ကိုယ်ခန္ဓာမပါဘဲ၊ ခရစ်တော်နှင့်အတူ စိုးစံနေရခြင်းအခြေအနေကို ဆိုလိုပါသည်။ ကမ္ဘာအဆုံးသတ်ချိန်တွင် သူတို့၏ကိုယ်ခန္ဓာများသည် ဒုတိယထမြောက်ခြင်းအဖြစ် ထမြောက်ကြပါမည်။ ထိုသို့ ကျွန်တော်တို့ ယုံကြည်ရသည့်အကြောင်းအရင်း အတော်များများရှိပါသည်၊-

ပထမ၊ ဗျာဒိတ်ကျမ်း ၂၀း၄ က တကယ်ပြောနေသည်မှာ ဝိညာဉ်များဖြစ်ပါသည်။ အတော်လေးစိတ်ဝင်စားစရာကောင်းသည်မှာ၊ ဗျာဒိတ်ကျမ်း ၂၀ အား အရှိကိုအရှိအတိုင်း အဓိပ္ပါယ်ယူရမည်ဟု အသံကျယ်နှင့်အော်ဟစ်နေကြသူ၊ ပရီမီလေးနီးယမ်းဝါဒီများနှင့် ဒစ်စပင်ဆေးရှင်းဝါဒီများက၊ ဤကျမ်းပိုဒ်၌ပါဝင်သော ဝိညာဉ်များကိုတော့ အရှိအရှိအတိုင်း မယူချင်ကြဘဲ၊ တကယ့်ပြည့်စုံသောလူသားပုဂ္ဂိုလ်များဟု ပြောနေကြခြင်းဖြစ်ပါသည်။ သူတို့က ထိုဝိညာဉ်များ ဆိုသည်မှာ နှစ်ပေါင်းတထောင်မတိုင်မှီ ကိုယ်ခန္ဓာနှင့် ထမြောက်ကြသည့် ယုံကြည်သူများဖြစ်ကြသည်၊ သူတို့၏ထမြောက်ပြီး ဝိညာဏကိုယ်ခန္ဓာနှင့် နှစ်ပေါင်းတထောင် ခရစ်တော်နှင့်အတူ စိုးစံကြမည်ဟု ပြောနေခြင်းသည်၊ သူတို့၏အယူအဆကို သူတို့ဘာသာ ငြင်းနေကြခြင်းသာ ဖြစ်နေပါသည်။

ကျမ်းစာတွင် တခါတရံ ဝိညာဉ်ဆိုသောစကားလုံးကို တကယ့်လူသားများအဖြစ် မှတ်ယူကြသည်များလည်း ရှိနေပါသည် (ကမ္ဘာ ၂း၇၊ ၄၆း၂၆-၂၇)၊ သို့သော် ထိုသို့ မှတ်ယူသည့်အခါတိုင်း၊ "ပုဂ္ဂိုလ်"ဆိုသောစကားလုံးကို အဓိပ္ပါယ်မပြောင်းလဲဘဲ "ဝိညာဉ်"နှင့် အစားထိုးလေ့ရှိပါသည်။ ထိုသို့အစားထိုခြင်းသည် ဗျာဒိတ် ၂၀ တွင်မဖြစ်နိုင်ပါ။ ဗျာဒိတ် ၂၀း၄ ကို အစားထိုးလိုက်လျှင် ဤသို့ဖြစ်လာပါမည်၊ "ယေရှုအတွက် သက်သေခံ၍ ခေါင်းဖြတ်ထားခြင်းခံရသော ပုဂ္ဂိုလ်များကို ငါတွေ့သည်။" (ခေါင်းပြတ်နေသော လူများ သွားလာနေကြသည်ကိုတွေ့သည်ဟု ပြောရာရောက်ပါမည်)

ဒုတိယ၊ ဗျာဒိတ် ၂၀ က သေခြင်းနှစ်မျိုးကိုလည်း ပြောပြပါသည်(၁၄)။ ဒုတိယသေခြင်းသည် ကိုယ်ခန္ဓာသေခြင်း မဟုတ်ပါ၊ ဝိညာဉ် ငရဲတွင် ထာဝရဝေဒနာခံစားရခြင်းကို ပြောနေပါသည်။ အဘယ့်ကြောင့် ထမြောက်ခြင်းနှစ်ခုလုံးသည် ကိုယ်ခန္ဓာထမြောက်ခြင်း ဖြစ်ရပါမည်နည်း?

တတိယ၊ ကျမ်းစာက ကျမ်းပိုဒ်အမြောက်အများတွင် ဝိညာဉ်အသက်တာသစ်ကို ရှင်ပြန်ထမြောက်ခြင်းစကားလုံးဖြင့် ဖေါ်ပြနေပါသည် (ယော ၅း၂၄-၂၅၊ ၁၁း၂၅-၂၆၊ ရောမ ၆း၁၃၊ ဧဖက် ၂း၅၊ ကော ၂း၁၂)။ ထို့ကြောင့် ခရစ်တော်က ယုံကြည်သူတို့၏ဝိညာဉ်များကို သေဆုံးသည်နှင့် သူ့ထံလက်ခံတော်မူခြင်းကို ဗျာဒိတ်ကျမ်း ၂၀ က "ရှင်ပြန်ထမြောက်ခြင်း"ဟု ပြောနေသည်ကို ဘာကြောင့် အထူးတဆန်းလုပ်နေပါမည်နည်း?

ထို့ကြောင့် ကျွန်တော်တို့က ခရစ်တော်၏ တခါတည်းသာပြန်လာခြင်း၊ ကိုယ်ခန္ဓာများ တခါတည်းသာ ပြန်လည်ထမြောက်ခြင်းနှင့် တခုတည်းသော ထာဝရမျှော်လင့်ခြင်းတို့ကို ယုံကြည်ကြပါသည်။

## သေခြင်းအကြောင်း(Death)

သေခြင်းသည် ရန်သူတဦးဖြစ်ကြောင်း သံသယဖြစ်စရာ မရှိပါ - နောက်ဆုံးရန်သူ ဖြစ်ပါသည် (၁ကော ၁၅း၂၆)။ ကျွန်တော်တို့ သေခြင်းကိုကြောက်ကြသည်။ မခံစားဘူးသေးသောကြောင့်သာ မကပါ။ သေပြီးနောက်ပိုင်း ဘယ်လိုဖြစ်ကြသည်ကို မည်သူမှ သေဆုံးပြီး ပြန်လာပြောပြကြသူ မရှိပါ။ သို့သော် ကျွန်တော်တို့ သေခြင်းကို ကြောက်လန့်ကြရခြင်းမှာ၊ ၎င်းသည် အပြစ်၏အဖိုးအခဟု အားလုံးက သိနားလည်နေကြ၍ဖြစ်ပါသည် (ရောမ ၆း၂၃)။ သေခြင်းဆိုသည်မှာ သူ့ကို ဆန့်ကျင်ပုန်ကန်သူများအပေါ် ချမှတ်သော ဘုရားသခင်၏တရားစီရင်ချက် ဖြစ်သောကြောင့် ကြောက်နေကြရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သေခြင်း၏ ထိတ်လန့်ကြောက်ရွံ့စရာကောင်းမှုနှင့် ပျက်သုန်းရခြင်းအဖြစ်ကို ဖုံးဖိရန် ကြိုးစားကြသော အဖြစ်များအားလုံးကို အံ့သြဖို့မလိုအပ်ပါ။ ထို့အပြင် သေခြင်းနှင့်ထိတ်တိုက်တွေ့ရမည့်အဖြစ်မှ ပေါ်လာသော သူတို့၏ဝမ်းနည်းမှုများကို အများစုကြီးက ပျော်ပါးသောက်စားမှုများဖြင့် လျှော့ပါးရလေအောင် ကြိုးစားကြခြင်းကိုလည်း အံ့သြစရာအကြောင်း မရှိပါ။ တကယ့် သေခါနီးချိန်များတွင်ပင်၊ သူတို့သည် သေခြင်းအကြောင်းကို မတွေးချင်ကြပါ၊ (သို့) မပြောချင်ကြပါ၊ အများစုကတော့ သူတို့သည် သေနေကြခြင်းမဟုတ်ပါဟု ငြင်းဆန်နေတတ်ကြခြင်းသာဖြစ်ပါသည်၊ တကယ်တမ်းတွင် ပျောက်ရန် ကုစရာနည်းလမ်းလည်း မရှိ၊ အကူအညီမဲ့မှုသာ ရှိနေပါသည်။

ဘုရားသခင်အား မကြောက်ရွံ့မရှိသေသူများက သေခြင်းကို ဖန်ဆင်းခြင်းထဲ တွေ့ကြသောအခါ၊ "အသန်မာဆုံးများသာ ဆက်လက်ရှင်သန်ကြသည်"(the survival of the fittest)ဟုပြောတတ်ကြသည်၊ ထို့အတူ "သဘာဝတရားကြီး၏ နီရဲသော သွားများနှင့်လက်သည်းများ"(nature red in tooth and claw)ဟုလည်း ကဗျာဖွဲ့၍ ပြောတတ်ကြပါသည်။ ထိုသို့

ပြောကြရခြင်းမှာ သေခြင်းသည် သဘာဝမဟုတ်ပါ၊ ဘုရားသခင်၏ အမျက်တော်ကြောင့် ဖြစ်လာရသည် ဆိုသောအမှန်တရားကို ဖုံးဖိကြဖို့ဖြစ်ပါသည်။ သေခြင်းသည် နေရာတိုင်းတွင်၊ အမြဲတမ်းပင် မျှော်လင့်ခြင်းအားလုံး ချုပ်ငြိမ်းရာဖြစ်ပါသည်။ မကြာခင်ရောက်လာသော ရန်သူဖြစ်ပါသည်။ သေခြင်းတွင်၊ ဘုရားသခင်၏တရားစီရင်ခြင်းဖြင့်၊ လုပ်ဆောင်မှုအားလုံး၊ မျှော်လင့်ခြင်းအားလုံးတို့သည် မပြည့်မစုံ၊ မကျေမနပ် ချန်ထားရသည်ချည်းဖြစ်ပါသည်။

ယုံကြည်သူအတွက် ယုံကြည်ခြင်းဖြင့်သာ သေခြင်းကို ကြည့်နိုင်ရပါသည်၊ သို့သော်လည်း မလွယ်ကူလှပါ။ သေခြင်းနှင့်ရင် ဆိုင်ရသောအခါ၊ ယုံကြည်ခြင်းသည်လည်း ရုန်းကန်ရပါသည်၊ တိုက်ပွဲဝင်ရပါသည်၊ ကျော်လွှားနိုင်ဖို့ အားထုတ်ရပါသည်၊ သို့သော် အမြဲတမ်း အောင်ပွဲသို့ ရောက်ပါသည်။ မိမိသြတ္တပ္ပစိတ်ထဲတွင်ရှိနေသည့် အပြစ်တို့ကြောင့်၊ ဘုရားသခင့်သားသမီးတယောက်သည် သေခြင်းကို ရင်ဆိုင်နိုင်ရန် ခရစ်တော်၏အသေခံပေးခြင်းဆိုသော ယဇ်ပူဇော်ခြင်းနှင့် သေခြင်းကို အောင်နိုင်ပြီးဖြစ်မှုတို့အပေါ် အားကိုး၍ရပါသည် ဆိုသည့်အမှန်တရားကို ဆက်၍ယုံကြည်ခြင်းဖြင့် ကြည့်မြင်ရမည်ဖြစ်သည်၊ သူ၏နှလုံးသားအားလုံးနှင့် သေခြင်းသည် အောင်နိုင်ခြင်းထဲတွင် ဝါးမြိုခြင်းခံခဲ့ရပြီးဖြစ်ကြောင်း ယုံကြည်ရပါသည်။

သေခြင်းသည် ယုံကြည်သူတို့အတွက် အောင်နိုင်ပြီးဖြစ်ပါသည်။ သေခြင်းက ခရစ်တော်ကို ဆွဲမထားနိုင်ခဲ့ပါ (တမန် ၂း ၂၄)။ သေခြင်း၏အဆိပ်(ဖျက်ဆီးနိုင်ခြင်းစွမ်းအား)သည် အပြစ်ဖြစ်သည် (၁ကော ၁၅း၅၆)၊ ခရစ်တော်၌ သူ့ကိုယ်ပိုင်အပြစ် မရှိပါ။ ကြားဝင်ဖြန်ဖြေပေးသူအနေနှင့် အပြစ်များကို သူ့အပေါ် ယူဆောင်ခြင်းသာဖြစ်ပါသည်၊ ထိုယူဆောင်သောအပြစ်တို့အတွက် အဆုံးစွန်သော တန်ဖိုးကို ပေးဆပ်ပေးပါသည်။ သူသည် ဆန္ဒရှိစွာဖြင့် မိမိကိုယ်ကို သေခြင်း၏တန်ခိုးထဲသို့ ရောက်စေပါသည်၊ ၎င်း၏အ ဆုံးစွန်သော စွမ်းအားကို သူ့ထံသို့ ပြုစေပါသည်၊ သို့သော် သေခြင်းက သူ့ကို ဘာမှမလုပ်နိုင်ခဲ့ပါ၊ မနိုင်ခဲ့ပါ၊ အဘယ့်ကြောင့်ဆိုသော်သူသည် ဘုရားသခင်၏သားတော်ဖြစ်ပါသည်၊ သန့်ရှင်းသော ဘုရားသခင်ဖြစ်တော်မူပါသည်။ ဂျွန်အိုဝင် ဆိုသော ပျူရီတန်ပညာရှင်က လှပစွာပြောခဲ့သလို၊ သူ၏သေခြင်းသည် “သေခြင်း၏သေခြင်း”သာဖြစ်ပါသည်။ ခမည်းတော်က သူ့အားပေးထားသော သူတိုင်းအတွက်ဖြစ်သည်။

ထို့အတွက် ပေါ်လာသောမေးခွန်းမှာ “သေခြင်းသည် အောင်နိုင်ခြင်း၏ ဝါးမြိုခံရပြီဖြစ်လျှင်၊ ယုံကြည်သူတို့ အဘယ့်ကြောင့် သေရပါသေးသနည်း?” (သို့) ကျွန်တော်တို့၏ ဟိုက်ဒဲလ်ဘာ(ဂ်)အမေးအဖြေများက မေးသလို မေးရလျှင် “သခင်ခရစ်တော် ကျွန်ုပ်တို့အတွက်သေခဲ့လျှင် ကျွန်ုပ်တို့ အဘယ်ကြောင့် သေရသေးသနည်း?” အမေးအဖြေက ပေးသောအဖြေသည် ကျမ်းစာ၏ အဖြေပင်ဖြစ်ပါသည်၊ “ကျွန်ုပ်တို့၏သေခြင်းသည် ကျွန်ုပ်တို့၏အပြစ်များအတွက် ကျေနပ်စေခြင်း မဟုတ်ပါ၊ အပြစ်များအား ဖျက်သိမ်းခြင်းသာ ဖြစ်သည်။ ထာဝရအသက်ဝင်စားဖို့ရန် လမ်းအကူးတခုသာ ဖြစ်၏။” (ယော ၅း၂၄၊ ဖိ ၁း၂၃)

မည်မျှ အံ့သြစရာကောင်းလှပါသနည်း? ငရဲနှင့်ပျက်သုန်းရခြင်းတို့သို့သာ အမြဲတမ်းဖွင့်ထားတတ်သည့် မှောင်မိုက်သော တံခါးတို့သည်၊ ယခုအခါတွင် ယုံကြည်သူတို့အတွက် ဘုန်းကြီးလှသော ကောင်းကင်ဘုံနှင့် ဆိုသည့်အသက်ရှင်ခြင်းသို့ ဖွင့်ထားလျှက် ရှိနေခြေပြီ။ ထို့ကြောင့် “ခရစ်တော်က ငါတို့အစား ပြုလုပ်ပေးသော အောင်နိုင်ခဲ့ပြီးခြင်းကို အပြည့်အဝ ဖေါ်ပြနိုင်ဖို့ ငါတို့ သေဖို့လိုပါသည်”ဟု ပြောခြင်းသည် မမှားသောအပြောဖြစ်ပါသည်။ သေခြင်းသည် အပြစ်အားလုံး၏ နိဂုံးချုပ်ခြင်းဖြစ်သည်။ အသေအချာ ပြောရလျှင်၊ ဘုန်းကျက်သရေသို့ ဝင်ပေါက်ဖြစ်သည်၊ ထို့အပြင် သေခြင်းသည် အမှန်ပင် ဝါးမြိုခြင်းခံခဲ့ရပြီးကြောင်း သက်သေလည်းဖြစ်ပါသည်။

ထို့အတူ ယုံကြည်သူက “အသက်ရှင်လျှင် ငါတို့သည် သခင်ဘုရားထံသို့ ရှင်ကြသည်၊ သေလျှင်လည်း ငါတို့သည် သခင်ဘုရားထံသို့ သေကြသည်၊ ငါတို့ အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ ငါတို့ကို သခင်ဘုရားကသာ ပိုင်ဆိုင်ပါသည်”(ရောမ ၁၄း၈)ဟုလည်း ပြောနိုင်ပါသည်။ သေခြင်းရောက်လာသော် သင်၏ခံယူယုံကြည်ချက်သည်လည်း ထိုသို့ပင် ဖြစ်ပါမည်လော?

## ကျွန်ုပ်တို့၏ရှင်ပြန်ထမြောက်ခြင်းမရှိမဖြစ်လိုအပ်သည့်အကြောင်း

(The Necessity of Our Resurrection)

ကိုယ်ခန္ဓာနှင့်ရှင်ပြန်ထမြောက်ခြင်း တကြိမ်သာရှိမည်ဆိုသည့်အချက်ကို ကျွန်တော်တို့ အခိုင်အမာ တည်ဆောက်ခဲ့ကြပြီး ဖြစ်သည်။ ကယ်တင်ခြင်းခံရသူများရော၊ မရသူများပါ၊ ကမ္ဘာကြီး၏အဆုံးသတ်တွင် တကြိမ်သာ ထမြောက်ကြပါမည်၊ ဒစ်စပင်ဆေး ရှင်းဝါဒနှင့် ပရီမီလေးနီးယမ်းဝါဒတို့က ပြောသလို အကြိမ်အများကြီး မဟုတ်ပါ။ ကျွန်တော်တို့အတွက် ထိုတကြိမ်တည်းသောထ မြောက်ခြင်းသည် မျှော်လင့်ချက်အားလုံးတို့က အထူးပြုရာဖြစ်ပါသည်။ ထိုသို့ပင်ဖြစ်ရမည်ဟု ကျမ်းစာက ကျွန်တော်တို့ကို ပြောထားသည့်အတိုင်းဖြစ်ပါသည် (၁ကော ၁၅း၁၂-၁၉)။ ယခုတွင် ကျမ်း

စာကသင်ပေးသည့်၊ နောက်ဆုံးသောအချိန်၌ ယုံကြည်သူတို့ထမြောက်ကြခြင်းနှင့် ပတ်သက်သောအကြောင်းများကို ကြည့်ကြပါမည်။

ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်ခြင်းသည် အတော်ဆိုးဝါးသောအမှားဖြစ်သလို၊ ယုံကြည်သူတို့၏ ထမြောက်ခြင်းကို ငြင်းပယ်ခြင်းသည်လည်း ဆိုးရွားလှပါသည်။ လူသေများရှင်ပြန်ထမြောက်ခြင်း ကျွန်တော်တို့အတွက် မရှိလျှင်၊ ခရစ်တော်သည်လည်း ထမြောက်မည်မဟုတ်ပါ။ ထိုနှစ်ခုသည် ခွဲ၍မရအောင် ဒွန်တွဲနေပါသည်။ တခု မဖြစ်လျှင် နောက်တခုလည်း ဖြစ်လာမည်မဟုတ်ပါ။ ၎င်းကို ၁ကော ၁၅း၁၆-၁၇ ကသင်ပေးပါသည်။

ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်ကြသူများသည် ခေတ်အဆက်ဆက် ယနေ့တိုင်အောင် ရှိနေပါသည်။ ထိုသို့ ငြင်းဆန်ကြခြင်းနှင့်အတူ ဒွန်တွဲလျှက်ပါလာလေ့ရှိသောအချက်မှာ ခရစ်တော်၏ ဘုရားဖြစ်ခြင်းကိုလည်း ငြင်းဆန်ခြင်းဖြစ်ပါသည်။ သူ၏ အပျိုစစ်စစ်မှမွေးဖွားခြင်း၊ သူ၏ အံ့ဩဖွယ်လုပ်ဆောင်ချက်များနှင့် သူ၏ အပြစ်မှ ကြေအေးစေဖို့ရန် အသေခံပေးခြင်း စသည်တို့ကိုလည်း ငြင်းပယ်ကြခြင်းဖြစ်ပါသည်။ ထို့အတူ ယုံကြည်သူများ၏ ရှင်ပြန်ထမြောက်ခြင်းကို ငြင်းဆန်ကြသူများလည်း ရှိနေကြပါသည်။ အသင်းတော်စတင်ချိန်ကလည်း ရှိခဲ့ကြသလို (၁ကော ၁၅း၁၂၊ ၂တိ ၂း၁၇-၁၈)၊ ယနေ့ချိန်တွင် လည်း ရှိနေကြဆဲဖြစ်ပါသည်။

အချို့ကို အထူးသဖြင့် ခရစ်စတီယန် ရီခေါ်နစ်ထရပ်ရှင်းလှုပ်ရှားမှုတွင် တွေ့ရပါသည်။ ထိုသူတို့က ပရောဖက်များက ဖေါ်ပြချက်များအားလုံး အတိတ်တွင်ပြီးခဲ့ကြပြီ ဆိုသည့်အမြင်ကို ခံယူကြခြင်းဖြင့်၊ သေခြင်းမှရှင်ပြန်ထမြောက်ခြင်းသည်လည်း အတိတ်တွင်ကျန်ခဲ့ပြီဟု သင်ပေးကြပါသည်။

သို့သော် ရှင်ပေါလုက ယုံကြည်သူတို့၏ကိုယ်ခန္ဓာများ အနာဂတ်တွင် ပြန်လည်ရှင်ပြန်ထမြောက်ဦးမည် ဖြစ်ခြင်းကို ငြင်းပယ်ခြင်းသည်၊ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်ခြင်းသာဖြစ်ပါသည်၊ ယုံကြည်ခြင်းကို အချည်းနှီးမဲ့ဖြစ်စေခြင်းသာ ဖြစ်ပါသည်၊ ကျွန်တော်တို့ကို မိမိတို့အပြစ်များထဲ၌ ဆက်၍နေစေခြင်းသာဖြစ်သည်ဟု ပြောပါသည်။ ထို့ကြောင့် ၎င်းသည် အဆိုးဝါးဆုံးအမှားဖြစ်သည်။ အဘယ့်ကြောင့်နည်း?

ပထမ၊ အနာဂတ်တွင် ကိုယ်ခန္ဓာနှင့် ထမြောက်ခြင်းရှိမည်ကို ငြင်းပယ်ခြင်းသည်၊ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်ခြင်းသာဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ယုံကြည်သူတို့၏ရှင်ပြန်ထမြောက်ခြင်းသည်၊ ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း၏ တစိတ်တပိုင်းဖြစ်သောကြောင့်ဖြစ်သည်။ ယုံကြည်သူတို့သည် ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်ကြသည်၊ အသင်းတော်ဖြစ်သည်၊ ၎င်းတို့ထဲတွင် ခရစ်တော်၏ရှင်ပြန်ထမြောက်သောအသက်သည် ရှိနေပါသည်။ ရလဒ်မှာ ယုံကြည်သူတို့သည်လည်း ခရစ်တော်ရှင်ပြန်ထမြောက်ချိန်တွင် ခရစ်တော်နှင့်အတူ ထမြောက်ကြပြီးဖြစ်ပါသည်။ ထိုသို့မဟုတ်ခဲ့ပါလျှင်၊ ခရစ်တော်၏ရှင်ပြန်ထမြောက်ပြီး အသက်သည် မပေါ်မရှိဟုပြောရမည်သာဖြစ်သည် - ခရစ်တော်မထမြောက်၊ သေခြင်းကို မနိုင်ဟု ဆိုရာရောက်လာပါမည်။ ခရစ်တော်၏ သေခြင်းအပေါ် အောင်နိုင်ခြင်း၊ သေခြင်းအပေါ် အာဏာရှိခြင်းတို့ကို သူ၏ရှင်ပြန်ထမြောက်ခြင်းကသာ သက်သေပြသည် မဟုတ်ပါ၊ ယုံကြည်သူတို့၏ ရှင်ပြန်ထမြောက်ခြင်းကလည်း သက်သေပြနေပါသည်။

ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်ခြင်းက ကျွန်တော်တို့သည် အပြစ်များထဲ၌ဆက်နေကြသေးသည်ဟု ပြောရာလည်း ရောက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်ရှေ့တွင် ကျွန်တော်တို့သည် ဖြောင့်မတ်ကြသည်ဆိုခြင်းကို သက်သေပြခြင်းဖြစ်ပါသည်။ သခင်ယေရှုက အပြစ်မှကြေအေးခြင်းကို ပြုပြီးသောအခါ၊ "အမှုပြီးပြီ"ဟု ပြောခဲ့ပါသည်။ ဘုရားသခင်က သခင်ယေရှုကို သေခြင်းမှရှင်ပြန်ထမြောက်စေသောအခါ၊ တရားသူကြီးအနေနှင့် "အမှုပြီးပြီ"ဟု ပြောခြင်းဖြစ်ပါသည်။ ထို့ကြောင့် သေခြင်းမှပြန်လည်ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင့်ရှေ့တွင် ကျွန်တော်တို့ ဖြောင့်မတ်ကြပြီဟု ကြေညာခြင်းသာဖြစ်ပါသည်။ ၎င်းသည် ရောမဩဝါဒစာ ၅း၂၅ က ငါတို့သခင်ယေရှုသည် "ငါတို့၏ဖြောင့်မတ်ခြင်းအတွက် ပြန်၍ထမြောက်ပါသည်"ဟု ပြောခြင်း၏အဓိပ္ပါယ်ဖြစ်သည်။

ကျွန်တော်တို့၏မျှော်လင့်ခြင်းသည် ကောင်းကင်တွင်ရှိသဖြင့် "အသွေးနှင့်အသားက ကောင်းကင်ဘုံကို အမွေမရနိုင်သောကြောင့်" (၁ကော ၁၅း၅၀)၊ ကျွန်တော်တို့သည် ရှင်ပြန်ထမြောက်ချိန်ကို စောင့်မျှော်နေကြပါသည်၊ တောင့်တကြပါသည်။ သို့သော် သေသူများ ထမြောက်ခြင်း မရှိခဲ့လျှင်၊ ကျွန်တော်တို့၏ခန္ဓာကိုယ်များ ရှင်ပြန်ထမြောက်ချိန်တွင် မပြောင်းလည်းကြပါလျှင်၊ ထိုမျှော်လင့်ခြင်းသည် အချည်းနှီးမဲ့ဖြစ်ပါမည်။ ထို့ကြောင့် ကျွန်တော်တို့သည် တတိယနေ့တွင် ခရစ်တော် သေခြင်းမှ ရှင်ပြန်ထမြောက်သည်ကို ယုံကြည်ရမည်သာမကပါ၊ ကျွန်တော်တို့၏ ခရစ်တော်နှင့်အတူ ရှင်ပြန်ထမြောက်ခြင်းကိုလည်း ယုံကြည်ကြရပါမည်။ ထိုအချိန်တွင် ကျွန်တော်တို့ ၏ဆိုးညစ်သောကိုယ်ခန္ဓာများသည် ခရစ်တော်၏ ဘုန်းကျက်သရေအရှိဆုံး ကိုယ်ခန္ဓာကဲ့သို့ ပြောင်းလဲသွားကြမည်ဖြစ်ပါသည် (ဖိ ၃း၂၁)။

## ကိုယ်ခန္ဓာရှင်ပြန်ထမြောက်ခြင်းအကြောင်း(The Resurrection body)

လူသေတို့၏ ပြန်လည်ရှင်ပြန်ထမြောက်ခြင်းနှင့်ပတ်သက်၍ ယခုချိန်တွင် အဖြေပေး၍မရသောမေးခွန်း အမြောက်အများရှိပါသည်။ ထို့အတူ ပြန်လည်ရှင်ပြန်ထမြောက်ချိန်တွင် ကျွန်တော်တို့ ရရှိကြမည့် ကိုယ်ခန္ဓာနှင့်ပတ်သက်၍လည်း မသိရသေးသည်များ ရှိနေပါသည်။ ထို့အတူ ဘုရားသခင့်လူတို့ နေထိုင်ရမည်အိမ်၊ ကောင်းကင်ဘုံနှင့် ပတ်သက်၍လည်း မဖြေနိုင်သေးသောမေးခွန်း များလှပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ ကျမ်းစာက ကိုယ်ခန္ဓာ ပြန်လည်ရှင်ပြန်ထမြောက်ဦးမည်ဖြစ်ခြင်းကို ယုံကြည်ဖို့ လုံလောက်သောအချက်အလက်များကို ပေးထားပါသည်၊ ထိုအရာကို မျှော်လင့်ဖို့၊ ဆုတောင်းဖို့ကို သိနားလည်နိုင်လောက်အောင် လုံလောက်သော အချက်အလက်များကိုတော့ အသေအချာ ပေးထားပါသည်။

ကျမ်းစာက ကျွန်တော်တို့၏ ရှင်ပြန်ထမြောက်ချိန် ရရှိမည့် ကိုယ်ခန္ဓာအကြောင်းကို ၁ကော ၁၅ တွင် အကျယ်တဝင့်ပြောပြပါသည်။ ထိုနေရာတွင် တန်ဖိုးအရှိဆုံး အမှန်တရား လေးမျိုးကို ပြောပြပါသည်၊-

ပထမ၊ ပြန်လည်ထမြောက်ပြီးကိုယ်ခန္ဓာသည် မပျက်ဆီးနိုင်တော့ပါ (ငယ် ၄၄၊ ၅၂)။ အပြစ်၏ အကျိုးအာနိသင်များဖြစ်ကြသည့် - ဖျားနာခြင်း၊ သေဆုံးခြင်း၊ မြုတ်နှံခံရခြင်း - စသည်တို့မှသာ လွတ်မည်မဟုတ်၊ အာဒံ့အခြေအနေကဲ့သို့ အပြစ်နှင့်သေခြင်းထဲ နစ်မြုပ်ခြင်းမျိုး၊ လုံးဝမဖြစ်နိုင်တော့သော အဖြစ်သို့ ရောက်ပါမည်။ မပျက်ဆီးနိုင်တော့ခြင်းဆိုသည်မှာ "ပျက်ဆီးဖို့ရန် မဖြစ်နိုင်တော့ခြင်း"ကို ဆိုလိုပါသည်။

ဒုတိယ၊ ရှင်ပြန်ထမြောက်ပြီးကိုယ်ခန္ဓာသည် ဘုန်းကျက်သရေနှင့်ပြည့်သောကိုယ်ခန္ဓာဖြစ်ပါမည်(ငယ် ၄၃)။ ၄င်း၏ ဘုန်းကျက်သရေသည် ခရစ်တော်ကိုယ်တိုင်၏ဘုန်းကျက်သရေကဲ့သို့၊ ခရစ်တော်၌ရှိသော ဘုရားသခင်၏ ဘုန်းကျက်သရေကဲ့သို့ ဖြစ်ပါမည်။ ပေါလုကပြောပါသည် "ငါတို့၏ဆိုးညစ်သောကိုယ်ခန္ဓာသည် ခရစ်တော်၏ ဘုန်းကျက်သရေနှင့်ပြည့်သော ကိုယ်ခန္ဓာကဲ့သို့ ပြောင်းသွားမည်" (ဖိ ၃း၂၁)။ ဆိုလိုသည်မှာ ကောင်းကင်ဘုံနှင့်ဆိုင်သော ဘုန်းကျက်သရေ၊ ကောင်းချီးနှင့်ပြည့်သော အသက်ရှင်မှုတို့ကို ဖြစ်ပါသည်။

တတိယ၊ ရှင်ပြန်ထမြောက်ပြီးကိုယ်ခန္ဓာသည် တန်ခိုးစွမ်းအားပြည့် ဖြစ်ပါမည် (၁ကော ၁၅း၄၃)။ ဟေရှာယ ၄၀း၃၁ ကလည်း ၄င်းကို အနည်းငယ်ပြောပြပါသည်။ အမြဲတမ်း ပြေးနေသော်လည်း ဘယ်တော့မှမမောနိုင်ခြင်းမျိုးသည် တွေး၍ပင် မဖြစ်နိုင်ပါ၊ သို့သော် ထိုကဲ့သို့သောအခြေအနေသည် ရှင်ပြန်ထမြောက်ခြင်းဖြင့် ကျွန်တော်တို့ရရှိမည့် အစိတ်အပိုင်းငယ်တခုသာ ဖြစ်ပါမည်။ အာဒံ ပျောက်ဆုံးခဲ့ရသောစွမ်းအင်ကိုသာ ပြန်ရရှိစေမည်မဟုတ်ပါ၊ ထိုထက်မကသော တန်ခိုးစွမ်းအားများကိုလည်း ရကြမည် ဖြစ်ပါသည်။ ကျွန်တော်တို့ကို သိသကဲ့သို့ ပြန်သိနိုင်မည့်စွမ်းအင်ကိုလည်း ရကြမည်ဖြစ်သည် (၁ကော ၁၃း၁၂)။ ထိုအရာတို့ထက် ပို၍ထူးခြားသည်မှာ အပြစ်မပါဘဲ၊ ဘုရားသခင်ကို ချစ်နိုင်ခြင်း၊ သူ၏အမှုကို ထမ်းဆောင်နိုင်ခြင်းတို့ဖြစ်ပါသည်။ ထိုအဖြစ်သည် မည်မျှအံ့သြစရာကောင်းလိုက်ပါမည်နည်း!

နောက်ဆုံးအနေနှင့်၊ ရှင်ပြန်ထမြောက်ပြီးကိုယ်ခန္ဓာသည် ဝိညာဉ်ရေးရာကိုယ်ခန္ဓာဖြစ်ပါမည် (၁ကော ၁၅း၄၄)။ ဤနေရာတွင်လည်း ကျမ်းစာက ဘာကိုအတိအကျပြောကြောင်း သိဖို့ခက်ပါသည်၊ သို့သော် အနည်းဆုံး ဤအဓိပ္ပါယ်များကို ပြောနေခြင်း ဖြစ်ပါသည်၊- ကျွန်တော်တို့သည် အသွေးအသားနှင့်ရှိသောပုံစံတော့ မဟုတ်တော့ပါ၊ ဤကမ္ဘာကြီးပေါ်၌ ကိုက်ညီစွာ အသက်ရှင်နိုင်သော ကိုယ်ခန္ဓာများတော့ဖြစ်ကြပါမည်၊ သို့သော် အသွေးနှင့်အသားက အမွေမခံနိုင်သော အရာများကို အမွေခံနိုင်ကြသူများလည်း ဖြစ်ကြပါမည်(ငယ် ၅၀)။

ကျွန်တော်တို့၏ကိုယ်ခန္ဓာများ သေခြင်းမှ မြေမှုန့်မှ ထမြောက်ကြချိန် ပြောင်းလည်းမည့် အဖြစ်များသည် ကြီးကျယ်လွန်းလှသောကြောင့် ကျမ်းစာက ရုပ်ပုံကားချက်၊ နိမိတ်ပုံများဖြင့် ပြရသည့်အဖြစ်ကို မဖြစ်မနေရွေးချယ်၍၊ ထိုအချိန်ဖြစ်မည့် အကြောင်းအရာကို အရိပ်အမွတ်မျှ သိနိုင်ရန် ပြောပြနေပါသည်။ ဥပမာ - ဂျုံစေ့ငယ်ကလေး အပင်ဖြစ်လာမှု၊ ပထမ အသက်မဲ့ မာကျောသော အစေ့ငယ်ကလေး၊ နောက် အပင်ပေါက်ကြီးထွားသီးပွင့်လာခြင်း၊ စသည်တို့သည် ကျွန်တော်တို့ ပြောင်းလည်းကြမည့်ပုံစံနှင့် အတော်ကိုက်ညီသော ဥပမာဖြစ်ပါသည်(၁ကော ၁၅း၃၇)။

ဖန်ဆင်းခြင်းထဲတွင်လည်း ထိုအချိန်အခြေအနေကို နားလည်နိုင်ဖို့ ဥပမာများရှိပါသည်။ လိပ်ပြာတကောင်ဖြစ်လာပုံသည် တခုဖြစ်ပါမည်။ ဘောက်ဖတ်ကောင်မှ၊ ပိုးတုန်းလုန်း၊ ပြီးသောအခါ လှပသောလိပ်ပြာဘဝ။ ထိုသို့သော ပုံဆောင်တင်စားချက်ကို ပြောင်းလဲခြင်းဟု ဖိလိပိဩဝါဒစာ ၃း၂၁ တွင်သုံးပါသည်။ ထိုသို့ ဘာမှမဟုတ်သော ပိုးကောင်ဘဝမှ လှပလွန်းသော ဘုရားသခင့် ဖန်ဆင်းခြင်းခံ လိပ်ပြာတကောင်သို့ ပြောင်းလဲသွားသော်လည်း၊ ယခင်က ပိုးကောင်ဖြစ်ခဲ့ဘူးသူသာ ဖြစ်နေဆဲဖြစ်ပါသည်။

ထိုရှင်ပြန်ထမြောက်ခြင်း အံ့သြစရာများကို တွေးခေါ်ကြသည့်အခါ၊ ၄င်းတို့သည် ကျွန်တော်တို့၏မျှော်လင့်ခြင်းများ စူးစိုက်ရာနေရာ ဖြစ်လာပါသည်။ ထိုအခါ၊ "ငါ့ သခင် အမြန်လာပါ"ဟု ပြောလာကြပါသည်။ အမြန်လာလျှက် ဤ

ဆိုးညစ်သော ကိုယ်ခန္ဓာကို အမြန်ပြောင်းပေးပါ၊ အပြစ်နှင့်ပုတ်သိုးနေသောကိုယ်ခန္ဓာ၊ သေခြင်းနှင့်ပျက်ဆီးခြင်းကို ဝန်ခံနေရသည့်ကိုယ်ခန္ဓာ၊ ထို ကျွန်တော်တို့၏ကိုယ်ခန္ဓာများကို ကိုယ်ခန္ဓာ၌၊ ဝိညာဉ်ထဲ၌ ကိုယ့်တော့်ပုံစံကဲ့သို့ ပြောင်းပစ်ပေးတော်မူပါဟု ပြောလာကြပါတော့သည်။

## ရှင်ပြန်ထမြောက်ခြင်း၏ အံ့သြဖွယ်ဖြစ်ခြင်းအကြောင်း

(The Wonder of Resurrection)

သေသောသူတို့၏ ရှင်ပြန်ထမြောက်ခြင်းသည် အံ့သြစရာဖြစ်ပါသည်။ ဘုရားသခင်ပြုလုပ်သော အံ့ဖွယ်အလုပ်ဖြစ်သည်။ ၄င်းကို ယုံကြည်ခြင်းဖြင့်သာ နားလည်နိုင်သလို၊ လက်ခံနိုင်ပါသည်။ မယုံကြည်သူတို့ကမူ ထိုအကြောင်းကို ကြားသည်နှင့် လှောင်ပြောင်ကြပါသည် (တမန် ၁၇း၃၂)၊ မှားယွင်းခြင်းများကို သင်ပေးသော ဆရာအတုအယောင်များက ၄င်းကို ငြင်းပယ်ကြပါသည် (၁ကော ၁၅း၁၂၊ ၂တိ ၂း၁၈)၊ သို့သော် လူသေတို့၏ ရှင်ပြန်ထမြောက်ခြင်း ကတိတော်ကို ယုံကြည်သူတို့အတွက်မူ၊ ၄င်းသည် ဘုရားသခင်၏ စစ်မှန်သောဘုရားဖြစ်ခြင်း၊ အနန္တတန်ခိုးရှိခြင်း၊ "ဘုရားသခင်သည် ကြီးသောအမှု၊ စစ်၍မကုန်နိုင်သောအမှု၊ ရေတွက်၍မဆုံး၊ အံ့သြဘွယ်သောအမှုတို့ကို ပြုတော်မူ**သူဖြစ်ခြင်း"(ယောဘ ၅း၉)၊ စသည်တို့ကို ပို၍သက်သေပြနေသောအကြောင်းဖြစ်ပါသည်။**

အံ့သြစရာကောင်းသောအချက်တခုမှာ အယောက်တိုင်းက ရှင်ပြန်ထမြောက်သောအခါ၊ သူတို့၏ကိုယ်ပိုင် ရရှိခဲ့ပြီးသော ကိုယ်ခန္ဓာကို ပြန်၍ရရှိကြမည်ဖြစ်ခြင်းပင်။ တချို့တို့မှာ ကြာလွန်းလှပြီဖြစ်၍၊ သူတို့၏ကိုယ်ခန္ဓာသည် မြေကြီးအဖြစ်သို့ ပြန်ရောက်သွားကြသဖြင့် အစအနပင် ရှာ၍မရနိုင်တော့ပါ။ အခြားသူတို့၏ကိုယ်ခန္ဓာများမှာ သားရဲတိရိစ္ဆာန်တို့က စားသောက်ခဲ့ပြီးဖြစ်ပါသည်။ အချို့တို့မှာ ပင်လယ်တွင်းသို့ရောက်၍ ငါးတို့က စားသောက်ကြပြီးဖြစ်ပါမည်။ အချို့တို့မှာ ဂျွန်ဝှစ်ကလစ်(John Wycliffe၊ ၁၃၂၀ ခန့်မွေးဖွား၊ ၁၃၈၄ ဒီဇင်ဘာ ၃၁ ရက်တွင် ကွယ်လွန်သည်။ ပထမဆုံး ကျမ်းစာကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုသူဖြစ်သည်၊ သူ့အရင်က ရိုမန်ကက်သလစ်ဂိုဏ်းက လက်တင်ဘာသာနှင့်သာ လူအများ အမှန်တရားကိုမသိနိုင်ရအောင် ချုပ်ထားပါသည်။ ဘာသာပြန်သူ။) ကဲ့သို့၊ သေပြီးသောခန္ဓာကို ပြာဖြစ်အောင် မီးရှို့လျှက်၊ ၄င်းပြာများကိုလည်း မြစ်ချောင်းများထဲသို့ တစစီဖြစ်အောင် လွှင့်ပစ်ခြင်း ခံကြရပါမည် (ရိုမန်ကက်သလစ်ဂိုဏ်းက ပြုလုပ်ခြင်းဖြစ်သည်)။ သို့သော် အရာခပ်သိမ်းကိုသိတော်မူသော ဘုရားသခင်သည်၊ ကိုယ်ခန္ဓာတခုစီတိုင်း မည်သည့်နေရာတွင် ရောက်နေသည်ကို အတိအကျ မှတ်တမ်းတင်ထားပါသည်၊ ထမြောက်ချိန်တွင် ၄င်းတို့၏နေရာမှန်သို့ ပြန်ပို့တော်မူပါမည်။ ထို့ကြောင့်၊ လူသေတို့ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်၏သစ္စာရှိခြင်းကို သက်သေပြနေသော အမှန်တရားဖြစ်သည်၊ သူသည် ကျွန်တော်တို့၏ဖုန်မှုန့်ကိုပင် မေ့လျှော့သူ မဟုတ်ပါ။

ထိုအချက်သည် ယောဘ ၁၉း၂၅-၂၆ မှ ရှင်းနေပါသည်၊ ထိုနေရာတွင် ယောဘက သူသည် ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်ကြောင်း ဝန်ခံချက်ပြုထားပါသည်။ ထိုနေရာတွင် "ငါ ဘုရားသခင်ကို အသွေးအသား၌ တွေ့ရမည်"ဟု ပြောမထားဘဲ၊ "ငါ၏ အသွေးအသား၌" တွေ့ရမည်ဟုပြောထားပါသည်။ ၂ကော ၅း၁၀ တွင်လည်း ထိုအချက်ကို ထပ်မံဖေါ်ပြပါသည်။ ထိုနေရာတွင် လူတိုင်းသည် မိမိတို့လုပ်ကိုင်ခဲ့သည့်အတိုင်း သူတို့၏ကိုယ်ခန္ဓာတွင် ရကြမည်ဟုပြောပါသည်။ ဤကျမ်းပိုဒ်ကပြောနေသည်မှာ လူတို့သည် မိမိတို့လုပ်ခဲ့သည့်အတိုင်း ဆုလာဘ် (သို့) အပြစ်ဒဏ်ခံရခြင်းကို သူတို့၏ခန္ဓာကိုယ်ဖြင့် ခံစားကြရမည်ဟုပြောခြင်းဖြစ်သည်။ ကောင်းမြတ်ခြင်းတို့အတွက် ဆုလာဘ်နှင့် ဆိုးညစ်ခြင်းတို့အတွက် ပြစ်ဒဏ်ပေးခံရခြင်းတို့ဖြစ်ပါမည်။

လူတိုင်း ပြန်လည်ထမြောက်ကြမည်ဟု တွေးခြင်းကပင် လူတဦးကို အသက်ရှုရပ်သွားလောက်အောင် အံ့သြစေပါသည်။ အဘယ့်ကြောင့်ဆိုသော် သန်းထောင်ချီ၍ အသက်ရှင်ခဲ့ကြပြီး၊ သေခဲ့ကြပြီးဖြစ်ပါသည်။ သင်္ချိုင်းရှေ့တွင် သွားရပ်နေကာ၊ ထိုသင်္ချိုင်းတွင်း မြှုပ်နှံခဲ့သမျှလူတိုင်း ဘုရားသခင်၏တန်ခိုးတော်ဖြင့် တယောက်မကျန် ကိုယ်ခန္ဓာများပြန်ရကြလျှက် ပြန်ထွက်လာကြကာ၊ ဘုရားသခင့်ရှေ့တော်မှောက်တွင် ရပ်ကြရဦးမည်(ယော ၅း၂၈-၂၉)ဟု ယုံကြည်ခြင်းက၊ လူတဦးကို ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းနှင့် သူ၏လုပ်ကိုင်ခြင်းအားလုံးတို့၏ ကြီးမြတ်လွန်းလှခြင်းတို့ကို အံ့သြခြင်း ဖြစ်ယုံမှလွဲ၍ ဘာကိုမှမတတ်နိုင်စေတော့ပါ။

ယုံကြည်သူတို့အတွက် ပို၍အံ့သြစရာကောင်းသည်မှာ ရှင်ပြန်ထမြောက်ချိန်တွင် သူတို့သည် ခရစ်တော်၏ ပိုင်ဆိုင်ခြင်းခံရသူများအဖြစ်နှင့် တွေ့မြင်ရမည်ဖြစ်ခြင်းပင်။ ထို့နောက် သူနှင့်အတူ ထာဝရဘုန်းကျက်သရေသို့ ဝင်ရောက်ကြရမည်ဖြစ်ပါသည်။ သူတို့သည် တရားစီရင်ခြင်းကိုတော့ ဖြတ်သန်းကြရမည်ဖြစ်သော်လည်း၊ မပျက်စီးနိုင်တော့သော ထမြောက်ပြီးကိုယ်ခန္ဓာ၊ ဘုန်းကျက်သရေနှင့်ပြည့်ဝသောကိုယ်ခန္ဓာဖြင့် ဖြစ်နေပါမည်(၁ကော ၁၅း၄၂-၄၄)။ ဆိုလိုသည်

မှာ သူတို့သည် ခရစ်တော်၏ဘုန်းကျက်သရေအရှိဆုံးသောကိုယ်ခန္ဓာနှင့် ပုံစံတူအဖြစ်သို့ ပြောင်းလဲကြပြီးဖြစ်နေပါမည် (ဖိ ၃း၂၁)။ ထိုသို့ဖြစ်ခြင်းက တရားစီရင်ခံရခြင်းအတွက် မည်မျှကြီးမားသောမျှော်လင့်ခြင်းကို ဖြစ်စေပါမည်နည်း?

ပြန်လည်ထမြောက်ခြင်းကို ယုံကြည်ကြသူများ ထိုအမှန်တရားကို ယုံကြည်ကြရခြင်းသည်၊ ကျမ်းစာက ကတိပေးထားသဖြင့်၊ ခရစ်တော်သည် သူတို့အသွေးအသားထဲတွင် ထမြောက်ပြီးဖြစ်သဖြင့်(၁ကော ၁၅း၁၉-၂၀)သာ မကပါ။ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးသည် သူတို့အထဲတွင် ယခုချိန်ကထဲက စတင်ပြသနေပြီဖြစ်သောကြောင့်လည်း ထိုသို့ယုံကြည်ရခြင်းဖြစ်ပါသည်။ သူတို့သည် ဝိညာဉ်နှင့်စိတ်နှလုံး၌ ယခုကထဲကပင် အပြစ်၏သေခြင်းမှ ထမြောက်ကြပြီးဖြစ်ပါသည်။ သခင်ယေရှုခရစ်၏ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးဖြင့် ထမြောက်ကြပြီးဖြစ်နေပါသည်။ ထို့ကြောင့် သူတို့သည် ထိုရှင်ပြန်ထမြောက်ခြင်း၏အဆုံးသတ်ကို ဘုရားသခင်က လုပ်ပေးမည့်အချိန်အား စောင့်မျှော်နေကြခြင်းဖြစ်သည်။ ယခုနောက်ဆုံးတွင် ဘုရားသခင်က ခန္ဓာနှင့်ဝိညာဉ်နှစ်ခုစလုံးကို ထမြောက်စေပါမည်။ ယုံကြည်သူတို့အတွက် ရှင်ပြန်ထမြောက်ခြင်းသည် စတင်ဖြစ်နေပြီဖြစ်ပါသည်။ လူသေတို့ ဘုရားသခင့်သားတော်၏အသံကို ကြား၍ ထမြောက်ရမည့်နာရီ ရောက်လာပါဦးမည် (ယော ၅း ၂၈-၂၉)။ သို့သော် လူသေတို့သည် သားတော်၏အသံကို ဧဝံဂေလိတရားအားဖြင့် ကြားရကြလျှက်၊ ထမြောက်ကြသောအချိန်သည် ယခုအချိန်၌ပင် ရောက်နေပြီးဖြစ်ပါသည် (ယော ၅း၂၅)။ သားတော်၏ အသံကိုကြားရကြလျှက်၊ ယုံကြည်သူတို့တို့ ဝိညာဉ်ရေးဖြင့်ထမြောက်ချိန်ကို သူတို့၏အသစ်မွေးဖွား ပြောင်းလဲခြင်းဟု ခေါ်ပါသည်၊ သူတို့သည် ယခုအခါ၊ ကိုယ်ခန္ဓာဖြင့် ထမြောက်ချိန်ကို စောင့်မျှော်နေကြခြင်းဖြစ်ပါသည်။

## ဝိညာဉ်၏မပျက်စီးနိုင်ခြင်းအကြောင်း(The Immortality of the Soul)

ခရစ်ယာန်တို့က "ဝိညာဉ်၏ မပျက်စီးနိုင်ခြင်း/ထာဝရတည်မြဲခြင်း" ဆိုသည့်အကြောင်း ပြောဆိုကြသည်ကို ခဏခဏ ကြားရတတ်ပါသည်။ ထိုသို့ပြောကြသည့်အခါ အများအားဖြင့် လူတို့သေဆုံးပြီးသောအခါတွင်လည်း ဝိညာဉ်တို့သည် ဆက်လက် ဖြစ်တည်နေကြပါသည်ဟု ဆိုလိုကြခြင်းဖြစ်ပါသည်။ ထိုသို့ပြောဆိုခြင်းသည် ကျမ်းစာနှင့်ညီပါသည်ဟု ကျွန်တော်တို့ သဘောတူနိုင်ပါသည်။ ထိုအမှန်တရားကိုဆန့်ကျင်လျှက် အချို့သောခရစ်ယာန်ဂိုဏ်းခွဲများက လူသည်သေလျှင်ပြီးပြီ၊ ဘာမှမရှိတော့ဘဲ ကုန်ဆုံးသွားပြီ၊ လူဆိုးလူမိုက်တို့သည် သေပြီးသောအခါ ထာဝရငရဲတွင် အပြစ်ဒါဏ်ခံရခြင်းမရှိဟု မှားယွင်းစွာ သင်နေကြလျှက်ရှိသည်။ ထိုသို့သောသွန်သင်ခြင်းကို ဆန့်ကျင်ဖို့ ထိုအမှန်တရားကို အထူးပြုလျှက် မကြာခဏ သင်ပေးကြဖို့ လိုအပ်နေပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ လူဆိုးလူမိုက်တို့၏ဝိညာဉ်များသည်လည်း သေပြီးသောအခါ ဆက်လက်တည်ရှိနေကြပါသည် ဆိုသောအမှန်တရားကို ပြောချင်၍ "ထာဝရတည်မြဲခြင်း"ဆိုသောစကားလုံးကို အသုံးပြုခြင်းကတော့ ကျမ်းစာနှင့် မညီနိုင်ပါ။ ကျမ်းစာက ထိုစကားလုံးကို ခရစ်တော်နှင့်အတူ ကောင်းကင်ဘုံ၌ ထာဝရအသက် ခံစားကြရသူများအတွက်သာလျှင် အသုံးပြုပါသည်။ ခရစ်တော်ကို ယုံကြည်ကြသဖြင့် နောက်ဆုံးကောင်းချီးမင်္ဂလာခံစားရခြင်းသို့ ဝင်ရောက်ကြသူများအတွက်သာ အသုံးပြုပါသည်။

"ထာဝရတည်မြဲခြင်း"ဆိုသည်မှာ "မသေနိုင်တော့ခြင်း"ဖြစ်ပါသည်။ အာဒံသည် ထိုအဖြစ်ကိုမရခဲ့ပါ၊ ထို့ကြောင့် ခန္ဓာနှင့်ဝိညာဉ် သေနိုင်ခဲ့သလို၊ သေလည်းသေခဲ့ပါသည်။ သူအပြစ်ထဲသို့ကျဆုံးသောအခါဖြစ်ပါသည် (ကမ္ဘာ ၂း၁၇)။ အပြစ်ထဲ ကျဆုံးပြီးခဲ့သော လူသားမျိုးနွယ်တခုလုံးသည် ထာဝရတည်မြဲခြင်း မဖြစ်နိုင်ပါ။ သူတို့သည် အပြစ်နှင့် ဒုစရိုက်ပြုခြင်းများထဲတွင် ခန္ဓာရော ဝိညာဉ်ပါ သေနေကြပါသည်။ သခင်ယေရှုက မယုံကြည်သူသည် "ဘယ်တော့မှ အသက်ကို မမြင်ရ"ဟု ပြောခဲ့ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏အမျက်တော်သည် သူတို့အပေါ်တွင် တည်ရှိနေပါသည် (ယော ၃း၁၆)။

ကျမ်းစာက မည်သည့်အခါတွင်မျှ၊ ဖြစ်တည်နေမှုသက်သက်ကို "အသက်ရှင်ခြင်း"(life)ဟုမခေါ်ပါ။ "လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည" (မဿဲ ၄း၄)၊ "သူ၏မျက်နှာသာပေးခြင်းတွင် အသက်ရှင်ခြင်းရှိသည်"(ဆာလံ ၃၀း၅၊ ဆရာယုဒသန်ကျမ်းစာတွင် မတွေ့ရပါ၊ မူရင်းမှဘာသာပြန်ပါသည်၊ စာရေးသူ)။ "ငါ့အတွက် အသက်ရှင်ခြင်းသည် ခရစ်တော်အတွက်ဖြစ်သည်၊ ထို့အတူ သေခြင်းသည်လည်း အောင်နိုင်ခြင်းဖြစ်ပါသည်" (ဖိ ၁း၂၁)။

၁ကော ၁၅း၅၃-၅၄ တွင် ဘုရားသခင်၏နှုတ်ကပတ်တော်က သဘာဝအားဖြင့် လူသည် မပျက်စီးနိုင်သူ မဟုတ်ပါ၊ ပျက်စီး(သေဆုံး)နိုင်သူသာဖြစ်သည်ဟု သင်ပေးပါသည်။ "ဤပျက်စီးယိုယွင်းနိုင်သောအရာက မပျက်စီးမယိုယွင်းနိုင်ခြင်းကို ဝတ်ဆင်ရမည်ဖြစ်သည်၊ သေတတ်သောအရာက မသေနိုင်သောအဖြစ်ကို ဝတ်ဆင်ရမည်ဖြစ်ပါသည်။" ကျေးဇူးတော်ကြောင့်သာ ခရစ်တော်၌ရှိကြသူများသည် မပျက်စီးနိုင်သူ/ထာဝရအသက်ရှင်သူများ ဖြစ်ကြပါသည်။

မပျက်စီးနိုင်ခြင်း/ထာဝရအသက်ရှင်ခြင်းသည် ဘုရားသခင်က သူတို့ကိုပေးသော လက်ဆောင်ဖြစ်ပါသည်။ အာဒံထံမှ နေ၍ လူသားတရပ်လုံး ပျက်စီးနိုင်သော/သေနိုင်သောအသက်ကို ရရှိကြသည်။ သခင်ခရစ်တော်ထံမှနေ၍သာ ဘုရားသခင်၏လူများသည် မပျက်စီးနိုင်ခြင်း/ထာဝရအသက်ရှင်ခြင်းကို လက်ခံရရှိကြပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် ကောင်းကင်ဘုံမှလာသောသခင် ဖြစ်သောကြောင့်ပင်(ငယ် ၄၅-၄၇)။

ကျွန်တော်တို့ ကပ်သတ်ပြီးစကားလုံးများကို ပြောနေကြခြင်းဖြစ်ပါသလော? ထိုသို့ဖြစ်သည်ဟု ကျွန်တော်တို့ မထင်ပါ။ လူသား၏ဝိညာဉ်ကို မပျက်စီးနိုင်/ထာဝရအသက်ရှင်နိုင်သည်ဟု ပြောခြင်းက၊ လူသည် အပြစ်ကြောင့် ခန္ဓာရောဝိညာဉ်ပါ၊ ထာဝရသေခြင်းသို့ကျဆုံးနေကြောင်း၊ သခင်ယေရှုခရစ်တော်၏အသေခံခြင်းဖြင့် သူ၏ခန္ဓာနှင့်ဝိညာဉ်နှစ်ခုစလုံးကို ထိုသေခြင်းမှနေ၍ ကယ်တင်ဖို့ လိုအပ်နေပါသည် ဆိုသည့်အမှန်တရားကို မှေးမှိန်စေပါသည်။ သဘာဝအားဖြင့်၊ လူသည် သေနေပါသည်၊ ခန္ဓာရောဝိညာဉ်ပါ အပြစ်နှင့်လွန်ကျူးခြင်းများထဲတွင် သေနေပါသည် (ဧဖက် ၂း၁)။

နောက်တဖက်ကကြည့်လျှင်၊ လူ၏ဝိညာဉ်သည် မပျက်စီးနိုင်/ထာဝရဖြစ်သည်ဟုပြောခြင်းက၊ လူတို့ကို ခန္ဓာထက် ဝိညာဉ် ပိုအရေးကြီးသည်ဟု ထင်သွားစေနိုင်ပါသည်၊ ထိုအခါ ခန္ဓာကိုယ်ကို အထင်အမြင်သေးခြင်း ဖြစ်ပေါ်လာတတ်ပါသည်။ အသင်းတော်၏သမိုင်းတလျှောက်တွင် ထိုသို့ထင်မြင်သူများ အမြဲရှိခဲ့ပါသည်၊ အသင်းတော်များ စတင်ချိန်က ရှိမန်ကက်သလစ်ဝါဒက ထိုသို့ထင်မြင်ခဲ့သဖြင့်၊ ခန္ဓာကိုယ်ကို နာကျင်အောင်လုပ်ခြင်း၊ အလွဲသုံးစားလုပ်ခြင်းတို့ကို ကျင့်သုံးခဲ့ကြဘူးပါသည်။ ကျမ်းစာ၏ သွန်သင်ခြင်းအရ၊ ခရစ်တော်၌ရှိသော ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ကျွန်တော်တို့၏ ခန္ဓာကိုယ်များကို အထင်မသေးရပါ၊ အလွဲသုံးစား မလုပ်ရပါ၊ ထိုမှုခြားနားစွာ ကျွန်တော်တို့၏ ကိုယ်ခန္ဓာများသည် ဘုရားသခင်၏ဝိညာဉ်တော် နေထိုင်တော်မူရာဖြစ်ပါသည် (၁ကော ၆း၁၈-၂၀)။

ထို့အတွက်ကြောင့် မပျက်စီးနိုင်ခြင်း/ထာဝရဖြစ်ခြင်းဆိုသည့် စကားလုံးကို ကျမ်းစာကသုံးသည့်အတိုင်း၊ သခင်ယေရှုခရစ်အားဖြင့်ရရှိသော အံ့ဩစရာလက်ဆောင်ဖြစ်သည့် ထာဝရအသက်အတွက်သာ အသုံးပြုခြင်းသည် ပို၍ကောင်းပါသည်။ ကျေးဇူးတော်ကြောင့် ကျွန်တော်တို့ ထာဝရအသက်ကို ရရှိကြသောအခါ၊ သေခြင်းသည် အောင်မြင်ခြင်း၏ ဝါးမြိုခြင်းကို ခံရပါသည်၊ ကျွန်တော်တို့သည် မည်သည့်အခါတွင်မျှ မသေနိုင်ကြတော့ပါ (ဗျာ ၂၁း၄)။

## စပ်ကြားကာလအခြေအနေအကြောင်း (The Intermediate State)

သီအိုလော်ဂျီတွင် စပ်ကြားကာလအခြေအနေဩဝါဒသည် သေခြင်းနှင့်နောက်ဆုံးပြန်လည်ထမြောက်ခြင်းကြားကာလအခြေအနေတွင် ဝိညာဉ်များ မည်သို့သောအခြေအနေတွင်ရှိကြသနည်း ဆိုသည့်အကြောင်းကို လေ့လာပါသည်။ "ကျွန်တော် သေပြီးသောအခါ ဘာတွေဖြစ်မည်နည်း? ဆိုသည့်မေးခွန်းကို အဖြေပေးပါသည်။ ထို့ကြောင့် ကျမ်းစာ၏ အဖြေပေးခြင်းများသည် ယုံကြည်သူတဦးအတွက် အတော်ကလေးအရေးကြီးပါသည်။ ယုံကြည်သူ သေပြီးလျှင် ကောင်းကင်ဘုံ၏ဘုန်းကျက်သရေသို့ ဝင်ရောက်ပါသည်၊ ထိုဘုန်းကျက်သရေကို သူသည် သေချာသိလျှက်ခံစားပါသည်၊ သူသည် ခရစ်တော်နှင့်အတူရှိနေသည်ကို သိရှိခံစားပါသည်။ သူတို့၏ခံစားချက်သည် မိမိတို့အပြစ်များကြောင့်၊ ကိုယ်ခန္ဓာမထမြောက်ခင်ကပင်၊ ငရဲတွင် နာကျင်ခြင်းဝေဒနာများကို သေချာသိလျှက် ခံစားနေကြသူ မယုံကြည်သူများ၊ နောင်တမရသူများ၏ ခံစားချက်တို့နှင့် မည်မျှပင် ကွားခြားလိုက်ပါသနည်း (လုကာ ၁၆း ၂၂-၂၈)။

ထိုအမှန်တရားကို ငြင်းပယ်ကြသူအများရှိနေပါသည်။ တချို့က "ဝိညာဉ်များအိပ်ပျော်ခြင်း"(soul sleep)ကို သင်ပေးကြသည်၊ ပြောချင်သည်မှာ သေသူတို့၏ဝိညာဉ်များသည် ကောင်းကင်တွင်၎င်း၊ ငရဲတွင်၎င်း အိပ်ပျော်နေကြသည်၊ သူတို့အပေါ် ဘာဖြစ်နေကြမှန်း ဘာကိုမှမသိကြပါဟု ဆိုလိုခြင်းဖြစ်သည်။ ထို့အတူ အချို့သော ခရစ်တီယန် ရီခွန်စထရပ်ရှင်းအဖွဲ့များကလည်း၊ ကဲလ်ဗင်းက နှစ်ပေါင်းများစွာကထဲက ထိုကဲ့သို့ပြောခဲ့သည့်ပုံစံနှင့် သင်နေကြပါသည်။ ထိုသွန်သင်ချက်များကို ဘုရားသခင့်လူတို့က ယုံကြည်စရာမလိုပါ။ ၎င်းက ခရစ်တော်၌ရှိကြသော သူတို့၏မျှော်လင့်ခြင်းများကို ပျက်ဆီးစေပါသည်။ သေခြင်းအားကြောက်ရွံ့ရမှုကို ပြန်လည်ဆန်းသစ်စေပါသည်။ နောက်ဆုံးသောရန်သူအား ရင်ဆိုင်ရန် နှစ်သိမ့်မှု မဲ့စေပါသည်။

ခရစ်တော်နှင့်အတူ ဘုန်းတော်ကြွယ်ဝခြင်းသို့ ဝင်စားရမည်ဆိုသော ကျွန်တော်တို့၏မျှော်လင့်ခြင်းသည် သေခါနီးလူဆိုးကြီးထံ ခရစ်တော်ပြောခဲ့သောစကားအပေါ်တွင် တည်မှီနေပါသည်၊ "ယနေ့တွင် သင်သည် ငါနှင့်အတူ ပါရာဒိုက်စ်တွင် ရှိမည်" (လု ကာ ၂၃း၄၃)။ သခင်ယေရှုပြောသောစကား၏ အဓိပ္ပါယ်ကို တစုံတဦးက အမှန်ယုံကြည်ပါသလား? အချို့က "သင်သည် ပါရာဒိုက်စ်တွင် ငါနှင့်ရှိမည်၊ သို့သော် သင်ဘာမှမသိပါ"ဟု ပြောနေခြင်းဖြစ်သည်ဟု သင်နေကြပါသည်။ အချို့က "သင်၏ ပါရာဒိုက်စ်သည် သင်သေပြီးနောက်ပိုင်း နှစ်ပေါင်းထောင်ချီ၍ကျော်လွန်ပြီးမှ ရောက်လာမည်"ဟုပြောခြင်းဖြစ်သည်ဟု သင်နေကြပါသည်။ ထိုသို့သင်ခြင်းများ မည်သို့မျှ မမှန်နိုင်ပါ။

ဖိလိပ္ပိသြဝါဒစာ ၁း၂၃ (ငါ[ပေါလု]သည် ထိုအရာနှစ်ခုကြားတွင် ကျပ်တည်းစွာ ရောက်နေပါသည်၊ ခရစ်တော်နှင့်အတူရှိရန် ထွက်သွားဖို့ကိုလည်း လိုချင်လှပါသည်၊ ထိုအဖြစ်သည် ပို၍ကောင်းမြတ်လှပါသည်၊) နှင့်ပတ်သက်၍ ကဲလ်ဗင်းက "သူတို့က ပေါလုသည် အိပ်ပျော်နေလျှက် ခရစ်တော်နှင့်အတူ နေချင်သောအလိုဆန္ဒ မရှိတော့ပါဟု ပြောချင်နေကြပါသလော? မြေကြီးနှင့်ဆိုင်သောနေအိမ်ဖြစ်သည့် ဤတဲသည် ပျက်လျှင်၊ ငါတို့၌ ဘုရားသခင်၏အဆောက်အဦတခုရှိသည်ကို ငါတို့သိကြပါသည်၊ ထိုအိမ်သည် လက်များဖြင့် ဆောက်ထားသည်မဟုတ်၊ ကောင်းကင်ဘုံတွင်ရှိသော ထာဝရအိမ်ဖြစ်ပါသည်ဟု ပြောသောအခါ ပေါလုသည် အိပ်ပျော်ခြင်းအဖြစ်ကိုသာ မျှော်လင့်၍ပြောနေပါသလား?(၂ကော ၅း၁)။ ခရစ်တော်နှင့်အတူ နေထိုင်ရမည်ဖြစ်ခြင်း၏ အကျိုးရလဒ်တို့သည် မည်သည့်နေရာသို့ ရောက်ကုန်ပါသနည်း? အေဗရာဟမ်၊ ဣဇက်နှင့် ဂျေကော့ပ်တို့နှင့်ပတ်သက်၍ ခရစ်တော်က ဘုရားသခင်သည် 'လူသေတို့၏ဘုရားမဟုတ် အသက်ရှင်နေသူတို့၏ ဘုရားဖြစ်သည်'ဟု ပြောဆိုသော်အခါ အားလုံးအလွန့်အလွန် အံ့သြခဲ့ကြပါသည်မဟုတ်လော? (မဿဲ ၂၂း၃၂၊ မာကု ၁၂း၂၇)။ ထိုသို့ဖြစ်လျှင် သူသည် သူတို့၏ဘုရားသခင် မဟုတ်တော့သလို၊ သူတို့သည်လည်း သူ၏လူများ မဟုတ်တော့ဘဲ ဖြစ်တော့ပါမည်လော?"ဟု ပြောခဲ့ပါသည်။

ထိုသို့ဆိုလျှင် ခရစ်ယာန်တို့၏သေခြင်းကို အိပ်ပျော်ခြင်းဖြစ်သည်ဟု ပြောနေကြသော ကျမ်းပိုဒ်တို့ကို မည်သို့နားလည်ကြမည်နည်း? (မဿဲ ၂၇း၅၂၊ တမန် ၁၃း၃၆၊ ၁ကော ၁၁း၃၀၊ ၁၅း၂၀၊၅၁၊ ဧဖက် ၅း၁၄၊ ၁သက် ၄း၁၄)။ ထိုကျမ်းပိုဒ်များကလည်း "ဝိညာဉ်များအိပ်ပျော်ခြင်း"ကိုတော့ သင်မပေးကြပါ။ ခရစ်ယာန်တို့၏ ခန္ဓာကိုယ်သေဆုံးခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ခရစ်ယာန်တို့အတွက် သေခြင်းသည် အနိုင်ယူခံရပြီးဖြစ်သဖြင့်၊ အိပ်ပျော်ခြင်းလောက်သာဖြစ်မည်၊ မယုံကြည်သူတို့အတွက် နာကျင်သကဲ့သို့ နာကျင်တော့မည်မဟုတ်ကြောင်းကို ပြောနေခြင်းဖြစ်ပါသည်။ ထို့အပြင် ယုံကြည်သူတို့၏သေခြင်းကို အိပ်ပျော်ခြင်းနှင့်နှိုင်းယှဉ်ခြင်းသည် သင့်တော်လှပါသည်၊ အဘယ့်ကြောင့်ဆိုသော် သေခြင်းဖြင့် သူတို့သည် မျက်မှောက်ဘဝ ရုန်းကန်လှုပ်ရှားရခြင်းများမှ အနားယူကြသောကြောင့်ဖြစ်ပါသည် (ဟေရှာ ၅၇း၁၊ ဗျာ ၁၄း၁၃)။

ကျမ်းစာက သေခြင်းနှင့်ပြန်လည်ထမြောက်ခြင်း ကြားကာလတွင်၊ ဘုရားသခင်က အထူးတလည်ပံ့ပိုးပေးခြင်းကို ပြုလုပ်ပေးပါမည်၊ ထိုသို့ဖြင့် ဝိညာဉ်သည် ခန္ဓာကိုယ်မပါသေးသော်လည်း၊ သူကတိပေးထားသော ဘုန်းကျက်သရေကို ခံစားနိုင်ပါမည်ဟု သင်ပေးပါသည်။ "မြေကြီးနှင့်ဆိုင်သောနေအိမ်ဖြစ်သည့် ဤတဲသည် ပျက်လျှင်၊ ငါတို့၌ ဘုရားသခင်၏ အဆောက်အဦတခု ရှိသည်ကို ငါတို့သိကြပါသည်၊ ထိုအိမ်သည် လက်များဖြင့် ဆောက်ထားသည်မဟုတ်၊ ကောင်းကင်ဘုံတွင်ရှိသော ထာဝရအိမ်ဖြစ်ပါသည်" (၂ကော ၅း၁)။ ထိုအကြောင်းကြောင့် ခန္ဓာကိုယ်မှ ခွာသွားရခြင်းသည်၊ သခင်ဘုရားနှင့်အတူ ရှိရခြင်းဖြစ်ပါသည်(အတိအကျပြောရလျှင် "တအိမ်တည်းအတူနေသည်"ဖြစ်ပါမည်)။ ထို့ကြောင့် အခြားသူများက ထိုအဖြစ်ကို မလိုချင်ကြသော်လည်း ကျွန်တော်တို့ကတော့ ဤခန္ဓာမှ ခွာသွားရခြင်းကို ဆန္ဒရှိကြပါသည်၊ ကျွန်တော်တို့ လိုချင်ကြသည်မဟုတ်ပါလော?

## ကြီးသောဘေးဒုက္ခကြီးအကြောင်း(The Great Tribulation)

အမြောက်များ ဆွေးနွေးကြသောအကြောင်းအရာ၊ ခရစ်ယာန်တို့ကိုအကြား များစွာသောကွဲပြားရမှုကို ဖြစ်နေစေသော အကြောင်းအရာ၊ တချိန်တည်းတွင် ဘုရားသခင့်လူတို့အတွက် အလွန်အရေးကြီးသောအကြောင်းအရာသည် နောက်ဆုံးသောအချိန်တွင်ရောက်မည့် ဘေးဒါဏ်ကြီးကာလအကြောင်းပင် ဖြစ်နေပါသည်။ ရှင်မဿဲခရစ်ဝင်ကျမ်းတွင် ပြောပြသော ကြီးသောဘေးဒုက္ခကြီးသည် နောက်မှရောက်လာမည့်အရာလော (သို့) ပြီးခဲ့ပြီးသောအရာဖြစ်သလော? ထိုသို့ဖြစ်လျှင် အသင်းသူသားများ ထိုဘေးဒုက္ခကြီးကို ရင်ဆိုင်ကြရမည်လော? (သို့) ထိုနောက်ဆုံးသောဘေးဒါဏ်ကြီး မရောက်ခင် သူတို့ချီဆောင်ခြင်းခံကြရမည်လော?

ထိုမေးခွန်းများသည် အရေးကြီးကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့က ကျွန်တော်တို့၏ အနာဂတ်အမြင်များ၊ မိမိတို့၏တာဝန်များ၊ အသင်းတော်၏တာဝန်များကို သက်ရောက်မှုများရှိကြ၍ဖြစ်ပါသည်။ နောက်ဆုံးချိန်များရောက်လာပြီဖြစ်သည့်အတိုင်း ထိုမေးခွန်းများသည် ကျွန်တော်တို့အတွက် ပိုလို့သာ လေးနက်လာကြပါသည်။ ကျွန်တော်တို့နှင့် ကျွန်တော်တို့၏သားသမီးများသည် ထိုဘေးဒါဏ်ကြီးကို ခံကြရနိုင်သောအနေအထားသို့ ရောက်ရှိနေကြပါပြီ၊ အကယ်၍သာ ထိုအရာသည် အမှန်တကယ် ရောက်လာခဲ့လျှင်ဖြစ်သည်။

ဘေးဒုက္ခခံစားရခြင်းသည် အသင်းတော်၌ အတိတ်ကရှိခဲ့သလို၊ ယခုချိန်တွင်လည်း ဘုရားသခင့်လူများ၏ ကံကြမ္မာ ဖြစ်နေဆဲဖြစ်ပါသည်၊ နောက်ဆုံးသောအချိန်တွင်လည်း ထိုသို့ပင်ဖြစ်ပါမည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။

ထိုအချက်သည် ရောမ ၈း၁၇၊ ၂တိ ၃း၁၂ တို့ကပေးနေသော သက်သေဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင့်လူများ၏ အခြေအနေသည် နောက်ဆုံးသောအချိန်ရောက်လာလျှင် ပို၍တိုးတက်လာပါမည်ဆိုသောအမြင်ကို ကျွန်တော်တို့ မယုံကြည်ကြပါ၊ ထို့အတူ အနာဂတ်တွင် ငြိမ်းချမ်းသောကာလရှည်ကြီး ရှိနေသေးသည်၊ ခရစ်တော်အတွက် ဘေးဒုက္ခခံစားရခြင်းများ လွန်သွားခဲ့ပြီ၊ ဝိညာဉ်ရေးတိုးတက်မှုများသာ ကျန်တော့သည် ဆိုသည့်အမြင်မျိုးကိုလည်း မယုံကြည်ကြပါ။ ထို့အတူ၊ အသင်းတော်သည် နောက်ဆုံးဘေးဒါဏ်ကြီးကာလ မရောက်ခင် ချီဆောင်သိမ်းစည်းခြင်းခံရလိမ့်မည် ဆိုသည်မျိုးကိုလည်း မယုံကြည်ကြပါ။

ထို့အတူ ကျွန်တော်တို့သည် မဿဲ ၂၄း၂၁ ကဖေါ်ပြသော ကြီးသောဘေးဒုက္ခကြီးသည် နောက်တွင် လာလိမ့်ဦးမည်ဟု ယုံကြည်ကြပါသည်။ အချိန်နာရီများသည် ပိုကောင်းလာကြမည်မဟုတ်ပါ၊ ဘုရားသခင့်လူတို့အတွက် ပို၍သာဆိုးဝါးလာပါမည်။ ရှင်မဿဲ အခန်းကြီး ၂၄ ၏ပထမပိုင်းကို၊ အငယ် ၂၁ အပါအဝင်၊ အတိတ်တွင်ကျန်ခဲ့ပြီဟု အချို့သောသူများလုပ်ကြသလို ချောင်ထိုးထားခြင်းသည်၊ အခန်းကြီးတခုလုံးကို အမှိုက်ပုံးထဲ ပစ်တည့်လိုက်သလိုဖြစ်ပါသည်။

ညှဉ်းဆဲနှိပ်စက်ခံရခြင်းဆိုသည်မှာ ကျွန်တော်တို့က ခံရယုံသာမဟုတ်ပါ၊ ၄င်းသည် ကျွန်တော်တို့၏ကယ်တင်ခြင်းနှင့် ခွဲထုတ်၍မရအောင် တသားတည်းဖြစ်နေသောအရာဖြစ်သည်။ မဿဲ ၅း၁၀-၁၂ ကပြောပြခဲ့ပြီးဖြစ်ပါသည်၊ ထိုနေရာတွင် ခရစ်တော်အတွက် ညှဉ်းဆဲနှိပ်စက်ခံရသူတို့၏ ကောင်းချီးမင်္ဂလာ ခံကြရခြင်းနှင့် ဝမ်းမြောက်စရာ ဖြစ်ရခြင်းအကြောင်းတို့ကို ဖေါ်ပြလျှက်ရှိသည် (တမန် ၅း၄၁ တွင်လည်းကြည့်ပါ)။ ဖိလိပ္ပိ ၁း၂၉ က ခရစ်တော်အတွက် ခံရခြင်းသည် ဘုရားသခင်က ခရစ်တော်အားဖြင့်ပေးသော လက်ဆောင်ဖြစ်သည်ဟု ပြောပြပါသည်။ ခရစ်တော်က လက်ဝါးကပ်တိုင်အားဖြင့် ကျွန်တော်တို့အတွက် ရယူပေးသော လက်ဆောင်များစွာထဲမှ တခုဖြစ်ပါသည်။ ကောလောသဲ ၁း၂၄ က ထိုခံရခြင်းသည် ခရစ်တော်ခံစားခဲ့သောဝေဒနာ၏ အစိတ်အပိုင်းဖြစ်သည်ဟု ပြောပြပါသည်။ အသင်းတော်အတွက် ချန်ထားခဲ့သောအရာဖြစ်ပါသည် (၁ပေ ၄း၁၃)။

ထို့အပြင် ဝေဒနာခံစားရခြင်းများသည်၊ မည်သည့်အခါတွင်မျှ မလွယ်ကူသလို၊ ခံစား၍လည်း မကောင်းပါ၊ သို့သော် ကျွန်တော်တို့၏ကောင်းဖို့အတွက် ဖြစ်ကြသည်ဟုလည်း သိနေကြပါသည်။ ကြွယ်ဝခြင်းနှင့်ငြိမ်းချမ်းခြင်းတို့သည် ကျွန်တော်တို့ကို ဘုရားသခင်နှင့် ပို၍နီးကပ်စေသောအရာများ မဟုတ်ကြပါ။ သန့်စင်ပေးသောအရာများလည်း မဟုတ်ကြပါ။ ကျွန်တော်တို့၏ယုံကြည်ခြင်းများကို မီးကဲ့သို့သောပြင်းထန်စွာ စုံစမ်းခြင်းတို့ကသာ ဘုရားသခင်နှင့်ပို၍နီးစေပါသည်။ ၄င်းတို့သည် ဆာလံ ၁၁း၅၊ ၁ပေ ၁း၇ နှင့် အခြားမြောက်များလှသောကျမ်းပိုဒ်တို့၏ သက်သေချက်ဖြစ်ပါသည်။

အတိတ်ကစကားပုံတခုဖြစ်ခဲ့သော "မာတုရ(အာဇာနည်)တို့၏အသွေးသည် အသင်းတော်၏မျိုးစေ့ဖြစ်ပါသည်" ဆိုသည့်ပြောစကားက ညှဉ်းဆဲနှိပ်စက်ခံရခြင်း၏တန်ဖိုးကို ဖေါ်ပြနေခြင်းဖြစ်သည်။ အသင်းတော်၏အသက်ရှင်မှုအားလုံးတွင် ဘုရားသခင့်ကျေးဇူးတော်၏ အံ့သြစရာကောင်းခြင်းနှင့်တန်ခိုးကြီးခြင်းကို ဘာနှင့်မှမတူရအောင် သက်သေပြနေသောအရာသည်၊ ဘုရားသခင့်လူတို့က ခရစ်တော်နှင့်ဧဝံဂေလိတရားအတွက် အရာအားလုံးကို မည်မျှခက်ခဲခြင်း၊ နှိပ်စက်ညှဉ်းဆဲခံရခြင်း ဖြစ်ပါစေ၊ လိုချင်စွာ၊ လိုလားစွာ ခံယူရဲကြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ထိုသို့သော နှိပ်စက်ညှဉ်းဆဲခံရခြင်းကို မျှော်လင့်နေကြရမည်သာမကပါ၊ လိုချင်ဆန္ဒရှိစွာ ခံယူဖို့လည်း ပြင်ဆင်ရပါမည်၊ ထို့အပြင် ထိုသို့ခံစားခြင်းကိုလည်း ပျော်ရွှင်စွာခံယူရပါမည်။ ကျွန်တော်တို့၏ သန့်စင်ခြင်းအတွက်၊ အသင်းတော်၏သန့်စင်ခြင်းအတွက်၊ ကျွန်တော်တို့ဖို့ ဘာမဆိုခံယူသောသောခရစ်တော်အတွက် ထိုသို့သောစိတ် ရှိကြရပါမည်။

## **အန္တိခရစ်အကြောင်း**(The Antichrist)

ကျမ်းစာကသင်ပေးသော အန္တိခရစ်အကြောင်းသည် အချိန်ပြည့် စိတ်ဝင်စားခြင်းခံရသော အကြောင်းအရာတခုဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူ့ကို ကျမ်းစာတွင် ဘုရားသခင့်လူတို့၏ ရန်သူအကြီးဆုံးအဖြစ် ဖေါ်ပြ၍ဖြစ်ပါသည်။ သို့သော် သူသည် မည်သူဖြစ်သည်၊ မည်သည့်အချိန်တွင်ပေါ်လာမည် ဆိုသောကိစ္စတို့နှင့်ပတ်သက်၍မူ ကွဲပြားမှုများရှိနေပါသည်။

အန္တိခရစ်ကို ၂သက် ၂း၄ တွင် "ဘုရားသခင်နှင့်ပတ်သက်သောအရာများအားလုံးကို (သို့) ဝတ်ပြုခြင်းနှင့် ဆိုင်သောအရာများအားလုံးကို ဆန့်ကျင်ကာ၊ မိမိကိုယ်မိမိ ၄င်းတို့ထက် မြင့်မားသူအဖြစ် ချီးမြှောက်နေသူ"ဟု ဖေါ်ပြပါသည်။ သူသည် ခရစ်တော် ကို ဆန့်ကျင်သူဖြစ်သည်။ သူ့ကိုယ်သူ ခရစ်တော်၏နေရာတွင် ထားရှိသူဖြစ်သည်။

အန္တိခရစ်ဆိုသောနာမည်ကို ၁ယော နှင့် ၂ယော တွင်သာသုံးပါသည် (၁ယော ၂း၁၈၊ ၂၂၊ ၄း၃၊ ၂ယော ၇)၊ သို့သော် ၂သက် ၂ တွင်တော့ မသုံးပါ။ ထိုသို့ဖြစ်သော်လည်း ယောဟန်သြဝါဒစာနှင့် သက်သာလောနိတ်သြဝါဒစာတို့

တွင် သုံးသောနာမည် တို့၏ ဆက်စပ်မှုကိုကြည့်ခြင်းဖြင့် ထိုနှစ်နေရာလုံးက အန္တိခရစ်တဦးတည်းကိုသာ ရည်ညွှန်းနေကြောင်း သိသာပါသည်။

ကြည့်ပါ၊ ယောဟန်က အန္တိခရစ်အများရှိပါသည်ဟု ပြောနေစဉ်တွင်၊ သက်သာလောနိတ်ဒြုတိယစာက သူသည် တဦးတည်းသောသူဖြစ်ကြောင်း ပြောနေပါသည်။ ထိုအကြောင်းကို အကောင်းဆုံးနားလည်နိုင်ဖို့ ဗျာဒိတ်(၁၃)၏ နိမိတ်ပုံကိုကြည့်ခြင်းက အကောင်းဆုံးဖြစ်ပါသည်၊ ထိုနေရာတွင်လည်း အန္တိခရစ်ဆိုသောနာမည်ကိုတော့ သုံးမထားပါ။ သို့သော် ၎င်းကျမ်းပိုဒ်ကို ၂သက် ၂း၄-၁၀ နှင့်နှိုင်းယှဉ်ပါက ဖေါ်ပြချင်သောအရာသည် နှစ်နေရာလုံးတွင် တခုတည်းသာ ဖြစ်ကြောင်း သိသာပါသည်။

ဗျာဒိတ်(၁၃)က "သားရဲ"ဟု သုံးပါသည်၊ ထိုသားရဲသည် သမိုင်းတလျှောက်တွင် ဖွင့်ပြလျှက်ရှိကြောင်းကိုလည်း ပြောပြပါ သည်။ ထိုသားရဲ၏ ခြားနားသောဦးခေါင်းများက ခြားနားသောနိုင်ငံများကို ဆိုလိုပါသည် (ဒံ ၇း၁-၈၊ ၁၅-၂၈)။ သို့သော် ထိုနိုင်ငံ များအားလုံးက တခုတည်းသောတန်ခိုးအာဏာကို ရည်ညွှန်းပါသည်။ ၎င်းသည် နောက်ဆုံးတွင် တဦးတည်းသောသူ၌ အပြည့်အဝ ဖွင့်ပြလာပါမည်၊ ထိုသူ့ကို ၂သက် ၂ တွင် "ဒုစရိုက်လူ" "အဓမ္မလူ"ဟု ဖေါ်ပြပါသည် (ငယ် ၃၊ ၈)။

ထိုအခြားသောအမည်များက အန္တိခရစ်နှင့်သူ့နိုင်ငံ၏ သဘောသဘာဝကို ဖွင့်ပြနေကြပါသည်။ ထိုသူနှင့်သူ၏ နိုင်ငံသည် လူသားမျိုးနွယ်တရပ်လုံး၏ ဘုရားသခင်ကိုဆန့်ကျင်ပုန်ကန်သောအပြစ်တို့ အဆုံးအစွန် ဖေါ်ထုတ်ပြသရာ ဖြစ်ပါမည်။ ထိုသူ့ထံ တွင် စာတန်ကညာပြောခဲ့သော "ထိုအသီးကိုစားလျှင် သင်တို့သည် ဘုရားကဲ့သို့ဖြစ်ကြမည်"(ကမ္ဘာ ၃း၅)ဆိုသည့်စကားရပ် အတိ ကျဆုံး၊ အနီးစပ်ဆုံး အကောင်အထည်ပေါ်လာမည်ဖြစ်သည်။ သူ့ကို ဗျာဒိတ်ကျမ်းက "သားရဲ"ဟုခေါ်လျှက် စာတန်နှင့်ဆက်စပ် နေကြောင်းကို သိသာစေပါသည်။ သူသည် အသင်းတော်၏ရန်သူဖြစ်ကြောင်းကို ပေါ်လွင်စေပါသည်။

အန္တိခရစ်လာရောက်ခြင်းနှင့်ပတ်သက်သော အငြင်းပွားမှုများ၊ ရိုမန်ကက်သလစ်ဂိုဏ်းချုပ် ပုတ်ရဟန်းမင်းသည် အန္တိခရစ် ဟုတ်မဟုတ် အငြင်းပွားမှုများကို၊ ၁ယော ၂း၁၈ က "ယခုချိန်တွင် အန္တိခရစ်အများအပြား ရှိနေပါသည်"ဟု ပြောဆိုလျှက် ရပ်တန့်စေပါသည်။ အန္တိခရစ် နောက်ဆုံးလာရောက်ခြင်း၊ သူ၏နိုင်ငံနှင့်တန်ခိုးတို့ အကောင်အထည်ပေါ်လာခြင်းတို့သည် အနာဂတ်တွင် ဖြစ်ကောင်းဖြစ်နိုင်ပါသည်၊ ကျွန်တော်တို့ကတော့ အနာဂတ်တွင်ဟု ယုံကြည်ကြပါသည်၊ သို့သော် အန္တိခရစ်သည် ပုံစံမျိုးစုံဖြင့် အ မြဲတမ်းရှိနေကြောင်းကိုတော့ မမေ့သင့်ကြပါ။

မျက်မှောက်ချိန်တွင် "ဒုစရိုက်လူ" "အဓမ္မလူ"ဟုပြောခြင်းသည် ရိုမန်ကက်သလစ်ဂိုဏ်း၏ ဝိနည်းထုံးစံများ၊ ပုတ်ရဟန်း မင်းများနှင့် အကိုက်ညီဆုံးဖြစ်နေပါမည်၊ သို့သော် အန္တိခရစ်၏ အခြားပုံစံကွဲများစွာလည်း ရှိနေသေးကြောင်းကို မမေ့သင့်ကြပါ။ မှားယွင်းသောအသင်းတော်များ၏ ခေါင်းဆောင်များ၊ ခရယ်စမက်တစ်(ဝိညာဉ်အစွန်းရောက်အဖွဲ့များ)၏ခေါင်းဆောင်များသည်လည်း အန္တိခရစ်များနှင့် အတော်ကိုက်ညီကြပါသည်။ အမှန်ပြောရလျှင် မှားယွင်းသောပုရောဖက်များတိုင်းသည် အန္တိခရစ်များ ဖြစ်ကြသဖြင့် ကျွန်တော်တို့ သတိထားကြရပါမည် (မဿဲ ၂၄း၂၄)။

မည်သို့ပင်ဖြစ်ပါစေ၊ ဘုရားသခင့်လူများအတွက် အလွန်နှစ်သိမ့်စရာကောင်းသည်မှာ အန္တိခရစ်သည် လူတဦးသာဖြစ်ပါသည်။ သမိုင်းတလျှောက်၊ ခေတ်အဆက်ဆက်၌ အသင်းတော်ကို ရန်ညိုးထားခြင်း၊ မုန်းတီးခြင်း၊ နှိပ်စက်ခြင်းစသည်တို့အားလုံးကို လုပ်နေသော်လည်း၊ သူသည် သူ့အတုခိုးနေသူဖြစ်သည့်၊ သူဆန့်ကျင်နေသောသူဖြစ်သည့် ဘုရားသခင့် သားတော်နှင့်ယှဉ်လျှင် ဘာ မှမဟုတ်ပါ။ ထို့ကြောင့် အဆုံးသတ်တွင် မည်သူ့အနိုင်ရမည်နည်း၊ မည်သူ့နိုင်ငံတော်သည်သာ ထာဝရရပ်တည်နိုင်မည်နည်း ဆို သည်ကို သံသယဖြစ်စရာမရှိပါ (ဗျာ ၁၉း၁၁-၁၆)။

## တရားစီရင်ခြင်းအကြောင်း (The Judgement)

နောက်ဆုံးတရားစီရင်ခြင်းသည် မျက်မှောက်ကမ္ဘာကြီး၏သမိုင်းကို အဆုံးသတ်စေလျှက်၊ ခရစ်တော်၏ထာဝရနိုင်ငံတော်ကို ကဏ္ဍသစ်တရပ်ဖွင့်ပေးလိုက်သော အဖြစ်အပျက်ဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာက တရားစီရင်ရာနေ့အကြောင်းကို မြောက်များစွာ ပြောပြထားပါသည်။

ထိုတရားစီရင်ရာနေ့သည် အဖြစ်အပျက်တခုတည်း၊ တနေ့တည်းဖြစ်သဖြင့် ကမ္ဘာစကြာဝဠာလုံးဆိုင်ရာ တရားစီရင်ခြင်း ဖြစ်ပါမည်။ လူအားလုံး၊ ကောင်းကင်တမန်အားလုံး၊ နတ်ဆိုးများအားလုံး ဘုရားသခင့်ရှေ့တွင် ပေါ်လာကြလျှက်၊ သူ့ထံမှ ကျေးဇူးတော်ဆုလာဘ် (သို့) မဖြောင့်မတ်ခြင်း၏ဆုလာဘ်တို့ကို၊ မိမိတို့၏ကိုယ်ခန္ဓာများအပေါ်၊ မဖြောင့်မတ်စွာနေခဲ့ခြင်း (သို့) ဖြောင့်မတ် စွာနေခဲ့ခြင်းတို့အတွက် လက်ခံရရှိကြမည်ဖြစ်ပါသည်။

စကြ်ဝဠာကမ္ဘာလုံးဆိုင်ရာ တရားစီရင်ခြင်းဖြစ်ကြောင်းကို ကျမ်းစာက ရှင်းစွာသင်ပေးပါသည်။ အားလုံး တရားစီရင်ခြင်းခံ ရမည် (မဿဲ ၁၆း၂၇၊ ၂၅း၃၁-၃၂၊ ယောဟန် ၅း၂၈-၂၉၊ ရောမ ၂း၅-၆၊ ၂ကော ၅း၁၀၊ ဗျာ ၂၀း၁၁-၁၄၊ ၂၂း၁၂)။ တရားစီရင် ခြင်းတွင်မပါသော ချွင်းချက်ပုဂ္ဂိုလ်များကိုပြောရလျှင်၊ ၎င်းတို့သည် သားရဲ၊ မိစ္ဆာပုရောဖက်၊ စာတန် တို့ဖြစ်ကြပါသည်၊ သူတို့ကို တရားမစီရင်ဘဲ ငရဲမီးအိုင်ထဲချလိုက်မည်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့၏ ဆိုးညစ်ခြင်းတို့သည် အပြည့်အဝပေါ်လာခဲ့ပြီး ဖြစ်ပါသည် (ဗျာ ၁၉း၂၀၊ ၂၀း၁၀)။

ထိုတရားစီရင်ခြင်းသည် လုပ်ကိုင်ကျင့်ကြံခဲ့ခြင်းများအတိုင်း(according to works)ဖြစ်ပါမည် (၁ကော ၃း၁၃-၁၅၊ ၁ပေ ၁း ၁၇၊ ဗျာ ၂း၂၃၊ ၂၀း ၁၂-၁၃)၊ လုပ်ကိုင်ကျင့်ကြံခဲ့ခြင်းကြောင့်တော့ မဟုတ်ပါ(not because of works)။ တရားစီရင်ခြင်းသည် မည်သို့ကျင့်ကြံပြုမူခဲ့သည် အတွက်ကြောင့်သာဖြစ်လျှင် ထိုက်တန်မှုသည် တရားစီရင်ခြင်း၏ အခြေခံ ဖြစ်သွားပါမည်၊ ထိုအခြေခံမှဆိုလျှင် မည်သူမျှခံနိုင်မည်မဟုတ်ပါ။ ထိုတရားစီရင်ခြင်းတွင် အယောက်တိုင်း၏ အလုပ်များက ထိုသူသည် ခရစ်တော်၏လူဖြစ်သလား မဖြစ်သလားဆိုသည်ကို ဖေါ်ပြပါမည်။ သူ၏အလုပ်များက သူသည် ဘုရားသခင့်ရှေ့တော်မှောက်တွင် ဖြောင့်မတ်သူဖြစ်သလား (ယာကုပ် ၂း၁၄-၂၀) (သို့) မဖြောင့်မတ်သူ၊ မထိုက်တန်သူ ဖြစ်သလားဆိုသည်ကို ဖေါ်ပြမည်ဖြစ်ပါသည်။

ထို့ကြောင့် လူတိုင်းသည် ထိုအလုပ်များအတိုင်း ထိုက်တန်သင့်တော်သောဆုလာဘ်ကို ရကြပါမည်။ အလုပ်များ၏ ဆုလာဘ်မှာ ထာဝရပြစ်ဒါဏ်ခံရခြင်းသို့ဖြစ်နိုင်သလို၊ ကျေးဇူးတော်ကြောင့် ထာသရအသက်ရှင်ခြင်းလည်း ဖြစ်ပါမည် (မဿဲ ၁၆း၂၇၊ ရောမ ၄း၄၊ ဗျာ ၂၂း၁၂။ ထိုဆုလာဘ်တို့က ဘုရားသခင်အား မကြောက်ရွံ့မရိုသေသူများကို ပြစ်ဒါဏ်ပေး၊ ငရဲကျစေခြင်းဖြင့် ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ဖွင့်ပြသလို၊ သူ၏လူများထံထားသော ဘုရားသခင်၏ကြီးမြတ်သည့် ကျေးဇူးတော်ကိုလည်း ဖွင့်ပြမည် ဖြစ်သည်။

ထိုတရားစီရင်ခြင်းနှင့် ဆုလာဘ်များပေးသနားခြင်းတို့သည် ခရစ်တော်၏အလုပ်များဖြစ်ကြပါသည်။ သူ့ထံ ခမည်းတော်က တရားစီရင်ခြင်းအားလုံးကို အပ်နှံထားပါသည် (ယော ၅း၂၆-၂၇၊ ဗျာ ၂၂း၁၂-၁၃)။ ထိုအချက်သည် လိုအပ်ချက်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဖြောင့်မတ်သူများရော၊ ဆိုးညစ်သူများပါ၊ အားလုံးသည် ခရစ်တော်နှင့် ဆက်စပ်၍ တရားစီရင်ခြင်းခံကြရမည်ဖြစ်သည်။ သူ့ကို လူဆိုးတို့က အမြဲတမ်း လက်ဝါးကပ်တိုင်တင်၍၊ ပြန်သတ်ချင်ကြပါသည် (ဟေဗြဲ ၆း၄-၆၊ ဗျာ ၁း၇)။ ထို့အတူ သူသည် မိမိလူတို့အတွက် ဖြောင့်မှန်စေသောဖြောင့်မတ်ခြင်း(justifying righteousness)ကို ပံ့ပိုးပေးသူလည်းဖြစ်ပါသည်။

အသက်စာအုပ်ကို သူက ပိုင်ပါသည်။ ထိုစာအုပ်က ခမည်းတော်မှ ခရစ်တော်ထံပေးထားသမျှသောသူတိုင်း၏ ကယ်တင်ခြင်းကို အာမခံပေးပါသည် (လုကာ ၁၀း၂၀)။ ထိုစာအုပ်အားဖြင့် အချို့တို့သည် မိမိတို့ထိုက်တန်သည် ဆိုသောအရာတို့ကို မရကြခြင်းဖြစ်ပါသည်။ သို့သော် ကျေးဇူးတော်အတွက်သာ ကျေးဇူးတော်ကိုရကြပါသည်။

ထို့ကြောင့် ယုံကြည်သူတို့အတွက် တရားစီရင်ခြင်းနေ့သည် ကြောက်လန့်စရာမဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ သူမျှော်လင့်ရသောအရာ ဖြစ်ပါသည်။ သူ တမ်းတသောအရာ ဖြစ်ပါသည်။ သူသည်လည်း တရားစီရင်ခြင်း ခံရပါမည် ဆိုနေပါသော်လည်း၊ သူ ၏ပိုင်နိုင်စိတ်ချရမှု(confidence)သည် ခရစ်တော်၌ဖြစ်ပါသည်၊ ခရစ်တော်၏ ဖြောင့်မတ်ခြင်း၌ ဖြစ်ပါသည်။

ထိုတရားစီရင်ခြင်းတွင် ယုံကြည်သူတို့အတွက် ကြီးသောမျှော်လင့်စရာရှိနေသည်ဆိုခြင်းသည် အမှန်ပင်ဖြစ်ပါသည်။ ခရစ်တော်၊ သူတို့၏အကိုကြီး၊ သူတို့ကိုဖြောင့်မတ်စေသူ၊ သူတို့၏ကယ်တင်ရှင်ဖြစ်သူသည် သူတို့အား တရားစီရင်သူအဖြစ် ထိုင်နေသူ ဖြစ်ပါမည်။ တရားစီရင်ခံရရန် ပေါ်လာကြသောအခါတွင်လည်း သူတို့သည် ခရစ်တော်၌ ရှိနေကြသူများအဖြစ်နှင့် ပေါ်လာကြမည် ဖြစ်သည်။ သူနှင့်အတူ ထမြောက်ကြသူများ၊ ဘုန်းတော်ဝင်စားကြပြီးသူများ အနေနှင့် ပေါ်လာကြမည်ဖြစ်သည်။ ရှင်ပြန်ထမြောက် ခြင်းက တရားစီရင်ခြင်းအရင်ကျမည်ဖြစ်သဖြင့် ယုံကြည်သူတို့ ခရစ်တော်၏တရားစီရင်ရာပလ္လင်သို့ ရောက်လာကြသောအခါ၊ သူတို့သည် သူနှင့်တပုံစံထဲ ဖြစ်နေကြပြီးဖြစ်ပါမည် (၁ယော ၃း၂)။ သူတို့၏ဆိုးညစ်သောခန္ဓာကိုယ်များသည် သူ၏ဘုန်းကျက်သရေနှင့် ပြည့်ဝသောခန္ဓာကိုယ်ကဲ့သို့ ပြောင်းလဲသွားခဲ့ကြပြီးဖြစ်နေပါမည် (ဖိ ၃း၂၁)။ မည်မျှ နှစ်သိမ့်စရာ ကောင်းလိုက်ပါသနည်း! မည်မျှ မျှော်လင့်ချက်အခြေခံ ရှိလိုက်ပါသနည်း! သင့်အတွက်လည်း ထိုသို့ဖြစ်ပါမည်ဟု ကျွန်တော်တို့ယုံကြည်ပါသည်။

## နောက်ဆုံးတရားစီရင်ခြင်းတခုသာရှိမည့်အကြောင်း(Only One Final Judgement)

နောက်ဆုံးသောကာလအကြောင်းနှင့်ပတ်သက်၍ ကျမ်းစာကသင်ပေးသည့်အခါ၊ အခြားသောအကြောင်းအရာများထက် ပို၍မြောက်များစွာ သင်ပေးသည်ကို တွေ့နိုင်ပါသည်။ ထိုသက်သေကို အနည်းငယ်လောက် ကျွန်တော်တို့ကြည့်ကြပါမည်။

ပထမ၊ ကျမ်းစာက တရားစီရင်ခြင်း တကြိမ်သာရှိမည်ဟု ပြောပါသည်။ သိုးနှင့်ဆိတ်တို့ကို တရားစီရင်ခြင်း (မဿဲ ၂၅း ၃၁-၄၆)၊ ပလ္လင်ဖြူကြီးဖြင့်တရားစီရင်ခြင်း (ဗျာ ၂၀း၁၁-၁၅)နှင့် အခြားသောနေရာများတွင် ဖော်ပြနေကြသော အခြားတရားစီရင် ခြင်းများအားလုံးသည် သမိုင်း၏ခြားနားသောအချိန်များတွင် ဖြစ်ပျက်ကြမည့် တရားစီရင်ခြင်းများ မဟုတ်ကြပါ၊ ထိုမှခြားနာစွာ ၄င်းတို့အားလုံးသည် တခုတည်းသော၊ တူညီသော၊ လူသိရှင်ကြားတရားစီရင်ခြင်းကို ရည်ညွှန်းကြခြင်းဖြစ်ပါသည်။

မှန်ပါသည်၊ ပုံစံတမျိုးမျိုးသောတရားစီရင်မှုများ ကျွန်တော်တို့ဘဝတလျှောက်တွင် ဖြစ်နေပါသည်၊ ကျွန်တော်တို့သေဆုံးချိန်တွင်လည်း ဖြစ်ပါသည်၊ သို့သော် ဤနေရာတွင် ကျွန်တော်တို့ ပြောဆိုနေကြသည်မှာ နောက်ဆုံးဖြစ်သော၊ လူတယောက်မကျန် အားလုံး၊ ကောင်းကင်တမန်အားလုံးနှင့် နတ်ဆိုးအားလုံးတို့ကို လူသိရှင်ကြားစီရင်သော တရားစီရင်ခြင်းကို ပြောနေကြခြင်းဖြစ်သည်။ ထိုသို့သောတရားစီရင်ခြင်းမျိုး တခုသာရှိပါသည်၊ အချို့သောသူများ ပြောကြသကဲ့သို့ အများကြီးမရှိပါ။

ဒစ်စပင်ဆေးရှင်းဝါဒ၊ ပရီမီလေးနီးယမ်းဝါဒတို့၏ မြောက်များစွာသောတရားစီရင်ခြင်းများရှိသည်ဆိုသော သွန်သင်ခြင်းများကို ဤနေရာတွင် အသေးစိတ်ငြင်းပယ်ဖို့ ကျွန်တော်တို့တွင် ရည်ရွယ်ချက်မရှိပါ။ ထိုသို့တရားစီရင်ခြင်းအများအပြားရှိသည်ဟု ၄င်းတို့၏ ယုတ္တိမတန်သော ကျိုးကြောင်းပြ ဆွေးနွေးထားချက် တခုကိုသာ ဥပမာအဖြစ်ဖော်ပြပါသည်။

၄င်းတို့က မဿဲ ၂၅း၃၁-၄၆ တွင်ပါဝင်သောတရားစီရင်ခြင်းသည် ကမ္ဘာကြီး၏အဆုံးသတ်မရောက်မှီ နှစ်တထောင်စော ၍ပြုလုပ်သော တရားစီရင်ချက်ဖြစ်သည်၊ ထိုအချိန်တွင် အသက်ရှင်နေကြသောနိုင်ငံများကို အစ္စရေးတို့နှင့်ဆက်နွယ်မှုအရ တရားစီရင်ခြင်း ဖြစ်သည်ဟု ပြောကြပါသည်။ ထိုနိုင်ငံများက အစ္စရေးနိုင်ငံကို ထိုတရားစီရင်ချိန်မတိုင်မှီ မည်သို့ဆက်ဆံကြသည် ဆိုသည့်အပေါ်မူတည်၍ တရားစီရင်ခြင်းဖြစ်သည်ဟု သူတို့က ပြောကြပါသည်။

သို့သော် ကျမ်းစာက ထိုအသက်ရှင်နေကြသောနိုင်ငံများဟု မပြောပါ၊ နိုင်ငံအားလုံးကိုဟုသာ ပြောပါသည် (ငယ်-၂၅)၊ ထို့အပြင် ထိုတရားစီရင်ခြင်းသည် နိုင်ငံများကိုမဟုတ်ပါ၊ တယောက်ချင်းစီ လူအားလုံးကို တရားစီရင်ခြင်းဖြစ်ကြောင်း ရှင်းနေပါသည်။ တဦးချင်း၏အလုပ်/အကျင့်အရ စီရင်ခြင်းဖြစ်သည်၊ ဗျာ (၂၀)ကဲ့သို့ဖြစ်ပါသည်။ မဿဲ ၂၅း၄၆ က ထာဝရအပြစ်ဒဏ်ခံရခြင်း၊ ထာဝရအသက်ဟု နောက်ဆုံးတရားစီရင်ခြင်းအကြောင်းကိုပြောသော အခြားကျမ်းပိုဒ်များကဲ့သို့ ပြောနေပါသည်။

ဤတရားစီရင်ခြင်းနောက်တွင် လူသားတော် သူ၏ဘုန်းကျက်သရေနှင့် လာရောက်လာခြင်းဆက်ဖြစ်ပါမည်၊ ၄င်းကိုလည်း မဿဲ ၂၄း၃၀-၃၁ တွင်ဖော်ပြပါသည်။ ၄င်းသည် ထရမ်းပက်(တံပိုးခရာ)များမှုတ်ခြင်းဖြင့် ရောက်လာပါမည်။ ၄င်းထရမ်းပက်(တံပိုးခရာ)မှုတ်ခြင်းကို ၁ကော ၁၅း၅၁-၅၂၊ ၁သက် ၄း၁၄-၁၇၊ ဗျာ ၁၁း၁၅-၁၈ တွင် နောက်ဆုံးထရမ်းပက်(တံပိုးခရာ)မှုတ်ခြင်းဟု ဖော်ပြပါသည်။ မဿဲ ၂၄း၂၉-၃၀ က ထိုခရစ်တော်၏လာရောက်ခြင်းကို နေနှင့်လတို့အားမှောင်မိုက်စေခြင်းဖြင့် ကြေညာမည်၊ ထို့နောက် မိုးတိမ်နှင့်လာမည်၊ မျက်လုံးအားလုံးက မြင်ရကြမည်ဟု ဖော်ပြပါသည်။ ထိုသို့သော ဖော်ပြချက်များအားလုံးက ခုနစ်များ ၏အဆုံးသတ်နိဂုံးတွင် ပြန်လာမည့် ခရစ်တော်၏ နောက်ဆုံးလာရောက်ခြင်းကို ရည်ညွှန်းနေကြခြင်းဖြစ်ပါသည် (၂ပေ ၃း၁၀-၁၇၊ ဗျာ ၁း၇၊ ၆း၁၂-၁၇)။

မည်သို့ဖြစ်ပါစေ၊ ထိုအမှန်တရားကို အရှင်းတကာ့အရှင်းဆုံးနှင့်ဖော်ပြသောကျမ်းပိုဒ်ကို ယော ၅း၂၈ တွင် တွေ့ရပါသည်၊ ထိုနေရာတွင် ခရစ်တော်ပြန်လာသောအခါ လူသားအားလုံးကို တရားစီရင်မည်ဟုပြောပါသည်၊ တချို့ကိုသာစီရင်မည်၊ ကျန်သူများ အားလုံးကိုတော့ နောက်မှစီရင်မည်ဟု ပြောမထားပါ။ ထို့ကြောင့် တရားစီရင်ခြင်း တခုသာရှိပါမည်၊ များစွာရှိမည်မဟုတ်ပါ (မ ဿဲ ၅း၂၁-၂၂၊ ၁၂း၄၁-၄၂)။

ထိုအချက်ကို ယုံကြည်ရန် အရေးကြီးပါသလား? ကျွန်တော်တို့က အရေးကြီးသည်ဟု ယုံကြည်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ၄င်းသည် ကျွန်တော်တို့၏ အစ္စရေးတို့အပေါ်ထားသော၊ ရှင်ပြန်ထမြောက်ခြင်းအပေါ်ထားသော၊ ခရစ်တော်၏ပြန်လာခြင်းအပေါ်ထားသော အမြင်တို့နှင့် ကိုက်ညီ၍သာမကပါ၊ ကျွန်တော်တို့သည် ထိုတရားစီရင်ခြင်း တခုအတွက်သာ ၂ပေ ၃း၁၀-၁၈ ကိုနာခံကြသည့်အနေနှင့် မိမိတို့ကိုယ်ကို ပြင်ဆင်ကြရမည်ဖြစ်သောကြောင့်လည်း ဖြစ်ပါသည်။

**တရားစီရင်ရခြင်း၏ရည်ရွယ်ချက်အကြောင်း**(The Purpose of the Judgement)

ရောက်လာမည့်တရားစီရင်ခြင်း၏ရည်ရွယ်ချက်မှာ အဘယ်နည်း? ထိုမေးခွန်းကို သင် တွေးဘူးပါသလော? အဖြေပေးရန် မလွယ်သောမေးခွန်းဟုလည်း တွေးမိပါသလော?

တဖက်ကကြည့်လျှင်၊ တရားစီရင်ခြင်းသည် အမြဲတမ်းဖြစ်နေပါသည်။ လူတို့သေကြသောအခါ ချက်ခြင်း ကောင်းကင်ဘုံ (သို့) ငရဲသို့ သွားကြပါသည်။ ဘုရားသခင်၏ တရားစီရင်ခြင်း ပြီး၍သာ ထိုသို့ဖြစ်နိုင်ခြင်းဖြစ်ပါသည်။ တရားစီရင်ရာနေ့ရောက်သောအခါ၊ လူအမြောက်အများသည် ကောင်းကင်ဘုံ (သို့) ငရဲထဲတွင် ရောက်ကြပြီးဖြစ်နေပါမည်၊ ရောက်လာသော တရားစီရင်ခြင်းက ထိုအခြေအနေကို ဘာမှပြောင်းစေမည်မဟုတ်ပါ။ ထိုသို့ဖြစ်လျှင် တရားစီရင်သောနေ့ ဘာကြောင့်လိုအပ်ဦးမည်နည်း?

ထို့အပြင် ခရစ်တော်၏အသေခံခြင်းတွင်လည်း တရားစီရင်ခြင်းသည် အမှန်ပင်ဖြစ်ခဲ့ပါသည်။ ခရစ်တော်ကိုယ်တိုင်က ထို အချက်ကို (ယော ၁၂း၃၁)တွင် ပြောပြပါသည် "ယခုတွင် ဤလောကသည် တရားစီရင်ခြင်းကိုခံရ၏"။ ခရစ်တော်သည် သူ၏အသေခံခြင်းဖြင့် အချို့တို့အတွက် ထာဝရကယ်တင်ခြင်းကို ပံ့ပိုးပေးပါသည်၊ အချို့ကိုတော့ မပံ့ပိုးပေးပါ (အကန့်အသတ်နှင့်အပြစ်ဖြေပေး ခြင်းသြဝါဒ)။ သူ၏အသေခံခြင်းဖြင့် အချို့တို့သည် ကယ်တင်ခြင်းတွင် မပါကြတော့ပါ၊ သူတို့၏ထာဝရအဆုံးသတ်သည် သတ်မှတ်ပြီးဖြစ်သွားပါသည်။ သူတို့၏တရားစီရင်ခြင်းသည် ဆုံးဖြတ်ပြီးဖြစ်သွားပါသည်။ ထိုသို့ဆိုလျှင် အဘယ့်ကြောင့် တရားစီရင်ရာနေ့ လိုအပ်ပါသေးသနည်း?

ထိုမေးခွန်း၏အဖြေသည် သီဩလောဂျီစကားလုံး တလုံးအပေါ်တွင်တည်မှီနေပါသည်၊ ထိုစကားလုံးကို "သီဩဒေစီ" (theodicy) ဟုခေါ်ပါသည်။ အဓိပ္ပါယ်မှာ "ဘုရားသခင်၏ဖွင့်ပြတော်မူခြင်း"(the revelation of God)ဟူ၍ဖြစ်ပါသည်၊ ၎င်းက တရားစီရင်ရာနေ့၏ အဓိကရည်ရွယ်ချက်ကို ဖေါ်ပြပါသည်၊ ဖြောင့်မတ်သူတို့အတွေက်နှင့် မဖြောင့်မတ်သူတို့ အတွက်ပါဖြစ်သည်။

ရည်ရွယ်ချက်သည် လူတို့နှင့်ကောင်းကင်တမန်တို့၏နိဂုံးချုပ်နေရာကို သတ်မှတ်ပေးဖို့မဟုတ်ပါ။ ပြောင်းပစ်လိုက်ဖို့လည်း မဟုတ်ပါ။ ၎င်းတို့ကို ကြိုတင်ခွဲခန့်မှတ်သားခြင်းနှင့် လက်ဝါးကပ်တိုင်အားဖြင့် သတ်မှတ်ပြီးဖြစ်ပါသည်။ ထိုမှခြားနားစွာ တရားစီ ရင်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဘုရားသခင်သည်ဘုရားသခင်ဖြစ်ကြောင်း ပြသဖို့ဖြစ်ပါသည်။ သူသည် မိမိလူတို့ကို ကယ်တင် ခြင်း၌၎င်း၊ မဖြောင့်မတ်သူတို့ကို ကျိန်ခြင်းအမင်္ဂလာခံစေခြင်း၌၎င်း သန့်ရှင်းသူ၊ ဖြောင့်မတ်သူဖြစ်သည်ကို ပြသဖို့ဖြစ်ပါသည်။

ယနေ့ချိန်တွင် ဘုရားသခင်၏တရားစီရင်ခြင်းကို အမြဲတမ်း မေးခွန်းထုတ်နေကြပါသည်။ သူ၏ဖြောင့်မတ်စွာ တရားစီရင် ခြင်းကို စာတန်က အမြဲမေးခွန်းထုတ်နေပါသည်။ စာတန်သည် ညီအကိုမောင်နှမတို့ကို အမြဲ အပြစ်တင်နေသူဖြစ်ပါသည် (ဗျာ၁၂း ၁၀)။ စာတန်သည် ဘုရားသခင်ကို မကြောက်ရွံ့မရိုသေသူတို့ကို အသုံးပြုလျှက်၊ ယုံကြည်သူတို့ကို အပြစ်တင်စွပ်စွဲနေပါသည်၊ ယုံကြည်သူတို့လည်း အပြစ်သားများဖြစ်ကြသည်၊ အခြားသူများနှင့်ဘာမှမခြားပါဟု ပြောနေပါသည်။ ဘုရားသခင်၏လူများကပင် ၎င်းအမှန်တရားကို မေးခွန်းထုတ်နေကြပါသည်။ သူတို့၏ဖြောင့်မတ်ခြင်းအတွက် ဘုရားသခင်လုပ်ပေးသောအလုပ်ကို သံသယဖြစ်ကြကာ မေးခွန်းထုတ်တတ်ကြသည်။

ထို့အတူ ဘုရားသခင်အား မကြောက်ရွံ့မရိုသေသူတို့အပေါ် ဘုရားသခင်မှ တရားစီရင်ခြင်းကိုလည်း မေးခွန်းထုတ်ကြပါသည်။ သူတို့ပြောတတ်သည်မှာ ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်သည်၊ ထို့ကြောင့် လူများကို ငရဲတွင် ဒါဏ်မခံစေနိုင်ပါဟူ၍ဖြစ်သည်။ ထိုသို့ပင် ငြင်းပယ်တော်မူခြင်းနှင့် အပြစ်သားများကို ကျိန်ခြင်းအမင်္ဂလာသို့ ကျရောက်စေခြင်းဆိုသည့် ဘုရားသခင်၏ အစိုးရတော်မူခြင်းအမှန်တရားကို မကျေနပ်သူအားလုံးတို့က မေးခွန်းထုတ်တတ်ကြပါသည်။

ထိုမကျေနပ်ချက်များကို တရားစီရင်ရာနေ့တွင် ကြားရတော့မည်မဟုတ်ပါ။ ထိုနေ့တွင် ဘုရားသခင်အား မကြောက်ရွံ့ မရိုသေသူတို့ကို အပြစ်စီရင်ငရဲသွားစေခြင်းတွင် ဘုရားသခင်သည် မဖြောင့်မတ်သူမဟုတ်ကြောင်း ထင်ရှားနေပါမည်။ သူတို့လုပ်သော အလုပ်များကိုယ်၌က သူတို့ကို အပြစ်စီရင်ပါမည်။ ဘုရားသခင့်သန့်ရှင်းတော်မူခြင်းကို ဖွင့်ပြခြင်းဆိုသော စာအုပ်များကိုဖွင့်လျှက်၊ စကားများသောပါးစပ်တိုင်း ပိတ်သွားပါမည်၊ တကမ္ဘာလုံးသည် အပြစ်ရှိနေသည်ကို ရှာတွေ့မည်ဖြစ်သည် (ရောမ ၃း၁၉)။ ဘုရားသခင်သည် မိမိကိုယ်ကို ထာဝရဖြောင့်မတ်ကြောင်း ဖေါ်ပြပါမည်။

ထို့အတူ ဘုရားသခင်၏လူတို့အား ဖြောင့်မတ်စေခြင်းသည်လည်း တရားမျှတလျှက်၊ သာတူညီမျှဖြစ်ကြောင်း တွေ့ကြမည်ဖြစ်သည်။ တရားစီရင်ခြင်းတွင် မိမိလူများကို ကောင်းကင်ဘုံနှင့်စပ်ဆိုင်သော ဘုန်းကျက်သရေသို့ လက်ခံခြင်းတွင်၊ ဘုရားသခင် သည် မိမိတောင်းဆိုထားသည်များနှင့် မိမိ၏ဖြောင့်မတ်ခြင်းကို မငြင်းပယ်ကြောင်း တွေ့ရမည်ဖြစ်သည်။

ထိုအရာများအားလုံး၏ အလယ်ဗဟိုတွင် ခရစ်တော်ရှိနေပါမည်။ ဘုရားသခင်ကို မကြောက်ရွံ့မရိုသေသူများအား ငရဲကျစေခြင်း၏ဖြောင့်မှန်မှုသည် ထိုသူတို့ကိုယ်၌က ကမ္ဘာပေါ်တွင်နေထိုင်ခဲ့ကြစဉ် ဘုရားသခင်၏သားတော်ကို ငြင်းဆန်ခြင်းနှင့် ငြင်းပယ်ခဲ့ကြခြင်းတွင်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာပါမည်။ ထိုကဲ့သို့ပင် ဖြောင့်မတ်သူတို့၏ ဖြောင့်မတ်ခြင်းသည်လည်း၊ သူတို့၏ ဖြောင့်မတ်ခြင်းမဟုတ်ဘဲ ခရစ်တော်၏ဖြောင့်မတ်ခြင်းအဖြစ်နှင့် ဖေါ်ပြလာပါမည်၊ ထိုအမှုတွင်လည်း ဘုရားသခင်သည် ဖြောင့် မတ်တော်မူကြောင်း သိသာထင်ရှားနေပါမည်။

ထို ဘုရားသခင့်ဘုန်းကျက်သရေနှင့် ကျွန်တော်တို့၏ကယ်တင်ခြင်းနေ့ရက် အမြန်ရောက်လာပါစေသော်!

## ငရဲအကြောင်း (Hell)

ဤကဏ္ဍ၏ခေါင်းစဉ် "ငရဲ"ဆိုသောစကားလုံးကပင် ကြောက်လန့်စရာအသံနှင့် ကျွန်တော်တို့ကို တုန်လှုပ်စေပါသည်။ ထို့ကြောင့် ယနေ့ခေတ်လူအများက ထိုအကြောင်းကို စကားလုံးနှင့်မျှပင် မပြောဆိုချင်ကြတော့ခြင်းသည် အံ့သြစရာမဟုတ်ပါ။

ခရစ်တော်၏ဘုရားဖြစ်ခြင်းအကြောင်း၊ သုံးပါးတဆူအကြောင်း၊ အပြစ်မှကြေအေးခြင်းအကြောင်းတို့ကဲ့သို့ပင် ငရဲအကြောင်းသည်လည်း ဓမ္မသစ်အသင်းတော်တွင် အမြဲတမ်း အတိုက်ခိုက်ခံရသော သြဝါဒတခုဖြစ်ပါသည်။ ယနေ့တိုင်အောင် တိုက်ခိုက်နေကြဆဲဖြစ်ပါသည်။ ထိုသို့ဝေဖန်တိုက်ခိုက်မှုသည် "မော်ဒန်ဝါဒီများ" "လစ်ဘရယ်ဝါဒီ"များထံမှသာ ထွက်လာသည်မဟုတ်ပါ၊ ဧဝံဂေလိအဖွဲ့များထဲမှလည်း ပေါ်ထွက်လာနေကြပါသည်။

အသစ်ဘာသာပြန်ထားသော ကျမ်းစာသစ်ဖြစ်သည့် The New International Version of the Bible (NIV) က ထိုအချက်ကို ပြောပြနေပါသည်၊ အဘယ့်ကြောင့်ဆိုသော် ထိုကျမ်းစာသစ်သည် ဧဝံဂေလိအုပ်စုများက စုပေါင်း၍ ဘာသာပြန်ကြသော ကြောင့်ဖြစ်ပါသည်။ ထိုဘာသာပြန်သစ်တွင် ငရဲ ဆိုသော စကားလုံးကို ဓမ္မဟောင်းကျမ်းစာမှနေ၍ လုံးဝထုတ်ပယ်ထားသည်ကို တွေ့ရပါသည်။ အခြားကောင်းမွန်သည့် ဘာသာပြန်ကျမ်းများ(ဥပမာ - ဂျိန်းဘုရင်မူ)တွင် ငရဲဆိုသောစကားလုံးကို အကြိမ်(၂၀) တွေ့ရလျှင် ထိုဘာသာပြန်မူသစ်(NIV)က (၁၀)ကြိမ်လျှော့ထားပါသည်။

အထူးသဖြင့် ထိုဘာသာပြန်သစ်(NIV)၏ ငရဲဆိုသောစကားလုံးကို ဓမ္မဟောင်းကျမ်းထဲမှ လုံးဝထုတ်ပယ်ထားခြင်းသည် အရေးကြီးလှပါသည်။ ထိုအချက်က ဘာကိုပြောနေသနည်းဆိုလျှင်၊ (NIV)ကိုဘာသာပြန်ကြသူ ပညာရှင်များအားလုံးက သဘောတူညီစွာဖြင့် ဓမ္မဟောင်းကာလမှလူများသည် ငရဲဆိုသောအရာ၏အကြောင်းကို နားမလည်ကြပါဟု ပြောနေခြင်းဖြစ်ပါသည်။ သူတို့က ဓမ္မဟောင်းကာလလူများသည် ဖြောင့်မတ်သူများရော၊ ဆိုးညစ်သူများပါ အတူတူသွားရောက်ကြသော လူသေတို့၏နေရာ ဆိုသည်လောက်ကိုသာ နားလည်ကြသည်ဟု ပြောချင်ကြခြင်းဖြစ်ပါသည်။

ကျမ်းစာမှနေ၍ ငရဲဆိုသောစကားလုံးကို ချန်လှပ်ဘာသာပြန်ခြင်းသည် ဆိုးဝါးသောဘာသာပြန်ဖြစ်ပါသည်။ ဓမ္မဟောင်း ကျမ်းစာတွင် ငရဲဟုဘာသာပြန်ရသော "စီအိုးလ်"ဆိုသောစကားလုံးကို နေရာများစွာတွင် တွေ့ရပါသည် (ဂျိန်းဘုရင်မူက ငရဲဟု ဘာသာပြန်ပါသည်)။ တရားဟောရာကျမ်း ၃၂း၂၂၊ ယောဘ ၂၆း၆ တို့သည် အလွန်ကောင်းသော ဥပမာများဖြစ်ကြပါသည်(မြန်မာကျမ်းစာ၊ ယုဒသန်ဘာသာပြန်ကလည်း မရဏာနိုင်ငံဟုသာပြန်သဖြင့် မကောင်းလှပါ၊ ငရဲဟု ပြန်ရပါမည်)။ ထို့အတူ ဆာလံ ၁၆း၁၀ ကိုလည်းထိုသို့ပင် ဘာသာပြန်ရပါမည်၊ ထိုကျမ်းပိုဒ်ကို ဓမ္မသစ်ကျမ်းစာက ကိုးကားသောအခါ၊ ဂရိဘာသာအားဖြင့် ငရဲဟုဆိုလိုသော "ဟေဒိ"ဆိုသည့်စကားလုံးဖြင့် အစားထိုးဖေါ်ပြသည်ကိုတွေ့ရပါသည် (တမန် ၂း၂၇၊ ၃၁၊ ဤနေရာတွင်လည်း ယုဒသန်မြန် မာကျမ်းစာ၌ မရဏာနိုင်ငံဟုသာ တွေ့ရပြန်ပါသည်၊ ငရဲဟု ဘာသာပြန်ရမည်ဖြစ်သည်)။

တဦးနှင့်တဦး ထိုသို့ သဘောမတူနိုင်ကြသော်လည်း၊ ငရဲ ဆိုသောစကားလုံးကို ကျွန်တော်တို့၏ကျမ်းစာထဲမှ၊ အယူဝါဒ သွန်သင်ခြင်းများထဲမှ၊ အတွေးအခေါ်ထဲမှ ဖယ်ထုတ်မပစ်သင့်ပါ။ ၄င်းသည် ဧဝံဂေလိတရား ဟောကြားခြင်းအတွက် မရှိမဖြစ် စကားတလုံးဖြစ်ပါသည်။ ငရဲသြဝါဒမရှိလျှင်၊ ဧဝံဂေလိဟောရာတွင် နောင်တရ၍ပြောင်းလဲကြပါဟု ပြောကြသည့်အခါ အာနိသင် ရှိနိုင်တော့မည်မဟုတ်ပါ။ "အခြေအနေပေါ်တည်၍ထာဝရဖြစ်ခြင်း"(conditional immortality)ဆိုသည့် အချို့သောဧဝံဂေလိအဖွဲ့များက ခံယူကြသည့်အယူအဆကလည်း၊ "ငါတို့ နောင်တရမပြောင်းလဲကြလျှင်၊ ပျက်ဆီးကြရမည်"ဆိုသောအမှန်တရားကို မမှန်မကန် ဖြစ်စေပါသည် (ထိုဝါဒက ငရဲတွင် ခံရခြင်းသည် ထာဝရ မဟုတ်၊ ခဏသာဖြစ်သည်၊ ခံရပြီးသည်နှင့်ပျောက်ကွယ်သွားကြမည်ဟု မှားယွင်းစွာသင်ပါသည်)။

ထိုကြောက်လန့်စရာ ငရဲဆိုသောစကားလုံးသည် ဘုရားသခင်အားကြောက်ရွံ့ရိုသေခြင်းနှင့် ဆက်စပ်နေပါသည်။ သခင်ယေရှုက "တနည်းကား၊ ကိုယ်ခန္ဓာကိုသာသတ်၍ စိတ်ဝိညာဉ်ကို မသတ်နိုင်သောသူတို့ကို မကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်ကို ငရဲ၌ ဖျက်ဆီးနိုင်သော သူကိုသာ၍ကြောက်ကြလော့"ဟု ပြောခဲ့ပါသည် (မဿဲ ၁၀း၂၈)။ ထို့ကြောင့် ယနေ့

ခေတ်တွင် ငရဲဆိုသည်ကို လူအများက ယုံကြည်ကြမှသာ၊ ဘုရားသခင်အားကြောက်ရွံ့ရိုသေခြင်းသည် ကမ္ဘာကြီးထဲတွင် နှင့် အသင်းတော်ထဲတွင် ပို၍ရှိနိုင်ပါမည်။ "ဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းသည်၊ ဉာဏ်ပညာ၏အစပျိုး ဖြစ်ပါသော်လည်း"(သုတ္တံ ၉း၁၀) ထိုအမှန်တရားသည် နေရာတိုင်းတွင် ဝမ်းနည်းစရာကောင်းစွာ လစ်ဟာနေပြီဖြစ်ပါသည်။

## ထာဝရပြစ်ဒဏ်ပေးခြင်းအကြောင်း(Eternal Punishment)

ထာဝရပြစ်ဒဏ်ပေးခြင်းဩဝါဒသည် မည်သည့်အခါတွင်မျှ ပေါ်ပြူလာမဖြစ်ခဲ့ပါ။ မည်သို့ပင်ဖြစ်ပါစေ၊ ယနေ့ ခေတ်တွင် ထိုအမှန်တရားကို ဆန့်ကျင်ခြင်းများသည် ဧဝံဂေလိအုပ်စုများမှ ထွက်လာနေခြင်းကတော့ အတော်စိတ်ရှုပ်စရာ ဖြစ်ပါသည်။ ကျွန်တော်တို့ ပြောခဲ့ကြသလို၊ ဘာသာပြန်သစ်(NIV)က ဘုရားသခင်နှုတ်ကပတ်တော်မှ ငရဲဆိုသော စကားလုံးကို ရှင်းထုတ်ပစ်လိုက်ပြီဖြစ်သည်။ ထို့အတူ ဧဝံဂေလိနာမည်ကျော်ခေါင်းဆောင်များက "အခြေအနေပေါ်တည်၍ထာဝရဖြစ်ခြင်း"ဝါဒကို သင်နေကြပါသည်။ ထိုဝါဒကို မြှင့်တင်သင်ပေးကြသူတို့က မယုံကြည်သူတို့သည် ငရဲသို့သွားလျှင်လည်း ခဏသာဖြစ်သည်၊ နောက်ဆုံးတွင် ပျောက်ကွယ်သွားကြမည်၊ ထို့ကြောင့် နောက်ဆုံးတွင် ငရဲထဲတွင် မည်သူမှ ရှိတော့မည်မဟုတ်ဟု သင်နေကြပါသည်။ အပြစ်ဒဏ်စီ ရင်ခြင်းတော့ရှိပါသည်၊ သို့သော် ထာဝရမဟုတ်ပါဟု ပြောနေကြသည်။ ထိုဧဝံဂေလိနာမည်ကျော်ခေါင်းဆောင်တဦးက သူတို့မီးခိုးများသည် ထာဝရတက်နေမည်ဖြစ်သော်လည်း၊ ထိုနေရာတွင် လောင်ကျွမ်းနေမည့်သူ တဦးမှမရှိတော့ပါဟု ပြောပါသည်။

ကျွန်တော်တို့ကတော့ ထာဝရပြစ်ဒဏ်ပေးခြင်းသည် ကျမ်းစာသင်သော အမှန်တရားတခုသာမကပါ၊ မရှိမဖြစ် အရေးကြီးသောဩဝါဒတခုဟုလည်း ယုံကြည်ကြပါသည်။ ကျမ်းစာနှင့်ညီသည်ဆိုသည်ကို ဗျာဒိတ်ကျမ်း ၁၉း၃ က ရှင်းနေအောင်သင်ပေးပါ သည်။ ထိုကျမ်းပိုဒ်က ဗာဗုလုန်နိုင်ငံ၏မီးခိုးသည် ထာဝရ တလူလူတက်နေပါမည်ဟုပြောပါသည်။ ရည်ညွှန်းသည်မှာ ဘုရားမဲ့ တရားမဲ့များကိုဖြစ်သည်။ ထိုဖေါ်ပြချက်သည် အလွန်သရုပ်ပါလှပါသည်၊ လောင်နေသူများ မရှိလျှင် ဗာဗုလုန်ဆိုသောငရဲမီး၏ မီးခိုးသည် မည်သို့ ထာဝရတလူလူတက်နေနိုင်ပါမည်နည်း?

ထာဝရပြစ်ဒဏ်ပေးခြင်းဩဝါဒသည် အရေးကြီးလှကြောင်း သိရန် မခက်ခဲပါ။ ၎င်းဝါဒက အပြစ်ကို မှန်ကန်စွာမြင်နိုင်ခြင်းသို့ ပို့ဆောင်ပါသည်။ ပြစ်ဒဏ်သည် ထာဝရဖြစ်သည်ဆိုခြင်းက၊ အပြစ်ပြုခြင်းသည် ထာဝရဖြစ်သော၊ အလွန်မြင့်မြတ်ခန့်နား ကြီးကျယ်လှသော ဘုရားသခင်ကို ဆန့်ကျင်၍ပြုခြင်းဖြစ်ကြောင်း ပေါ်လွင်စေပါသည်။ ထာဝရပြစ်ဒဏ်ပေးခြင်းကို ငြင်းဆိုခြင်းက အပြစ်ကိုလည်း အထင်သေးသွားစေပါသည်။

ထိုအချက်နှင့် နီးကပ်စွာဆက်စပ်နေသည်မှာ ထာဝရပြစ်ဒဏ်ပေးခြင်းကို ငြင်းပယ်ခြင်းက ဘုရားသခင်၏ ဖြောင့်မှန်ခြင်း ကို မေးခွန်းထုတ်ခြင်းသို့ ရောက်ရှိစေမှုဖြစ်ပါသည်။ ဘုရားသခင်က ပထမတွင် လူများကို ငရဲထဲချလျှက်၊ နောက်ပိုင်းတွင် ၎င်းတို့ ကို နိဂုံးချုပ်ပျောက်ကွယ်သွားစေပြန်သည်ဆိုခြင်းက ဘုရားသခင်၏ မပြောင်းလဲခြင်းသဘာဝ (သို့) ဖြောင့်မှန်ခြင်း၊ ဖြောင့်မတ်ခြင်း တို့ကို ဘာမှမဟုတ်ပါဟု ဆိုလိုနေခြင်းသာဖြစ်ပါသည်။ ထိုသို့ယုံကြည်ခြင်းက ဘုရားသခင်သည် သူ့စိတ်ကို ပြောင်းလဲစေသည်၊ ထို သူတို့၏အပြစ်နှင့်ပတ်သက်၍ ဘုရားသခင်က နောက်ဆုံးတွင် အလျှော့ပေးသည်ဟု ဆိုရာရောက်ပါသည်။

ထာဝရပြစ်ဒဏ်ပေးခြင်းကို ငြင်းပယ်ခြင်းက ဧဝံဂေလိတရားဟောကြားရာတွင် နောင်တရပါ၊ ယုံကြည်ပါဟု ခေါ်နေခြင်း ၏အရေးကြီးမှုကို လျှော့သွားစေပါသည်။ ထိုသို့သာဆိုလျှင် မယုံကြည်သူတို့က ဘုရားသခင်၏ တရားစီရင်ခြင်းကို သိပ်ကြောက်စရာ လိုတော့မည်မဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် နောက်ဆုံးတွင် ပျောက်ကွယ်သွားကြမည်ဖြစ်ပါသည်။ ၎င်းတို့ကို အ လွန်ကြောက်လန့်စေသောအရာသည် ထာဝရဝေဒနာခံစားကြရခြင်း ဖြစ်ပါသည်။

ထာဝရပြစ်ဒဏ်ခံရခြင်းကို ကြောက်လန့်နေကြသဖြင့် လူတို့သည် ထိုကြောက်လန့်ခြင်းကို အကြောက်ပြေကြရန် အတွက် ဝိညာဉ်၏ထာဝရဖြစ်တည်ခြင်း၊ ကောင်းကင်ဘုံနှင့်ငရဲ၏တကယ့်ဖြစ်တည်မှုများတို့ကို ငြင်းဆန်နေကြခြင်းဖြစ်ပါသည်။ အခြားအရာတို့ထက် ၎င်းတို့ကို အဓိကကြောက်ရွံ့စေသည့်အရာမှာ ထာဝရပြစ်ဒဏ်ခံရခြင်း အမှန်တရား ဖြစ်ပါသည်။ ထိုကြောက်ရွံ့မှုက သူတို့ကို ဘုရားမရှိပါဟု ငြင်းဆန်ခြင်းသို့ ရောက်စေပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ဖြစ်တည်မှုကို လက်ခံသည်နှင့် သူသည် သန့်ရှင်းတော်မူသည်ဟု လက်ခံလာရပါတော့မည်၊ ထို့အပြင် သူသည် ဖြောင့်မတ်သောတရားသူကြီးအဖြစ်အသက်ရှင်သူ ဖြစ်သည်ဟု လက်ခံလာရတော့မည်ဖြစ်သည်။

ထိုသို့ပြောသဖြင့် လူတယောက်သည် ကြောက်လန့်တုန်လှုပ်ခြင်းနှင့်ကောင်းကင်ဘုံသို့ရောက်ရှိ ကယ်တင်ခြင်းရသည်ဟုတော့ မထင်ပါနှင့်။ ထိုသို့မဟုတ်ဘဲ၊ ထာဝရပြစ်ဒဏ်ခတ်ခြင်းနှင့်တရားစီရင်မည်ကို ကြောက်ရွံ့ခြင်းအား ဘုရားသခင်က အသုံးပြုလျှက် ကယ်တင်ခြင်းကို ကျွန်တော်တို့ထဲတွင် စ၍လုပ်ပေးလေ့ရှိတတ်ပါသည်။ ထို့ကြောင့် ထာဝရပြစ်ဒဏ်ပေးခြင်းသည် ဧဝံဂေလိဟောခြင်း၌ အရေးကြီးသောအစိတ်အပိုင်းတခုဖြစ်ပါသည်။

ထိုအကြောင်းအရင်းကြောင့် ကျွန်တော်တို့သည် ကျမ်းစာကသင်ပေးသော ထာဝရပြစ်ဒဏ်ပေးခြင်းသြဝါဒကို ခရစ်ယာန်အများကြား သဘောမတူညီစရာဖြစ်သော်လည်း လက်ခံဦးညွှတ်ရပါမည်။ ထို့အတူ ကျွန်တော်တို့သည် ခရစ်တော်ကို ယုံကြည်ကြလျှင် ထာဝရပြစ်ဒဏ်ပေးခြင်းအောက်တွင် ရှိမနေကြတော့ကြောင်းကိုလည်း ယုံကြည်ကြရမည်ဖြစ်ပါသည်။

**ကောင်းကင်ဘုံအကြောင်း**(Heaven)

ကောင်းကင်ဘုံအကြောင်းပြောသည့်အခါ၊ သတိထားရမည်မှာ၊ ကျွန်တော်တို့သည် ကျမ်းစာက သင်ပေးသည်များ အပေါ်၌သာ တည်မှီလျှက် ပြောရမည်ဆိုသောအချက်ဖြစ်ပါသည်။ ကျမ်းစာက ကျွန်တော်တို့ကို ပြောမထားသော အရာများ များပြားလှပါ သည်။ ထို့ကြောင့် အသုံးမဝင်သော မှန်းစထင်မြင်ခြင်းများထဲ ရောက်သွားရန် လွယ်ကူလှပါသည်။ လမ်းလွဲသို့ရောက်သွားခြင်းမျိုး လွယ်ကူလှပါသည်။

ကောင်းကင်ဘုံနှင့်ပတ်သက်သည့်အကြောင်းများ နည်းပါးလှသည့်အကြောင်းအရင်းတခုမှာ ၄င်းသည် အလွန်အံ့သြစရာ ကောင်းလွန်းသဖြင့် မြေကြီးပေါ်တွင် ပြောနေသောစကားလုံးတို့ဖြင့် ဖေါ်ပြရန် မလုံလောက်၍ဖြစ်ပါသည်။ ထိုအချက်ကို ကောင်းကင်ဘုံနှင့် ပတ်သက်၍ ဖေါ်ပြသောကျမ်းပိုဒ်များကို ဖတ်သည့်အခါတိုင်း ခံစားမိကြပါသည်။ ညမရှိ၊ နေမရှိ၊ လမရှိ၊ ပင်လယ်မရှိ၊ အိမ်ထောင်ပြုခြင်းမရှိ၊ ဗိမ္ဗာန်တော်မရှိ။ ကောင်းကင်ဘုံသည် နားလည်သဘောပေါက်ဖို့ရန်၊ မျက်စိဖြင့် မမြင်ရသေး၊ နားဖြင့်လည်း မကြားရသေး၊ လူ၏နှလုံးသားထဲသို့လည်း မဝင်ရောက်သေးသော အရာများနှင့်ဆိုင်ပါသည် (၁ကော ၂း၉)။

ထိုအကြောင်းအရင်းကြောင့် ကောင်းကင်ဘုံနှင့်ပတ်သက်၍ ကျမ်းစာက ကျွန်တော်တို့ထံ ပြောသမျှသည် နိမိတ်ပုံများ၊ ပုံဆောင်ချက်များဖြင့်သာ ဖြစ်နေရခြင်းဖြစ်ပါသည်။ ၄င်းတို့က ကောင်းကင်ဘုံသည် အမှန်ပင် အံ့သြစရာ နေရာတခုဖြစ်ပါသည်ဟု ပြောနေကြသည်၊ သို့သော် ကောင်းကင်ဘုံကို အတိအကျနှင့် မည်သို့ဖြစ်သည်ဆိုသည်ကိုတော့ ပြောမပြကြပါ။ ဗျာဒိတ်ကျမ်း ၂၁ တွင်ဖေါ်ပြသော ဂျေရုဆလင်မြို့သစ်ကြီးသည် အကောင်းဆုံးဥပမာဖြစ်ပါသည်။ ထိုနေရာတွင်ဖေါ်ပြသော ရုပ်ပုံကားချပ်အရ နိဂုံးချုပ်ကောက်ချက်ဆွဲရလျှင် ကောင်းကင်ဘုံသည် မြို့တော်ကြီးတခုနှင့်တူပါမည်။ မိုင်ပေါင်း ၁၅၀၀ အရှည်၊ အကျယ်၊ အမြင့်ရှိပါမည်။ လမ်းမကြီးများသည် ရွှေခင်းထားပါသည်။ ဂိတ်တံခါးများကို ကြီးသောပုလဲများဖြင့် ပြုလုပ်ထားပါသည်။ မြို့တော်ကြီး၏အ ခြေခံအုတ်မြစ်များကို တန်ဖိုးရှိသော ရတနာမျိုးစုံနှင့်ချထားပါသည်။ ထိုသို့အတိအကျဖြစ်သည်ဟုဆိုလျှင် ကျွန်တော်တို့ မှားပါသည်။ ဗျာ ၂၁ ကိုယ်၌က၊ ထိုမြို့တော်ကြီးသည် "သတို့သမီးဖြစ်သည်၊ သိုးသငယ်၏ဇနီးဖြစ်သည်"ဟု ပြောပြနေပါသည်၊ ဆိုလိုသည်မှာ ထိုမြို့တော်ကြီးသည် အသင်းတော်ဖြစ်ပါသည် (ဧဖက် ၅း၂၅-၃၂၊ ဗျာ ၁၉း၇-၉)။

မည်သို့ပင်ဖြစ်ပါစေ၊ ကျမ်းစာတွင် ကောင်းကင်ဘုံအကြောင်း သိနိုင်ဖို့ ဘာမှမပါပါဟု ပြောနေကြခြင်းတော့ မဟုတ်ပါ။ ကျမ်းစာက လိုအပ်ချက်အားလုံးကို ပြောပြပါသည်။ သို့သော် ကျွန်တော်တို့၏ စပ်စုလိုသောစိတ် ကျေနပ်အောင်တော့ မဟုတ်ပါ။

ကျမ်းစာက ကျွန်တော်တို့ကိုပြောပြသော ကောင်းကင်ဘုံအကြောင်းများသည်၊ ကမ္ဘာပေါ်တွင်နေထိုင်ရသူ ကျွန်တော်တို့အဖို့ အတော်ပင်နှစ်သိမ့်စရာကောင်းပါသည်။ ထိုနေရာတွင် မျက်ရည်မရှိတော့ပါ၊ နာကျင်ခြင်း၊ သေဆုံးရခြင်းတို့လည်း ရှိတော့မည်မဟုတ်ပါ (ဗျာ ၂၁း၄)။ ကျွန်တော်တို့ အနားရကြမည် (ဗျာ ၁၄း၁၃)။ ဝမ်းမြောက်ကြမည် (မဿဲ ၂၅း၁၃)။ ဘုန်းကျက်သရေရှိလှသောလွတ်လပ်ခြင်းရကြမည် (ရောမ ၈း၂၁)။ ကျွန်တော်တို့ ခရစ်တော်ကဲ့သို့ ဖြစ်ကြမည် (၁ယော ၃း၂)။ ကျွန်တော်တို့၏ ဆိုးညစ်သောကိုယ်ခန္ဓာများသည်ပင်လျှင် ခရစ်တော်၏ကိုယ်ခန္ဓာနှင့်တူသောအဖြစ်သို့ ပြောင်းသွားကြပါမည် (ဖိ ၃း၂၁)။ အပြစ်၊ သွေးဆောင်ဖြားယောင်းခြင်း၊ ဆိုးညစ်ယုတ်မာသူများအားလုံးကို ထာဝရ မောင်းထုတ်ပြီးဖြစ်မည် (ဗျာ ၂၁း၂၇)။ ကျွန်တော်တို့သည် ကောင်ကင်တမန်များနှင့် သန့်ရှင်းသူများ၏အုပ်စုကြားတွင် ရှိနေကြမည် (ဟေဗြဲ ၁၂း၂၂-၂၃)။

ထိုအကြောင်းအရာများအားလုံးကပင် ကောင်းကင်ဘုံ၏ တကယ့်ဘုန်းကျက်သရေနှင့်ကောင်းချီးခံရခြင်းများကို မဖေါ်ပြ နိုင်ကြသေးပါ။ ထိုနေရာတွင် ဘုရားသခင်နှင့် ခရစ်တော်လည်း ရှိနေကြမည်ဖြစ်ပါသည်၊ "ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ ဘုရားသခင်ဖြစ်တော်မူမည်" (ဗျာ ၂၁း၃)။ **ယုံကြည်သူတို့အတွက် ကောင်းကင်ဘုံ၏ ကောင်းချီးခံရခြင်းသည် ခရစ်တော်၏**"မျက်နှာတော်ကိုမြင်ရ၍၊ သူတို့နဖူး၌လည်း နာမတော်ရေးထားလျက်ရှိလိမ့်မည်" **ဆိုသည့်အချက်တွင်ဖြစ်ပါသည်** (ဗျာ ၂၂း၄)။

ကောင်းကင်ဘုံ၏ ကောင်းချီးခံရသောအဖြစ်များကို ကျမ်းပိုဒ်အမြောက်အများက ရေးသားဖော်ပြကြသဖြင့် မသိလိုက်ခြင်းမျိုး မဖြစ်နိုင်ပါ (ယောဘ ၁၉း၂၆-၂၇၊ ဆာလံ ၁၆း၁၁၊ ၁၇း၁၅၊ ၁ကော ၁၃း၁၂၊ ဖိ ၁း၂၃)။ ကျွန်တော်တို့ကလည်း မသိလိုက်ဘူးဟု မပြောသင့်ပါ။ ကောင်းကင်ဘုံကိုမျှော်လင့်ကြလျှက် ကျွန်တော်တို့၏ဆုတောင်းသည် ဖိလစ်၏ကဲ့သို့ ဖြစ်လာပါမည်၊ "သခင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါ။ ထိုသို့ ပြတော်မူလျှင် အကျွန်ုပ်တို့အလို ပြည့်စုံပါမည်" (ယော ၁၄း၈)။

## ကောင်းကင်သစ်နှင့်မြေကြီးသစ်အကြောင်း(New Heaven and New Earth)

ကျမ်းစာက ကောင်းကင်သစ်နှင့်မြေကြီးသစ်အကြောင်းကို ဘုရားသခင့်လူတို့၏နောက်ဆုံးနေရာအိမ်အဖြစ်နှင့် မကြာခဏ ပြောပြပါသည်။ ၎င်းကို အိမ်ဟု သုံးနှုန်းထားခြင်းက ကျွန်တော်တို့နှစ်သက်စရာဖြစ်အောင် လုံလောက်ပါသည်။ မြေကမ္ဘာပေါ်တွင် ရှိနေကြသ၍ ကျွန်တော်တို့သည် ခရီးသွားများ၊ သူစိမ်းများသာ ဖြစ်နေကြပါသည်။ ဤနေရာတွင် ကျွန်တော်တို့အိမ် မရှိပါ။ ကျွန် တော်တို့ နိုင်ငံ၊ မြို့တော်ဟုခေါ်နိုင်သောအရာ တခုမှမရှိပါ (ဟေဗြဲ ၁၁း၈-၁၀၊ ၁၃-၁၆)။ ဝေးလံလှသောခရီး၊ ပင်ပန်းလှသောလမ်းကို ကြာညောင်းစွာဖြတ်သန်းပြီးမှ အိမ်ပြန်သည်ဆိုခြင်းသည် မည်မျှကောင်းလိုက်ပါသနည်း? ထိုနေရာတွင် ကျွန်တော်တို့၏ ဖခင်၊ အကိုကြီးနှင့် မိသားစုများအားလုံး ရှိနေကြကြောင်း ကျွန်တော်တို့ သိကြပါသည်။ ထိုနေရာမှ ဘယ်တော့မှထွက်ခွာသွားရမည် မဟုတ်ပါ။

ကျွန်တော်တို့ ထိုနေရာသို့ တခါမှ မရောက်ဖူးကြဘဲ၊ မည်သို့လျှင် ကျွန်တော်တို့ အိမ်ဖြစ်နိုင်ရပါသနည်း? ၎င်းကို မိမိတို့အိမ်အဖြစ် ကျွန်တော်တို့ မည်သို့ လိုချင်နိုင်ကြပါမည်နည်း? မြေပေါ်တွင်ရှိသော တကယ့်အိမ်များကဲ့သို့ပင် နေရာသည် ထိုအထဲတွင် နေထိုင်ကြသူများလောက် အရေးမပါပါ။ ထိုသူတို့ကို ကျွန်တော်တို့ သိကြပါသည်၊ ချစ်ကြပါသည်။ ထိုသို့ပင် ကျွန်တော်တို့ ကောင်းကင်ဘုံသို့ တခါမှမရောက်ဖူးကြပါ၊ သို့သော် ထိုနေရာတွင် နေကြသူများသည် ခရစ်တော်အားဖြင့် ကျွန်တော်တို့မိသားစု များဖြစ်ကြပါသည်။ ကျွန်တော်တို့က သိနေသူများ၊ ချစ်ရသူများဖြစ်ကြပါသည်။

ကျွန်တော်တို့ နောက်ထပ်လည်း မေးနိုင်ပါသေးသည်၊ ဘာကြောင့်များ ကောင်းကင်သစ်များနှင့် မြေကြီးသစ်သည် လိုအပ်ရပါသနည်း? အဖြေသည် ခရစ်တော်၏အလုပ်တွင်ရှိပါသည်။ သူ့အတွက် ဖန်ဆင်းထားသောအရာ ဖြစ်ပါသည် (ကော ၁း၁၆)။ ကောင်းကင်များသည် သူ့ထံတွင် သူ့အားဖြင့် ပြန်လည်သစ်လွင်ကြရပါမည်၊ ထိုသို့ဖြင့် ၎င်းတို့သည် သူ့အတွက်နှင့် သူ့လူများအတွက် နေထိုင်ရန် သင့်တော်လာကြပါမည်။ ပထမကောင်းကင်များသည် ကောင်းကင်တမန်များကျဆုံးခြင်းဖြင့် ထိုကျဆုံးခြင်း၏ သက်ရောက်မှုကို ခံရပါသည်။ မြေကြီးသည် လူသားကျဆုံးမှုဖြင့် ခံရသကဲ့သို့ ဖြစ်ပါသည်။ စာတန်၊ ပထမကောင်းကင်များနှင့်ဆိုင်သော ဖန်ဆင်းခံများ၏ခေါင်းဆောင်သည် သူ၏မြင့်မားသောနေရာမှ ကျဆုံးခဲ့ပါသည်(ဟေရှာ ၁၄း၁၂)။ သူနှင့်အတူ ကောင်းကင်တမန်အများကို ခေါ်ယူသွားပါသည် (ဗျာ ၁၂း၄)။ ထို့ကြောင့် ထိုကောင်းကင်နှင့်ဆိုသောဖန်ဆင်းခြင်းသည် ခရစ်တော်၌ ပြန်လည် နေရာမှန် ရောက်ရပါမည်။

အဘယ့်ကြောင့် မြေကြီးသစ်လိုအပ်ရသနည်း? ပထမအနေနှင့် ဘုရားသခင်သည် သူ၏လက်တို့ဖြင့် လုပ်ထားသည်ကို စွန့်မပစ်သောကြောင့်ဖြစ်ပါသည်။ အပြစ်အတွက် သူဖန်ဆင်းထားသောကမ္ဘာကြီးကို လွှင့်မပစ်ပါ၊ ပစ်မထားပါ။ သို့သော် ထိန်းသိမ်းထားကာ၊ နောက်ဆုံးတွင် နဂိုနေရာ ပြန်လည်ရောက်ရှိစေပါမည်။ ထိုသို့ဖြင့် ခရစ်တော်သည် ဘုန်းတော်ထင်ရှားမည်ဖြစ်သည်။ ကမ္ဘာကြီးကို နဂိုနေရာသို့သာ ပြန်လည်သစ်လွင်စေမည် မဟုတ်ပါ၊ ပို၍မြင့်မားသော ဂုဏ်ကျက်သရေသို့ တိုးမြှင့်မည် ဖြစ်သည်။

ထိုသို့ ပို၍မြင့်မားသော ဂုဏ်ကျက်သရေသို့ ရောက်စေခြင်း၏တစိတ်တပိုင်းသည် ကမ္ဘာသစ်(မြေကြီးသစ်)ကို ကောင်းကင်သစ်နှင့် အတူတကွ ညီညွတ်စေခြင်း ဖြစ်ပါသည်။ ဘုရားသခင်၏တဲတော်သည် ဘုရားသခင်၏ကောင်းကင်ဘုံမှ ဆင်းသက်လာချိန်တွင်ဖြစ်သည် (ဗျာ ၂၁း၁-၂)။ ထိုအသစ်ဖြစ်စေပြီးသော ဖန်ဆင်းခြင်း၏ ကြီးမြတ်သော ဘုန်းကျက်သရေမှာ ဖြောင့်မတ်သူတို့ ထိုနေရာတွင် နေထိုင်ကြခြင်းဖြစ်သည်။ ၎င်းသည် သန့်ရှင်းရမည်၊ အသစ်ဖြစ်ရပါမည်၊ ထိုအခါမှ ဖြောင့်မတ်ခြင်းသည် နေနိုင်ပါမည်။ ထိုသို့ဖြင့် အပြစ်နှင့် အပြစ်၏အလုပ်တို့သည် ဖျက်ဆီးခံရမည်ဖြစ်သည်။ ထိုကောင်းကင်သစ်နှင့်မြေကြီးသစ်တွင် ဆိုးညစ်သောအပြစ်သားများ၏ လက်များဖြင့် တိုးတက်ဖြစ်မြောက်တည်ရှိစေသောအရာများ တခုမှ ကျန်မည်မဟုတ်ပါ။ ထိုနေရာတွင် နေထိုင်ကြမည့် ဖြောင့်မတ်သူများအားလုံးတို့သည် ခရစ်တော်ပိုင်များသာ ဖြစ်ကြပါမည်။ ဖြောင့်မတ်ခြင်းသည်လည်း သူ့အားဖြင့် ကျွန်တော်ရရှိကြသော ဖြောင့်မတ်ခြင်းသာ ဖြစ်ပါမည်။

ထိုအကြောင်းအရာများကို ပြောဆိုကြသောအခါ၊ ကျွန်တော်တို့ ဘာကိုမျှော်လင့်စောင့်စားနေကြသည်ကို သတိရလာစေပါသည်။ အမှန်ပင် အခြားသောအရာများကို ကျွန်တော်တို့သည် ဆုံးရှုံးစေသည်များ၊ မစင်များကဲ့သို့သာ မှတ်ယူ

ကြပါသည် (ဖိ ၃း၈)။ ဤကမ္ဘာကြီးနှင့် ဤကမ္ဘာပေါ်တွင် နေရသောအသက်ရှင်မှုက ပေးနေသော အကြီးမြတ်ဆုံးသော ပျော်စရာများသည်ပင် ထိုအကြောင်းအရာနှင့်နှိုင်းယှဉ်လျှင်၊ အားလုံးသည် ဖွဲနှင့်ဆန်ကွဲများသာဖြစ်ကြပါသည်။ ကောင်းကင်ဘုံသည် မိမိ၏အိမ်ဟု သိနေသူတဦးအတွက် ဤကမ္ဘာမြေကို မည်သည့်အခါတွင်မျှ သူ့အိမ်ဟု သဘောမထားနိုင်တော့ပါ။ ထိုသို့လည်း ဖြစ်သင့်ပါသည် (၂ကော ၅း ၆-၈)။ ထိုသို့ဖြင့် ကျွန်တော်တို့၏မျှော်လင့်ခြင်းများသည် နိုးကြားလာကြပါသည်၊ ကျွန်တော်တို့၏မျက်လုံးများကို အထက်ဖက်သို့ ဖွင့်ထားကြရန် ပြောပြနေပါသည်။ ကျွန်တော်တို့၏ ကယ်လွှတ်ခံရမည်ဖြစ်ခြင်းကတိတော်ကို စောင့်မျှော်ကြရန် တိုက်တွန်းနေပါသည်။ မိမိတို့၏အသက်များကို ဘုရားသခင်နှင့်အတူ ကောင်းကင်အရပ် ခရစ်တော်ထံတွင် ဖွက်ထားသူများကဲ့သို့ အသက်ရှင်ကြရန် တိုက်တွန်းနေပါတော့သည်။

## ကောင်းကင်သစ်နှင့်ဆိုင်သော ဘုန်းကျက်သရေအကြောင်း(Heavenky Glory)

ထာဝရကာလအခြေအနေ၏ ဘုန်းကျက်သရေများနှင့်ပတ်သက်၍ (သို့) ကောင်းကင်ဘုံ ယုံကြည်သူတိုင်း ရောက်ရကြမည့် နေရာနှင့်ပတ်သက်၍ ကျွန်တော်တို့ အထူးပြုချင်သောအချက် နှစ်ချက်ရှိပါသည်။

ပထမအနေနှင့်၊ ကောင်းကင်ဘုံနှင့် ၄င်း၏ဘုန်းကျက်သရေများအကြောင်း ပြောပြနေသော ကျမ်းပိုဒ်များက အသုံးပြုကြသည့် စကားလုံးများသည် အများအားဖြင့် ပုံဆောင်ချက်များသာဖြစ်ကြသည်ကို နားလည်ရပါမည်။ အသက်သရဖူ ဆိုသည့်စကားစုကို ဖတ်ကြရသည့်အခါ၊ ဘုရားသခင့်ဗိမ္မာန်တော်၏တိုင်မကြီးများဖြစ်သည်ဆိုသည်မျိုးကို ဖတ်ကြရသည့်အခါ၊ မိုးသောက်ကြယ်ကို လက်ခံကြရသည်ဆိုသည်မျိုးကို ဖတ်ကြရသည့်အခါ၊ ထိုအရာများတွင် ကောင်းကင်ဘုံ၏ ဂုဏ်ကျက်သရေများ ရှိမနေကြသည်ကို ကျွန်တော်တို့ နားလည်ကြရပါမည်။

မြေကြီးသား မဟုတ်ကြတော့သူများအတွက်၊ ကောင်းကင်တမန်များကဲ့သို့ ဖြစ်သွားကြသူများအတွက် ထိုသို့သောအရာများသည် ဘာတန်ဖိုးမှ ရှိတော့မည်မဟုတ်ပါ (၁ကော ၆း၁၃)။ ဗျာဒိတ်ကျမ်း ၂၁ နှင့် ၂၂ တို့က ထိုအချက်များကိုနားလည်နိုင်ရန် ရှင်းစွာ ပြောပြပါသည်။ ထိုကျမ်းပိုဒ်များတွင် မြို့တော်ကြီးတခုကို ဖော်ပြကြလျှက်၊ ၄င်းသည် ဘုန်းကျက်သရေနှင့်ပြည့်စုံပြီးဖြစ် သောအသင်းတော်ဖြစ်သည်ဟု ရှင်းပြကြပါသည် (၂၁း၉-၁၀)။ ထိုနေရာတွင်ပါသော အသက်ပင်သည် ခရစ်တော်ကိုယ်တိုင်ပင် ဖြစ်သည်ကို ပြောပြကြပါသည် (ဗျာ ၂း၇၊ ၂၂း၂၊ ၁၄)။

ကျမ်းစာက အဘယ့်ကြောင့် ထိုသို့သောပုံဆောင်တင်စားချက်များကို သုံးရသနည်း? အဘယ့်ကြောင့်ဆိုသော် ကောင်းကင်ဘုံနှင့်ဆိုင်သောအရာများသည် "မျက်စိဖြင့် မမြင်ရသေး၊ နားဖြင့်လည်း မကြားရသေး၊ လူ၏နှလုံးသားထဲသို့လည်း မဝင်ရောက်သေး"သောအရာများ ဖြစ်ကြ၍ဖြစ်ပါသည်၊ ထိုအရာများကို ဘုရားသခင်က သူ့ကိုချစ်သောသူများအတွက် ပြင်ဆင်ပေးထားပါသည် (၁ကော ၂း၉)။ နောက်တနည်းနှင့်ပြောရလျှင်၊ ကောင်းကင်ဘုံသည် ဘုန်းကျက်သရေကြီးလွန်းလှသည်၊ အံ့သြစရာ ကောင်းလွန်းလှသည်၊ ထို့ကြောင့် ပုံဆောင်ချက်များ၊ တင်စားချက်များအားဖြင့်သာ ၄င်းတို့ကို ကျွန်တော်တို့ နားလည်နိုင်ကြပါသည်။

ထိုသို့ ကောင်းကင်ဘုံ၏ဘုန်းကျက်သရေသည် ရွှေမဟုတ်၊ ပုလဲမဟုတ်၊ ရတနာပစ္စည်းများမဟုတ်ခဲ့လျှင်၊ မည်သည့်အရာ ဖြစ်မည်နည်း? ဗျာဒိတ်ကျမ်း ၂၁ နှင့် ၂၂ က ထိုမေးခွန်းကို ရှင်းစွာအဖြေပေးပါသည်။ ကောင်းကင်ဘုံ၏ ဘုန်းကျက်သရေသည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်ပါသည်၊ အထူးသဖြင့် ဘုရားသခင်က သူ့ကိုယ်သူ ကျွန်တော်တို့၏ကယ်တင်ရှင် သခင်ယေရှုအားဖြင့် ဖွင့်ပြတော်မူခြင်းဖြစ်ပါသည် (ဗျာ ၄း၁၁)၊ ထိုအရာသည် ကောင်းကင်ဘုံတွင် ဘုရားသခင့်လူများအတွက် တကယ်အသက်ဝင် နေသောအရှိတရား(living reality)ဖြစ်လာပါမည်။

ကျမ်းစာက၊ ဘုရားသခင်နှင့်ခရစ်တော်သည် ထိုမြို့၏၊ ဗိမ္မာန်တော်၏၊ နိုင်ငံသူ/သားများ၏ အလင်းဖြစ်သည်ဟု ပြောပြပါသည် (ဗျာ ၂၁း၂၃-၂၄၊ ၂၂း၅)။ ဘုရားသခင်သည် သူ၏လူများနှင့်အတူတူနေထိုင်ခြင်း၊ သူတို့၏ဘုရားဖြစ်ခြင်းသည် ကောင်းကင်ဘုံ၏ တကယ့်ဂုဏ်ကျက်သရေဖြစ်သည်ဟု ဤကျမ်းပိုဒ်များက ပြောပြကြပါသည် (ဗျာ ၂၁း၃၊ ၂၂း၃-၄)။

ယုံကြည်သူအားလုံးနှင့်အတူနေရခြင်း၊ သေခြင်းမှထမြောက်ကာ ခရစ်တော်နှင့်တူသောပုံသဏ္ဍာန်သို့ ပြောင်းလဲသွားခြင်း၊ မျက်ရည်ရှိသမျှတို့ကို သုတ်ပေးခံရခြင်း၊ အပြစ်ပြုနိုင်ခြေ၊ အပြစ်၏တန်ခိုးစွမ်းအား၊ အပြစ်၏တည်ရှိနေမှုတို့မှ ထာဝရကယ်လွှတ်ခံရခြင်း စသည်တို့သည်လည်း ကောင်းကင်ဘုံ၏ကြည်နူးနှစ်သက်စရာများ၏ အစိတ်အပိုင်းများဖြစ်ကြပါမည်။ သို့သော် ကောင်းကင်ဘုံ၏အကောင်းဆုံးသော ဂုဏ်ကျက်သရေတွင် ထိုအရာတို့မပါသေးပါ။ အကောင်းဆုံးသော ဂုဏ်ကျက်သရေသည် ဘုရားသခင်၏ ရှိနေမှုဖြစ်ပါသည်၊ သူ့ထံတွင် ရှိနေရခြင်းသာဖြစ်ပါသည် (ဆာလံ ၁၆း၁၁၊ ၁၇း၁၅၊၇၃း၂၅)။

ဆိုလိုသည်မှာ ကျွန်တော်တို့အတွက် ကောင်းကင်ဘုံ၏ဂုဏ်ကျက်သရေဆိုသည်မှာ ဘုရားသခင်၏ကျေးဇူးတော်ပဋိညာဉ် လက်တွေ့အကောင်အထည်ပေါ်လာခြင်းဖြစ်ပါသည်။ ထိုပဋိညာဉ်က ဘုရားသခင်သည် အမြဲတမ်း ငါတို့ဘုရားသခင်ဖြစ်သည်၊ ငါတို့သည် ဘုရားသခင့်လူများဖြစ်ကြသည်ဟု ပြောပြနေပါသည်။ ကောင်းကင်ဘုံတွင် ထိုအချက်သည် အမြင့်နိုင်ဆုံးသောဂုဏ်ကျက်သရေသို့ ရောက်မည်ဖြစ်သည်။ ထိုအခါ ဘုရားသခင့်လူများသည် ဘုရားသခင့်ရှေ့တော်မှောက်တွင် နေကြရပါတော့မည်၊ သူ့မျက်နှာကို တွေ့မြင်ကြရမည်၊ သူ့ကို သိကြရတော့မည်၊ သူ့ထံတွင် ထာဝရပျော်ရွှင်စွာ ခံစားကြပါတော့မည်။

ထိုအရာကို ကျွန်တော်တို့ စောင့်နေကြပါသည်။ သို့သော် ယျှချိန်၌ပင် ထိုအရာတို့သည် ကျွန်တော်တို့ထံ တကယ်လက်တွေ့ ခံစားကြရပြီဖြစ်သည်။ ကောင်းကင်ဘုံ၏ဂုဏ်ကျက်သရေကို တကယ်လိုချင်စိတ် မရှိကြသူများက သူတို့လည်း ခံစားကြရပြီဟု ဟန်မဆောင်သင့်ကြပါ။ ဘုရားသခင်နှင့် သူ၏ဘုန်းတော်ကို စိတ်မဝင်စားသူသည် ဘုရားသခင်နှင့်မိတ်ဆွေဖြစ်ရခြင်းကို သဘောမကျနိုင်ပါ၊ စိတ်လည်းမဝင်စားပါ၊ ဘုရားသခင့်မျက်နှာတော်ကို မြင်ရခြင်းသည် အခြားအရာများအားလုံးထက် အရေးကြီးပါသည်ဟု မပြောနိုင်သူသည် ကောင်းကင်ဘုံကိုလည်း စိတ်မဝင်စားနိုင်ပါ။ ထိုသူတို့က ဘာပြောပြော ညာနေကြခြင်းသာဖြစ်ကြပါသည်။

ထို့ကြောင့် ကျွန်တော်တို့ မိမိတို့ကိုယ်ကို ဆန်းစစ်ကြပါမည်။ မိမိတို့ဘဝများကို ဆန်းစစ်ကြပါမည်။ ဘုရားသခင်သည် ကျွန်တော်တို့၏ လိုချင်ဆန္ဒများအားလုံး ဖြစ်ပါသလော၊ ကျွန်တော်တို့၏ အားလုံးသောပျော်ရွှင်မှု ဖြစ်ပါသလောဆိုသည်ကို ဆန်းစစ်ကြရပါမည်။ ထိုအခါ ကျွန်တော်တို့သည် ကောင်းကင်ဘုံ၏ ဂုဏ်ကျက်သရေများအကြောင်းကို သိလာကြယုံသာမကပါ၊ ကျွန်တော်တို့၏နေရာအတွက် သေချာမှု ရလာကြပါမည်၊ ထိုဂုဏ်ကျက်သရေသည် ကျွန်တော်တို့ရမည့် အမွေဖြစ်ကြောင်း သေချာလာကြမည်ဖြစ်ပါသည်။